## *သားရဲလေ့ကျင့်သူ ကောင်းဖန်*

စာစဉ် ၁၁

# *အပိုင်း၁၆၁ အပြန်ခရီး*

လူသားစားတီကောင်သည် ကေရာဇ်အဆင့်သို့အောင်မြင်စွာ တက်ရောက်နိုင်သွားပြီဖြစ်တာကြောင့် တာဝန်လဲပြီးမြောက်သွားပြီဟု စဉ်းစားလို့ရပေသည်။ ဖြစ်စဉ်အလယ်မှာ အယောင်ဆောင်ကေရာဇ်အဆင့်သားရဲတစ်ကောင်ပေါ်

လာခဲ့သော်လည်း နောက်ဆုံးရလဒ်ကတော့ မျှော်လင့်ထားသည့်အတိုင်းသာဖြစ်သွားခဲ့သည်။

ဖြစ်နိုင်တာကတော့.... ဒါကလဲ ချန်းရှယ်ပေား မျှော်လင့်ထားသည့်အတိုင်းအတာအတွင်းမှာပဲဖြစ်သွားခဲ့တာလဲဖြစ်နိုင်သည်။

သွေးမျက်လုံးလင်းတသည် လှုပ်ရှားမှုမရှိတော့သည့် ပင့်ကူမကိုဖမ်းဆုပ်ကာ ပျံသန်းရင်း သစ်တောမှထွက်ခွာသွားခဲ့သည်။

သစ်တောလယ်တွင်တော့ ၁.၉မီတာလောက်ရှိသည့် အနက်ရောင်လူဝံကြီးတစ်ကောင်သည် အနည်းဆုံး၁၀၀မီတာမျှမြင့်သည့် သစ်ပင်ထိပ်သို့တက်သွားခဲ့သည်။ ၎င်းက အစိမ်းရောင်သစ်သီးတစ်လုံးကိုကောက်ယူပြီး ကိုက်ပါစားလို့နေသေးသည်။

စာစဉ် ၁၁

သစ်သီးကိုစားသောက်ပြီးနောက်
အနက်ရောင်လူဝံ၏အမွေးများမှာ
တဖြည်းဖြည်းထောင်ထလာသည်။
အမွေးများ၏ထိပ်တွင်
အစိမ်းရောင်မီးခိုးငွေ့များထွက်ပေါ်လာပြီးနောက်
လေထဲသို့လွင့်ပျံပါသွားခဲ့သည်။

ထိုလူဝံတဖန်ပြန်မပျောက်ကွယ်သေးမီ
သစ်တောအစွန်အဖျားဆီမှ
အားမနည်းလှသည့်သတ္တဝါများ လှုပ်ရှားလာသည်ကို
ရိပ်မိသွားခဲ့သည်။ သို့သော်လည်း
၎င်း၏သစ်တောဘုရင်ဆိုသည့်ရာထူးကို
ဘယ်သူကမှစိတ်မခေါ်ရဲတာကြောင့်
တောနက်ထဲသို့ဝင်ရောက်ဖို့ သတ္တိမရှိနေကြပေ။
လူဝံသည်လဲ အော်ဟစ်ကာ အောင်ပွဲခံနေတော့သည်။

စာစဉ် ၁၁

အနက်ရောင်မီးကျီသစ်တောသခင်သည် သစ်ပင်တစ်ပင်မှကိုင်းပေါ်တွင်လှဲနေကာ မျက်လုံးများကိုမှိတ်ထားပြီး ခြေကိုချိတ်ကာ ပေါ့ပေါ့ပါးပါးလှုပ်ယမ်းရင်း အိပ်ချင်ယောင်ဆောင်နေသည်။ ၎င်း၏စိတ်အခြေအနေကောင်းမွန်နေသည့်ပုံပင်။

ခဏအကြာမှာတော့ သစ်ကိုင်းထက်တွင် စည်းချက်ကျကျ ဟောက်သံများထွက်ပေါ်လာတော့သည်။

....

တောထဲမှထွက်ပြီးနောက် ကောင်းဖန်က ဦးလေးလျိုနှင့်အတူ ချန်ရှယ်ဟောက်တို့အဖွဲ့ကို နှုတ်ဆက်ခဲ့သည်။ အစကသူ့ကို

စာစဉ် ၁၁

ချန်ရှယ်ဟေးပေးမည်ပြောထားသည့် ပစ္စည်းများကိုတော့ ကောင်းဖန်ငြင်းခဲ့သည်။

လွန်ခဲ့သည့်နှစ်ရက်တုန်းက သူလိုအပ်သည့်ပစ္စည်းတစ်စုံတစ်ရာရှိလျှင် အသိပေးဖို့အတွက် ကောင်းဖန်၏အဖိုးက သူ့ကိုပြောထားပေသည်။ သူ့မိခင်ဘက်မှအဖိုးဖြစ်သူက ပေးလာမည်ဆိုမှတော့ ယဉ်ကျေးနေစရာအကြောင်းမရှိပေ။ နောက်မှပဲ ဦးလေးလျိုနှင့်သူ့အဖိုး၏ကိုယ်ပိုင်သားရဲများကို အဆင့်မြှင့်ပေးလိုက်ပေမည်။

တစ်ခုတည်းသောပြဿနာကတော့ လောလောဆယ်တော့ ပစ္စည်းများပို့ရန်အဆင်မပြေသေးတာကြောင့် ယွီကျိုးကိုရောက်အားလုံးကိုလုပ်ဆောင်ရန်

စာစဉ် ၁၁

ကောင်းဖန်တွေးထားသည်။ ဒီတော့မှ သူဘာပစ္စည်းတွေလိုအပ်လဲ သူ့အဖိုးကိုပြောပေတော့မည်။

ဒါရိုက်တာချန်းကိုကူညီပေးတာနဲ့ပတ်သတ်ပြီးတော့ကာ ကျေးဇူးဆပ်သည့်အနေနှင့်သာ ကောင်းဖန်ထားလိုက်ပေတော့မည်။ သူ့ဘက် ဆန္ဒရှိသည်ဖြစ်စေ မရှိခဲ့သည်ဖြစ်စေ အနည်းဆုံးတော့ ဒါရိုက်တာချန်းက သူ့ကိုအမှန်တကယ်ကူညီချင်ခဲ့သည်ကပင် ကောင်းဖန်အတွက် လုံလောက်ပေပြီ။

ဒါနဲ့ဆို ဒါရိုက်တာချန်းအပေါ် အကြွေးတင်နေတာကို ပြန်ဆပ်ဖို့လုံလောက်သင့်ပြီမဟုတ်လား?

စာစဉ် ၁၁

ဒါရိုက်တာချန်းကိုနှုတ်ဆက်ကာ သစ်တောမှထွက်လာပြီးနောက် ကောင်းဖန်နှင့် ဦးလေးလျိုတို့လဲ နေအိမ်သို့ပြန်လာခဲ့ကြသည်။

"ဦးလေးလျို၊ ဦးလေးမှာ ကေရာဇ်အဆင့်ကိုယ်ပိုင်သားရဲရှိတာ ကျွန်တော့်ကိုတစ်ခါမှမပြောဖူးဘူးနော်။" ကောင်းဖန်က ကလေးဆန်ဆန် အနည်းငယ်မကျေနပ်သလိုပုံစံဖြင့် ဦးလေးလျိုကပြောလိုက်သည်။

ဦးလေးလျိုက ကောင်းဖန်ကိုကြည့်ပြီး ရယ်လိုက်ကာ၊ "မင်းလဲတစ်ခါမှမမေးဖူးဘူးလေ။"

ကောင်းဖန်တစ်ယောက် ပြောရမည့်စကားများဆွံ့အသွားတော့သည်။

အကြောင်းမရှိဘဲနဲ့တော့ ဘယ်သူကအဲ့ဒါကိုလိုက်မေးနေမှာလဲလို့?!

စာစဉ် ၁၁

“ဦးလေး၊ ဒီကေရာဇ်အဆင့်သားရဲက ဦးလေးရဲ့ပထမဆုံးကိုယ်ပိုင်သားရဲလား?” ကောင်းဖန် စိတ်ဝင်စားစွာမေးလိုက်သည်။

“မဟုတ်ဘူး၊ ငါ့ရဲ့ပထမဆုံးသားရဲက အရိပ်ဂျဖာလူကာပုတ်သင်ပဲ။” ဦးလေးလျိုက ခေါင်းကိုယမ်းကာပြန်ဖြေခဲ့သည်။

“တကယ်တော့ သွေးမျက်လုံးလင်းတကက ကပ်ဘေးပြီးပြီးချင်း ကျွန်းပေါ်မှာပေါ်လာတဲ့ကောင်ပဲ။ ငါသူ့ကိုကောက်ရတုန်းက တစ်ကိုယ်လုံးသွေးချင်းချင်းရဲပြီး အမွေးတောင်ကျွတ်နေတာ။ နောက် ငါသူ့ကိုအိမ်ပြန်ခေါ်လာပြီး နေ့တိုင်းအစာမှန်မှန်ကျွေးတာနဲ့ အတော်ကြာတော့ သူ့ဘက်ကဆန္ဒအလျောက် ငါနဲ့သွေးစာချုပ်ချုပ်ခဲ့တာ။”

စာစဉ် ၁၁

ခဏရပ်သွားပြီးကာမှ ဦးလေးလျိုဆက်ပြောလာသည်။ "တကယ်တော့ သူကအရမ်းကြီးအရည်အချင်းရှိလွန်းတာမဟုတ်ပါဘူး။ လူအိုကြီးကျီက အရင်က သူ့ကိုစမ်းသပ်ပေးခဲ့ဖူးတယ်…" ဦးလေးလျိုပြောနေရင်း သူ့အသံကရုတ်တရက်တိုးသွားခဲ့သည်။

သူတို့ပတ်ဝန်းကျင်က လွန်စွာကျယ်ဝန်းကာ ကိုယ်ပိုင်သားရဲအနည်းငယ်ကလွဲ၍ တခြားဘယ်သူမှရှိမနေပေ။

ဦးလေးလျိုခဏရပ်သွားကာ ကောင်းဖန်ထံမှ အလွန်အံ့သြသွားသည့်တုံ့ပြန်မှုမျိုးမရသည်ကို မြင်လိုက်ရသဖြင့် ဦးလေးလျို နေရခက်စွာ ချောင်းဟန့်လိုက်သည်။ "ငါတို့ပြန်လာပြီးနောက်တော့

ကိုယ်ပိုင်သားရဲတွေရဲ့အရည်အချင်းကိုတိုင်းတာနိုင်တဲ့ အဖိုးကြီးကျီကိုငါတို့ရခဲ့တယ်။”

ကောင်းဖန် ဒီတစ်ခါက်တော့ ထိတ်လန့်သွားခဲ့သည်။ အဖိုးကလဲ သူ့လိုပဲဒေတာဇယားကိုမြင်နိုင်နေတာလား?

ကောင်းဖန် အတော်ကြာ တုံ့ဆိုင်းနေပြီးနောက် မေးလိုက်သည်။ “အဖိုးက ဘယ်လိုလုပ်.... တိုင်းတာနိုင်တာလဲ?”

“သူ့အတွက် ပစ္စည်းတချို့ပြင်ဆင်ဖို့တော့လိုတာပေါ့။ ကိုယ်ပိုင်သားရဲတွေနဲ့ သားရဲရိုင်းတွေအားလုံးကို တိုင်းတာနိုင်တယ်လေ။ စိတ်မပူပါနဲ့၊ အဲ့ဒါက မင်းရဲ့သားရဲကိုမနာကျင်စေပါဘူး။” ဦးလေးလျိုက အာမခံလိုက်သည်။

စာစဉ် ၁၁

ကောင်းဖန် ခေါင်းသာညိတ်လိုက်တော့သည်။ ကြည့်ရတာ အဖိုးမှာ စွမ်းရည်ကိုတိုင်းတာဖို့တခြားနည်းလမ်းတစ်ခုခုရှိတာနဲ့တူတယ်။

“ဒါပေမယ့် သူ့မှာမြင့်မားလွန်းတဲ့အရည်အချင်းမျိုးမရှိရင်တောင်မှ အဆင်ပြေပါတယ်!” ဦးလေးလျိုက ညာလက်မြှောက်လာကာ ကောင်းဖန်၏ပုခုံးကိုပုတ်ပေးလိုက်သည်။ “သွေးမျက်လုံးလင်းတက အရည်အချင်းအရမ်းမရှိပေမယ့်လဲ ကေရာဇ်အဆင့်ကိုရောက်နိုင်သေးတာပဲကို။”

“အဲ့တာဘယ်လိုလုပ်လိုက်တာလဲ?”

“လေ့ကျင့်တာ”

စာစဉ် ၁၁

“လေ့ကျင့်တာလား?”

“အလေးမတဲ့လေ့ကျင့်ခန်းအမျိုးမျိုးလေ၊ ခန္ဓာကိုယ်မှာရှိတဲ့ကြွက်သားတိုင်းကို လေ့ကျင့်တာ၊ လူတစ်ယောက်ရဲ့ကန့်သတ်ချက်ထက် ထပ်တလဲလဲချိုးတာ၊ ဘယ်လိုဘဲဖြစ်ဖြစ်, အဲ့လိုလေ့ကျင့်တာတွေကသူ့ကန့်သတ်ချက်ကိုရောက်သွ ားပုံရတယ်, သူကအရင်ကတည်းကသန်မာနေပြီလေ”, ဦးလေးလျိုကလွမ်းဆွတ်သတိရ နေသည်၊

ကောင်းဖန်ကရုတ်တရက် လက်သီးထိုးတဲ့လူဝံကိုသတိရသွားသည်၊ သူတို့နှစ်ကောင် ကခြားနားသော်လည်း သူတို့ကနည်းလမ်းတစ်ခုတည်းဖြင့် ကြီးပြင်းလာတာဖြစ်သည်၊

## စာစဉ် ၁၁

အကယ်၍ ကပ်ဆိုးကြီးမတိုင်ခင်ကဖြစ်လျှင်, စစ်မှန်သောကြွက်သားလေ့ကျင့်မှုက ဒီလိုကြောက်စရာကောင်းတဲ့ခာတုတုန့်ပြန်မှုမျိုးကိုမည်သည့်အခါမှ ဖြစ်ပေါ်စေမည် မဟုတ်ပေ၊ သို့သော်ကပ်ဆိုးကြီးပြီးနောက် ကမ္ဘာ၏စည်းမျဉ်းများပြောင်းလဲသွားသည်၊

ကောင်းဖန်သည်သွေးမျက်လုံးလင်းတအတွက်ခွန်အားနှင့်စွမ်းအားမြှင့်တင်ရန်အတွက် ရှိတယ်ဆိုတာရုတ်တရက်သတိရသွားသည်၊ အကယ်၍ငင်းက ထိုလမ်းကိုရွေးလျှင်, သူ့ရဲ့နောက်ဆုံးဆင့်ကဲဖြစ်စဉ်မှာဖြစ်နိုင်တာက နတ်ဆိုးခွန်အားငှက်? ကောင်းဖန်၏ စိတ်ထဲတွင်လှုံဆော်မှုများဖြတ်ပြေးနေသည်၊

စာစဉ် ၁၁

သူ၏သားရဲများကိုပြန်ကြည့်လိုက်သည်၊ ထိုတိုက်ပွဲတွင်, တာ့ဇီ, ဖလိမ်မီနှင့်အစင်းလေး သည် ဇာတ်ပို့လေးများသာဖြစ်သည်၊

ဘယ်လိုဘဲဖြစ်ဖြစ်, တိုက်ပွဲရဲ့အဆင့်ကသူတို့စွမ်းရည်နှင့်လုပ်နိုင်စွမ်းကိုကျေ ာ်လွန်နေ သည်၊

…

လမ်းပေါ်တွင်တော့, သားရဲအမဲလိုက်အဖွဲ့က မြို့ထဲသို့ပြန်ဝင်လာကြသည်၊ သားရဲပေါင်းများစွာနှင့်သားရဲအချို့၏အလောင်းများသ ည် ကုန်တင်ကားကွန်တိန်နာ ထဲတွင်ရှိသည်၊ သူတို့ဒီလိုတစ်ပုံတပင်ကြီးရတာက လွန်ခဲ့တဲ့နှစ်ရက်ကဖြစ်သည်၊

## စာစဉ် ၁၁

ထိုသားရဲတွေကအန္တရာယ်ရှိသောအုပ်ချုပ်သူအဆင့်သားရဲတွေနှင့် တော၏အစွန်ပိုင်းတွင်ပက်ပင်းတွေ့ဆုံပြီးလက်တွေ့စမ်းသပ်မှုပြုခဲ့ကြသည်၊

သူတို့က သာမန်အဆင့်အတန်းသားရဲတွေနဲ့ ရံဖန်ရံခါအထူးအဆင့်သားရဲများ ကိုရယူခြင်း(သို့မဟုတ်) ဆေးပင်များကိုခိုးထုတ်ကာ နောက်မှရောင်းချကြသည်၊ လုပ်ငန်းစဉ်တွင်သူတို့ကဂရုစိုက်ပြီး ၎င်းတို့၏အကျွမ်းတဝင်များပြင်းထန်စွာဒဏ်ရာရစေခြင်းကိုရှောင်ကြဥ်ကြသည်၊ မဟုတ်လျှင်ကုသစရိတ်ကအရမ်းကြီးသည်၊

အကယ်၍သူတို့က အုပ်ချုပ်သူအဆင့်သားရဲတွေနှင့်တွေ့ဆုံခဲ့ရင်တော့သူတို့ကံဆိုး တာပေါ့၊ သူတို့ကတော့ အဲ့ဒီသားရဲတွေဗိုက်ပြည့်နေပါစေလို့ဘဲ မျှော်လင့်ရသည်၊

စာစဉ် ၁၁

ၾငင်းတို့၏အမဲလိုက်၍သယ်ယူရောင်းချခြင်းမှရရှိသေ
ာ
ငွေများကိုသားရဲအမဲလိုက်အဖွဲ့မှအဖွဲ့ဝင်များအားလုံးထံ
ညီတူမျှတူခွဲဝေပေးသည်၊အိမ်သူအိမ်သားများအတွက်
ငွေပမာဏနှုတ်ယူထားပြီး,
ကျန်ရှိသည်များကိုသူတို့၏သားရဲများမြှင့်တင်ရန်နှင့်
ထိန်းကျောင်းဖို့အတွက်သုံးသည်၊ ဒီလိုမှမဟုတ်ရင်,
သူတို့ရဲ့သားရဲတွေကိုဆင့်ကဲ
ဖြစ်စဉ်အရှိန်မြှင့်ဖို့အတွက်ကျဆုံးခဲ့လျှင်,
သူတို့ကသားရဲတွေကိုအမဲလိုက်ဖို့အတွက်
ကြာကြာသွားနိုင်မည်မဟုတ်ပေ,
သူတို့ကသားရဲတွေကိုအစာအဖြစ်သာစားရလိမ့်မည်၊

စာစဥ် ၁၁

ဒါက ယခုကမ္ဘာတွင်အများစုသားရဲလေ့ကျင့်သူများ၏ စားဝတ်နေရေးပုံစံဖြစ်သည်။

“ဒါပေမယ့်, ဒီနေ့ယူလာတာတွေကတော့,အရမ်းကောင်းမှာသေချာ တယ်–မွေးလာတဲ့ အစင်းဝါမီးခိုးရောင်ဝံပုလွေသိုက်လေးတစ်ခုလုံးဘဲ၊ ငါတို့ဒီတစ်ကြိမ်သူတို့ကိုရောင်း လိုက်တာနဲ့ ငါ့ကလေးအတွက် နောက်စာသင်နှစ်အတွက်ကျူရှင်တက်လို့ရပြီ၊” မျက်နှာချောင်ကျကျနှင့်လူ ကျယ်လောင်စွာဖြင့်ပြောလိုက်သည်၊

“ဟေး, လူအိုကြီးဟောင်, ခင်ဗျားကလေးကာဂနှစ်ပြည့်လုနီးနီးမလား?

စာစဉ် ၁၁

ခင်ဗျားသူ့ကို
ဘယ်လိုသားရဲပေးမယ်ဆိုတာစဉ်းစားပြီးပြီလား?”

ကားနောက်ဘက်မှတိတ်ဆိတ်စွာနေသည့်သူ၏မျက်နှာသည် သူ့သားဖို့အတွက်
ယူလာဖို့ပြောတဲ့အခါနွေးထွေးသွားသည်၊ “ငါက
သူဌေးလျိုနဲ့သဘောတူညီမှုလုပ်ပြီး သား၊
သူကလူသားစားတီကောင်ပေါက်လေးကိုငါ့အတွက်ချန်
ထားပေးမယ်လို့ သဘောတူထားတယ်”

“လူသားစားတီကောင်, အာ?
အင်းတီကောင်ကလည်းကောင်းပါတယ်၊ အဲ့တာက
မြေကြီးထဲမှာပုန်းနေဖို့အတွက်အဆင်ပြေတယ်၊
သူတို့ကသားရဲတွေကိုဖမ်းတာမှာ
တော်တော်အဆင်ပြေတယ်” ညာဘက်တွင်ထိုင်နေသော
ယောကျာ်းတစ်ဦးကပြော လိုက်သည်၊

စာစဉ် ၁၁

သူကကားထဲကလူများတိတ်ဆိတ်သွားသည်ကိုသတိထားမိသွားသည်၊ "ဘာလို့မင်းတို့စကားမပြောကြတော့တာလဲ?"

"ဟိုကိုကြည့်လိုက်....အဲ့တာဘာလဲ?" လူအိုကြီးဟောင်ကဆင်ခြေဖုံးလမ်းဘေးဘက်ရှိသေးငယ်တဲ့ဗီလာကိုညွှန်ပြလိုက် သည်၊

"ဒါကဗီလာဘဲ မဟုတ်ဘူးလား? ဗီလာကိုမမြင်ဘူးလို့လား?"

လူအိုကြီးဟောင်အနားကလူ၏အသံကရုတ်တရက်အေးခဲသွားတော့သည်၊ ထို့နောက်, ရှေ့မြက်ခင်းပေါ်ရှိကြီးမားသောသားရဲနှစ်ကောင်ကိုစိုက်ကြည့်လိုက်သည်၊

စာစဉ် ၁၁

ကြီးမားသောပင့်ကူ၏ခန္ဓာကိုယ်ကအချင်းနှစ်ဆယ်( ဒါမှမဟုတ်) သုံးဆယ်မီတာ လောက်ရှိမည်ဖြစ်သည်၊ ထိုအချိန်တွင်၎င်းကမြက်ခင်းပေါ်၌လှဲချလိုက်ပြီး ပြီးပြည့်စုံမှုမရှိသောရောင်ခြည်စက်ဝန်းက ၎င်း၏ခန္ဓာကိုယ်အောက်သို့ဖြေးဖြေးချင်းလှည့်ပတ်လာသည်၊

၎င်း၏အပေါ်တွင်တော့,

ကြီးမားသော၄က်တစ်ကောင်ကရပ်နေသည်၊

ထို၄က်၏

ခြေထောက်အောက်တွင်ရောင်ခြည်စက်ဝန်းကလှည့်ပတ်နေပြီး, ၎င်းကခိုင်မာစွာဖြင့်

ပင့်ကူကိုဖိနှိပ်ထားသည်။

ဒါပေမယ့် ပင့်ကူတစ်ကောင်နဲ့တင်

သူတို့အဖွဲ့သြဖို့လုံလောက်နေပြီဖြစ်သည်၊

စာစဥ် ၁၁

“အဲ့..အဲ့တာကေရာဇ်?!”

ကားထဲတွင်ရှိသောလူများအားလုံး အေးခဲသွားတော့သည်၊

***

စာစဉ် ၁၁

## *အပိုင်း၁၆၂ ဝက်နံ့ရှိုးစွပ်ပြုပ်*

ဒီလိုမြို့ဆင်ခြေဖုံးမှာ ဘာလို့ကြေရာဇ်အဆင့်သားရဲတွေရှိနေရတာလဲ?

အားလုံးကအေးခဲတောင့်တင်းနေကြသည်၊ ယာဉ်မောင်းနေသူကစတီယာကိုပင် တင်းတင်းကျပ်ကျပ်မကိုင်နိုင်တော့ပေ၊

ထရပ်ကား၏နောက်ထဲရှိသားရဲများသည်ခိုက်ခိုက်တုန်နေပြီး ကွန်တိန်နာ၏ ထောင့်စွန်းတွင်ပုန်းနေတာက ၎င်းတို့၏လုံခြုံမှုကိုခံစားရစေသည်၊

သားရဲများက လေ့ကျင့်ပေးသူများထက်ပိုပြီးအထိမခံနိုင်ဖြစ်ကာ, အာရုံခံစားနိုင်ကြ သည်၊

စာစဥ် ၁၁

ကေရာဇ်အဆင့်သားရဲနှစ်ကောင်နှင့်နီးကပ်လာသောအခ
ါ, သေစေနိုင်သော ခြိမ်းခြောက်နိုင်သည့်ခံစားချက်က
သားရဲတွေကိုမူးမေ့သွားလုနီးပါးဖြစ်စေသည်၊

ဆင်ခြေဖုံးလမ်းနေရာသည်ပြန့်ပြူးညီညာသည်,
အကယ်၍မောင်းသူက စတီယာကို
တင်းကြပ်စွာကိုင်မထားလျှင်တောင်,
သူတို့ကကားကပျက်စီးမည်မဟုတ်ပေ၊

ထရပ်ကားကဝေးဝေးကိုမောင်းလာသည်နှင့်အမျှ
ယာဥ်ပေါ်တွင်လေးလံသောဖိအားသည်
တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သည်၊
ကားမောင်းသူသည်သူ့ကိုယ်သူပြန်လည်
ထိန်းချုပ်နိုင်လိုက်ပြီးနောက်
ထိတ်လန့်တကြားဖြစ်နေကာတိတ်ဆိတ်နေသည်၊

လူတိုင်းတိတ်ဆိတ်နေခဲ့သည်၊

စာစဉ် ၁၁

သူတို့က
အစောပိုင်းကပြောနေသောစကားများသည်အဓိပ္ပါယ်မရှိ
သလိုပင် ခံစားလိုက်ရသည်၊

ထိုအချိန်၌ကောင်းဖန်နှင့်တခြားသူများဗီလာကိုပြန်
ရောက်တော့ ည၇နာရီခွဲ နေပြီဖြစ်ပြီး,
ကောင်းကင်ကလည်းမှောင်မဲနေပြီဖြစ်သည်၊
ဗီလာ၏ရှေ့တွင်
ဒေါင်လိုက်မီးတိုင်များမှအဖြူရောင်အလင်းတန်းများလင်
းနေသည်၊
အလင်းရောင်ထဲတွင်သွေးများစွန်းထင်နေသောပင့်ကူမ
ကိုမြင်နိုင်သည်၊

ဦးလေးလျို,
သွေးမျက်လုံးလင်းတကိုပေးခဲ့သောတာဝန်မှာ
ပင့်ကူမကိုစောင့်ကြပ်ရန်

စာစဉ် ၁၁

နှင့်၎င်း၏ဒဏ်ရာများကိုပြန်လည်ကုသခြင်းမှတားဆီးရန်ဖြစ်သည်၊

ထို့ကြောင့်, သွေးမျက်လုံးလင်းတအသုံးပြုသောနည်းလမ်းမှာစားရန်ဖြစ်သည်!

အကယ်၍ပင့်ကူက အချို့သောအကြောများပြန်လည်ကြီးထွားလာလျှင်, လင်းတက ထိုအကြောများကိုစားသည်၊ သွေးမျက်လုံးလင်းတသည် ဗိုက်ပြည့်လုနီးနီးဖြစ်နေပြီဖြစ်သည်၊ ၎င်းကပျင်းရိစွာဖြင့် ပင့်ကူမ၏ကျောပေါ်တွင်လှဲနေလိုက်သည်၊

သေချာတာပေါ့, ကောင်းဖန်နှင့်အဖွဲ့ကတော့ ထိုအကြောင်းကိုဘာမှမသိပေ၊ သူတို့အတွက်ကတော့, ပင့်ကူမသည်ပင်ပန်းနွမ်းနွယ်နေပုံရသည်၊

အာမခံဖို့အတွက်

ကတော့ကောင်းဖန်သည်ပင့်ကူမ၏အချက်အလက်များ

ကို မီတာ၅ဂအကွာမှစစ်ဆေး နေသည်၊

ထောင့်ကွင်းတွေထဲကအခြေအနေပေါ်တွင်တော့

၎င်းကပင့်ကူမကို

ပြင်းထန်သောဒဏ်ရာ(မသန်စွမ်းအားနည်း)

ဟူ၍ပြနေသည်၊

တခြားသောစွမ်းရည်များကတော့သိပ်မပြောင်းလဲေ

ေ, ပြီးတော့ကောင်းဖန်က

အဆင့်တိုးမြှင့်မှုများအပေါ်တွင်ရွေးချယ်စရာရှိလားဆိုတ

ာကိုဂရုစိုက်ကြည့်လိုက်သည်၊ ထို့နောက်,

၎င်းကကေရာဇ်တစ်ပိုင်းသာဖြစ်တာကြောင့်

၎င်းသည်ကေရာဇ်အဆင့်

ဖြစ်ရန်အတွက်ခြေတစ်လှမ်းသာလိုအပ်သည်၊

## စာစဉ် ၁၁

အဆင့်အတန်းတိုးမြှင့်မှုအကွက်ထဲတွင်, တစ်နည်းတည်းသာရွေးချယ်စရာရှိသည်၊ ဆိုလိုသည်မှာ ၎င်းကတိုးမြှင့်သည့်အခါတွင်ရွေးချယ်စရာတစ်ခုတည်းသာရှိသည်၊

ကောင်းဖန်ကအနည်းငယ်စိတ်ပျက်သွားသည်၊ ဒါကဖြစ်နိုင်ချေသိသိသာသာပမာဏ ဆုံးရှုံးသွားပြီလို့ဆိုလိုတာဖြစ်ကောင်းဖြစ်နိုင်သည်၊ ထို့ကြောင့်,သူ၏ဆင့်ကဲဖြစ်စဉ် လမ်းကြောင်းက ချို့တဲ့နေတာဖြစ်သည်၊

[မကောင်းဆိုးဝါးအမည်]-

ကြောက်မက်ဖွယ်ပင့်ကူမ(ဧကရာဇ်တစ်ပိုင်း)

[ဧကရာဇ်အဆင့်သို့မြှင့်တင်ရန်]-ပြီးပြည့်စုံကျောက်တုံးတစ်ကျင်း(0.5kg), မြေကြီးအဆီအနှစ်,

စာစဉ် ၁၁

မြေထဲတွင်စီးဆင်နေသောရိုးတွင်းခြင်ဆီသွေးရည်ကြည်
။

သူအရင်ကမြေထဲတွင်စီးဆင်းနေသောရိုးတွင်းခြင်ဆီသွေးရည်ကြည်ကိုကြားဖူးသည်, ဒါပေမယ့်အခြားသောပါဝင်ပစ္စည်းနှစ်ခုကတော့,
လုံးဝကိုသူ့အတွက်တော့ အထူးအဆန်းဖြစ်သည်!
ကြည့်ရတာအဲ့တာတွေကိုရဖို့အတွက်
ကံကောင်းမှုပေါ်မှာဘဲ အားလုံးမူတည်နေသည်၊

သူကသူ၏မြင်ကွင်းထဲတွင်ပါဝင်ပစ္စည်းများဝင်လာသရွေ့ ၎င်းတို့ကိုခွဲခြားနိုင်သည်, ဒါပေမယ့်ပြဿနာကထိုပါဝင်ပစ္စည်းများကသူ့အမြင်ထဲမှာပေါ်လာမှသာဖြစ်သည်၊

စာစဉ် ၁၁

ဘယ်လိုလူမျိုးက
ဒီလိုမျိုးမထင်ရှားတဲ့ပါဝင်ပစ္စည်းတွေကို
ဘယ်မှာသွားရှာရမှန် ဘလိုလုပ်သိမှာလဲ?

အကယ်၍သူကထိုပါဝင်ပစ္စည်းများကိုမရှာနိုင်ပါက,
ဒီကြောက်မက်ဖွယ်ပင့်ကူမ၏
အဆင့်သည်အမြဲတမ်းအဆင့်၄၇.၅တွင်သာရှိနေမှာဖြစ်ပြီ
း, ၎င်း၏စွမ်းရည်သည်လက်ရှိ
တန်ဖိုးကိုပြောင်းလဲပြစ်လိမ့်မည်၊
အချိန်ကြာသွားတာနှင့်အမျှ, ၎င်း၏တန်ဖိုးသည်
တဖြည်းဖြည်းလျော့နည်းသွားလိမ့်မည်၊

ဘယ်လိုဘဲဖြစ်ဖြစ်,၎င်းက
ဧကရာဇ်တစ်ပိုင်းသားရဲဖြစ်နေဆဲဖြစ်ပြီး,
ဧကရာဇ်အဆင့်

စာစဉ် ၁၁

သားရဲမှလွဲ၍သူ့တွင်ပြိုင်ဘက်မရှိသလောက်ပင်ဖြစ်လိမ့်မည်၊

“ဦးလေးလျို, ဒီပင့်ကူမကိုလိုချင်လား?” ကောင်းဖန်ကမေးလိုက်သည်၊

ဦးလေးလျိုကကောင်းဖန်ကိုပင့်ကူအားလက်ဆောင်ပေးမည်ဟုပြောခဲ့ပေမယ့် ကောင်းဖန်ကသူ၏ထင်မြင်ချက်ကိုမေးချင်နေတုန်းပင်၊

“ဘာလို့ပင့်ကူကိုလိုချင်ရမှာလဲ? သူကအရမ်းရုပ်ဆိုးတယ်” ဦးလေးလျိုကခေါင်းယမ်းကာပြောလိုက်သည်၊

သူစကားပြောပြီးနောက်တွင်, ဦးလေးလျိုသည်အစင်းလေးကသူ့ကိုကြည့်နေသည်ကိုသတိပြုမိလိုက်သည်၊ ဦးလေးလျိုကခဏလောက်ရပ်သွားပြီး

စာစဉ် ၁၁

အစင်းလေးကိုပြောလိုက်သည်,

“သေချာပေါက်မင်းကိုပြောတာမဟုတ်ဘူးပေါ့,

ငါကပင့်ကူမအကြောင်းပြော တာ”

အစင်းလေး; “…”

အစင်းလေးက

အိမ်ထဲသို့တိတ်ဆိတ်စွာဖြင့်ဝင်သွားတော့သည်၊

၎င်းကသူ၏

လက်ချောင်းများကိုသုံး၍တံခါးကိုတွန်းဖွင့်လိုက်ပြီး,

ကြမ်းပြင်ကမှန်တစ်ခုရှေ့သို့ လျှောက်သွားပြီး

သူ့ကိုယ်သူလေ့လာကြည့်နေသည်၊ တစ်ခါတစ်ရံ

၎င်းကသူ၏

လက်ချောင်းများကိုသုံး၍မျက်နှာကိုပွတ်လိုက်သေးသည်

၊ အဆုံးမှာတော့, ၎င်းက

ကျေနပ်စွာဖြင့်ပင်လှည့်ထွက်သွားတော့သည်၊

စာစဉ် ၁၁

“ဒါဆိုကျွန်တော်အဘိုးကို
လက်ဆောင်အဖြစ်ပေးလိုက်မယ်”
ကောင်းဖန်ကသူ့ခေါင်းကို ကုတ်လိုက်သည်၊
အကယ်၍အဘိုးကတောင်မှမလိုချင်ရင်တော့,
ဒီပင့်ကူမကိုစမ်းသပ်
တဲ့အရာအနေနဲ့ဘဲလုပ်နိုင်လိမ့်မည်၊ ဒါမှမဟုတ်
အရည်အသွေးမြင့်အစားအစာအဖြစ်
သိုလှောင်ထားရမလား?

ညနေခင်းမှာတော့, ကောင်းဖန်က
မီးဖိုချောင်ထဲတွင်ဟင်းချက်ရင်းအလုပ်များနေ သည်၊

သူကရေခဲသေတ္တာကိုဖွင့်ကြည့်လိုက်သည်၊
များစွာသောအသီးအရွက်နှင့်အသားများ ရှိသည်,
ဒါပေမယ့် ဘာအရိုးမှမရှိနေပေ။ တာ့ဇီက
ကလေးဆန်စွာဖြင့်ရောက်လာပြီး, သူ၏

စာစဉ် ၁၁

အမြီးနှင့်ခေါင်းကိုမြှောက်ကာ
သူ၏သခင်ကိုငေးကြည့်နေသည်၊ ကောင်းဖန်က ထိုငတိ
ကိုသတိထားမိပြီး
လှည့်လိုက်တော့,တာ့ဇီကသူ့ကိုသနားစရာကောင်းသော
အကြည့် ဖြင့်ကြည့်နေသည်၊

“ဘာဖြစ်တာလဲ?”

“စားမယ်,
ဝက်နံ့ရိုးစားမယ်!”တာ့ဇီကစိတ်လှုပ်ရှားစွာဖြင့်
သူ၏လက်ချောင်းများကို ယမ်းလိုက်သည်၊

“ဒီမှာဘာဝက်နံ့ရိုးမှမရှိဘူး”
ကောင်းဖန်ကကူကယ်ရာမဲ့စွာဖြင့်ပြောလိုက်သည်၊

“စားမယ်၊ စားမယ်!” တာ့ဇီကလက်မလျှော့ပေ၊
၎င်းကစိုးရိမ်လျက်စလှည့်ပတ်နေပြီး,
ခရမ်းရောင်ဒိုးနတ်လိုမျိုးပြုလုပ်နေသည်၊

စာစဉ် ၁၁

“ဘယ်လိုလဲ? ငါကလေထဲကနေဝက်နံ့ရိုးကိုဖန်တီးလို့ရတယ်များမှတ်ေ ေလား?” ကောင်းဖန်ကပြောလိုက်သည်၊

“တာ့ဇီကအရမ်းဝမ်းနည်းသွားသည်၊ ၎င်း၏ဦးမျှင်နှစ်ချောင်းကအားနည်းစွာဖြင့် ငိုက်စိုက်ကျသွားတော့သည်၊

ရုတ်တရက်, တာ့ဇီကတစ်ခုကိုတွေးမိလိုက်သည်၊ ၎င်းကခိုးကြောင်ခိုးဝှက်ဖြင့် သတိမထားမိသောဒမ်ဘီဆီကိုကြည့်လိုက်သည်…

တာ့ဇီ၏လှုပ်ရှားမှုကကောင်းဖန်ကိုဆွဲဆောင်မိသွား သည်, “မင်းဘာကိုကြည့်နေတာတုန်း?”

ကောင်းဖန်ကတာ့ဇီကြည့်နေသည့်ဦးတည်ရာဘက် ကိုကြည့်လိုက်သည်၊ ဘာကိုမှ သတိမထားမိဘဲ တီဗွီကြည့်ရင်းဆိုဖာပေါ်တွင်ထိုင်နေသောဒမ်ဘီကိုတွေ့

စာစဥ် ၁၁

လိုက်သောအခါ

သူ၏လက်လှုပ်ရှားမှုများနှေးကွေးသွားသည်၊

အပြာရောင်မီးတောက်သည်

ဦးခေါင်းခွံပေါ်တွင်တိတ်ဆိတ်စွာဖြင့်လောင်ကျွမ်းနေသည်၊

ထို့နောက်ကောင်းဖန်ကခေါင်းငုံ့ပြီးတာ့ဇီကိုသာကြည့်နေလိုက်သည်၊ လူတစ်ယောက် နှင့်သားရဲတစ်ကောင်, ထူးဆန်းသောခံစားမှုများကသူတို့မျက်လုံးများထဲတွင်ပြည့် နေသည်၊

...

“ဒီကိုလာဦး၊ ဒမ်ဘီ, ဒီကိုလာဦး”

ကောင်းဖန်ကမီးဖိုချောင်ထဲမှအော်လိုက်သည်၊

မီးဖိုချောင်မှာကြီးမားသောဒယ်အိုးကြီးတစ်လုံးရှိသည်၊ ဆူပွက်နေသောရေများက အိုးထဲတွင်ပြည့်နေပြီး,

စာစဉ် ၁၁

ထိုရေထဲတွင်တော့ကြက်သွန်, ဂျင်း, ကြက်သွန်ဖြူ, ဝံပုလွေဘယ်ရီ, စမြိတ်နှင့်အခြားသောအရာများပါဝင်သည်၊

ဒါကသခင်သူ့အတွက်ပြင်ဆင်ပေးထားတာလား? ဒမ်ဘီကအနည်းငယ်စိတ်လှုပ်ရှား သွားပြီး, အနည်းငယ်လောက်ကျေးဇူးတင်မိသည်၊ ငါကအရိုးစုတစ်ခုဖြစ်ပြီး, ဘာအစာမှစားလို့မရပေမယ့်, သခင်ကသူ့ကိုမမေ့ဘူးဘဲ!

“ဒမ်ဘီ,ဒီကိုလာ၊ ငါမင်းလက်ကိုဆေးဖို့ကူညီပေးမယ်”ကောင်းဖန်ကဒမ်ဘီကို လက်ဆေးကန်ဆီသို့ခေါ်လိုက်သည်၊ သူကဒမ်ဘီ၏အရိုးတွေကိုငြင်သာစွာပွတ်လိုက် ပြီး, ၎င်းတို့ထံမှအညစ်အကြေးများကိုသန့်ရှင်းလိုက်သည်၊ ခဲငွေရောင်ရှိသော အရိုးများက တောက်ပနေသည်၊

စာစဉ် ၁၁

ဒမ်ဘီကဒီမြင်ကွင်းကိုတိတ်ဆိတ်စွာနှင့်ကြည့်နေသည်၊ သူ၏နှလုံးသားထဲတွင် နွေးထွေးသွားသည်၊ ပြီးတော့, သူ၏အရိုးများကအေးစက်နေပြီး ၎င်း၏ဝိညာဉ်မီးတောက်တွင် အပူချိန်မရှိပေမယ့်, သူ၏စိတ်ထဲတွင်တော့တောက်လောင်နေပြီ ဖြစ်သည်၊

သခင်ကအလေးအနက်ထားတဲ့အချိန်ဆိုအရမ်းမိုက်တာဘဲ!

ဒမ်ဘီကသူ၏စိတ်ထဲတွင်ကျိန်ပြောလိုက်သည်,သခင်, ငါသေချာပေါက်ကို ကာကွယ်ပေးမှာပါ...အာ? သခင်ဘာလို့ငါ့ကိုဆွဲသွားတာလဲ?

ဒမ်ဘီကဘာလို့သခင်ကသူ့ကိုအိုးနားခေါ်သွားလဲဆိုတာ နားမလည်နိုင်ဖြစ်နေသည်၊

"ဒမ်ဘီ,ဒီကိုလာပြီး ရေရဲ့အပူချိန်ကိုစမ်းကြည့်ပါဦး" ကောင်းဖန်ကဒမ်ဘီကိုပြောလိုက် သည်၊

စာစဉ် ၁၁

ဒမ်ဘီကခေါင်းညိတ်လိုက်ပြီး သူ၏လက်အစုံကိုတုံ့ဆိုင်းမှုမရှိဘဲအိုးထဲသို့ထည့်လိုက်သည်၊ တစ်ချိန်တည်းမှာပင် ကောင်းဖန်ကဒမ်ဘီကိုစိတ်အားထက်သန်စွာဖြင့်ကြည့်နေသည်၊ ဒမ်ဘီက တစ်ခုခုဖြစ်သောပုံစံကိုပြခဲ့လျှင် သူကဒမ်ဘီ၏လက်ကိုချက်ချင်း မတင်လိုက်မည်ဖြစ်သည်၊

သို့သော်, ထိုမျှအဆင့်တွင်ရှိသောအပူချိန်သည် ဒမ်ဘီအတွက်ဘာမှဖြစ်ပုံမရသောကြောင့် ဒမ်ဘီကအဆင်မပြေမှုတစ်စုံတစ်ရာကိုဖော်ပြခြင်းမရှိပေ၊ ဆန့်ကျင်ဘက်အနေဖြင့် အတွေ့အကြုံအသစ်ကိုစိတ်ဝင်စားစရာကောင်းသည်ဟု ထင်နေပုံရသည်၊

စာစဉ် ၁၁

အချိန်ကြာလာသည်နှင့်အမျှအိုးထဲမှဟင်းရည်သည် မွှေးကြိုင်သောအနံ့ကို တဖြည်းဖြည်းပေးစွမ်းလာသည်၊

တာ့ဇီကစိတ်လှုပ်ရှားစွာဖြင့်ခေါင်းကိုမြှောက်လိုက်ပြီ း ခေါင်းကိုရှင်လန်းစွာခါယမ်း လိုက်သည်၊

နာရီဝက်ကြာပြီးနောက်, အိုးထဲမှစွပ်ပြုတ်သည်အဆင်သင့်ဖြစ်နေပြီဖြစ်သည်၊

ညှော်ခန်းထဲတွင်,တာ့ဇီက စွပ်ပြုတ်ကိုပျော်ရွှင်စွာဖြင့်ယှက်နေပြီး ဒမ်ဘီက တိတ်တဆိတ်ဖြင့်ထောင့်တွင်မတ်တပ်ရပ်နေပြီးနံရံကိုမှီ နေသည်၊ သူတို့…သူတို့ကြိုက် ကြသားဘဲ။

သူတို့ကြိုက်တဲ့အရာကို ထောက်ပံ့ပေးနိုင်လို့ပျော်ပါတယ်၊ ဒမ်ဘီ၏ဝိဉာဉ်မီးတောက်

စာစဉ် ၁၁

သည်တဖြည်းဖြည်းငြိမ်သက်သွားပြီး အေးချမ်းသွားတော့သည်၊

နောက်တစ်နေ့မှာတော့,ကောင်းဖန်တစ်ယောက် နေရောင်ခြည်တောက်နေသော ကြောင့်နိုးလာတော့သည်၊ သူသည်ဗီလာမှထွက်၍ ပင်မတံခါးကိုသော့ခတ်လိုက်သည်၊ သားရဲတွေက အကြီးအသေးအိတ်များကိုသယ်ထားကြသည်၊ သူတို့ကပြန်လှည့်လိုက် ပြီးဗီလာကိုပြန်ကြည့်လိုက်သည်၊

ကောင်းဖန်ကသက်ပြင်းရှည်ကြီးကိုချလိုက်ပြီး ထူးခြားသည့်ဝမ်းနည်းကြေကွဲမှုကို ခံစားလိုက်ရသည်၊ “ငါတို့ထွက်သွားရအောင်, ယွိကျိုးကိုသွားကြစို့”

***

# စာစဉ် ၁၁

စာစဉ် ၁၁

# *အပိုင်း၁၆၃ ယွီကျိုး*

လေယာဉ်ရောက်တဲ့အချိန်က ဆယ်နာရီတိတိဖြစ်ပြီး, အကယ်၍ကပ်ဆိုးကြီးသာ မဖြစ်ခဲ့ပါက ချန်အန်းမှယွီကျိုးသို့သွားခြင်းသည်အနည်းဆုံးတစ်နာရီသာကြာမြင့်သည်၊ သို့သော်ကပ်ဆိုးကြီးပြီးနောက်,နေရာနှစ်ခုကြားအကွာအဝေးသည် တိုးလာကာ ချန်အန်းမှယွီကျိုးသို့သွားရန်ကြာချိန်သည် သုံးနာရီကြာမြင့်သည်၊

“ ဆာရ်?, သားရဲတွေကိုလေဆိပ်ထဲဝင်ခွင့်မပြုဘူး” လုံခြုံရေးအစောင့်က

စာစဉ် ၁၁

ကောင်လေးတစ်ယောက်သားရဲတွေနှင့်အတူဝင်နေတာကို ယဉ်ကျေးစွာဖြင့်တားလိုက် သည်၊

“အာ? ဒါဆိုဘာလို့လူအများကြီးက သူတို့သားရဲတွေကိုအထဲခေါ်လာကြတာတုန်း?” ကောင်လေးကအနည်းငယ်စိတ်ညစ်သွားသည်, ပြီးတော့သူကနောက်ထပ်နေရာတစ်ခုကိုညွှန်ပြလိုက်သည်၊ ထိုဧရိယာတွင်, လူအိုကြီးတစ်ယောက်နှင့်လူငယ်တစ်ယောက်က များစွာသောသားရဲတွေကို ကျယ်ဝန်းသောခန်းမကြီးထဲသို့ခေါ်လာသည်၊

“အဲ့တာက ကိုယ်ပိုင်လေယာဉ်တွေထွက်ခွာတဲ့ဧရိယာပါ၊ မဟာမိတ်ဥပဒေမှာ အခုကိုယ်ပိုင်လေယာဉ်တွေနဲ့သားရဲတွေကိုခေါ်တင်ခွင့်ကန့်

သတ်ထားတဲ့စည်းမျဉ်းမရှိပါဘူး”
လုံခြုံရေးအစောင့်ကပြောလိုက်သည်၊

အခြေခံအားဖြင့်,
သူဆိုလိုတာကဒီကိုယ်ပိုလေယာဥ်တွေက ပိုင်ရှင်တွေရဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်တာကြောင့် ပိုင်ရှင်တွေကသူတို့ကြိုက်သလိုလုပ်နိုင်သည်၊ သူတို့ပိုင်ဆိုင်မှုနဲ့သူတို့လုပ်တာက တခြားသူတွေကိုမထိခိုက်စေဘူး၊

ထို့ကြောင့်ကိုယ်ပိုင်လေယာဥ်များအတွက်လမ်းကြေ ာင်းများသည် စီးပွားရေးလေယာဥ်များဖြင့်ကွာခြားပြီး ၎င်းတို့၏ပျံသန်းမှုလမ်းကြောင်းများသည်လည်းကွာခြား သည်၊

ကောင်လေး၏မျက်နှာအမူအရာသည်ပြောင်းလဲမှုသ ည် အရမ်းစိတ်ဝင်စားစရာကောင်းသည်၊

စာစဉ် ၁၁

ခဏလောက်ကြာပြီးနောက်,
သူကခါးသီးစွာဖြင့်ခေါင်းကိုငုံ့လိုက်သည်၊

…

“ငါမင်းအဘိုးကိုပြောပြီးသားပါ,
ပြီးတော့သူကတခြားပို့ဆောင်ယာဉ်နဲ့အတူ ပင့်ကူမကို
ပို့ပေးလိမ့်မယ်”,
လျိုရှောင်ထန်ကကောင်းဖန်ကိုပြောလိုက်သည်၊
“အဲ့ဒီပင့်ကူမက အရမ်းကြီးလွန်းတယ်၊
အဲ့တာကအထူးလေယာဉ်နဲ့ပို့မှာဘဲ…
ငါသွေးမျက်လုံးလင်းတကို
အဲ့ဒီလေယောဉ်နဲ့ဘဲလိုက်ခဲ့ဖို့ထားခဲ့တယ်၊
မတော်တဆမှုတွေမဖြစ်အောင်လို့”

ကောင်းဖန်ကသူနားလည်ကြောင်းခေါင်းညိတ်ပြလို
က်သည်၊

စာစဉ် ၁၁

နာရီဝက်ကြာပြီးနောက်, သူတို့ကလေယာဉ်ပေါ်သို့တက်ခဲ့သည်၊ လေယာဉ်သည် လေထဲသို့တဖြည်းဖြည်းပျံတက်သွားပြီး မြေပြင်မှပို၍ဝေးကွာလာသည်၊

ညှော်သည်ခန်းတွင်တော့, သားရဲတွေအကုန်လုံးကိုချိန်းများဖြင့်ပတ်ထားရသည်၊

သေချာတာပေါ့, သူတို့သားရဲတွေအန္တရာယ်ဖြစ်မှာကိုမကြောက်ပါဘူး, သူတို့ပိုကြောက်တာက သားရဲတွေက လေယာဉ်ညှော်သည်ခန်းကိုအပေါက်ဖြစ်အောင်ဖောက်ဖြဲမိလိုက် မှာကိုဘဲ စိုးတာ…

မှန်မှတဆင့်အပြင်ဘက်မြင်ကွင်းသည်အဖြူရောင်တိမ်တိုက်များဖြင့်မြင်ကွင်းကို ပိတ်ဆို့စေတာကြောင့်အပြင်ဘက်မြင်ကွင်းသည်တစ်စ

စာစဉ် ၁၁

တစ်စ ငြီးငွေ့ဖွယ်ကောင်းသွား သည်၊ ထို့နောက်, လေယာဉ်ကတိမ်တွေကိုဖြတ်၍, ဒိုးပုံလိုမျိုးအပေါ်ကိုတက်သွား တော့သည်၊

ကောင်းဖန်ကသူ့ထိုင်ခုံတွင်သက်တောင့်သက်သာရှ ိသော ထောင့်အနေအထားကိုယူကာအနားယူနိုင်စေရန် မျက်လုံးအုပ်ကိုဝတ်ဆင်လိုက်သည်၊

သုံးနာရီကြာပြီးနောက်, လေယာဉ်ကဆင်းသက်ရန်ပြင်ဆင်နေပြီဖြစ်သည်၊

လေယာဉ်ဝန်ထမ်းများက ကောင်းဖန်၏ဘေးသို့လျှောက်လာပြီး ယွိကျိုးတွင် ဆင်းသက်တော့မည်ကိုညင်သာစွာဖြင့် သတိပေးလိုက်သည်၊

ငါတို့ရောက်ပြီလား?

စာစဉ် ၁၁

ကောင်းဖန်က မျက်လုံးအုပ်ကိုဖယ်လိုက်ပြီး နေကာမှန်ကိုဆွဲလိုက်သည်၊ ပြတင်းပေါက်မှဖြတ်၍, တိမ်တိုက်များကိုထိနေသောမျှော်စင်ထိပ်ကိုဝိုးတဝါးတွေ့လိုက်ရသည်၊

အောက်ကိုကြည့်တော့, တောင်တစ်ခုချင်းစီတိုင်းက တစ်ခုနှင့်တစ်ခုဆက်သွယ်နေကြ ပြီး, ကျယ်ပြန့်သောယန်ဇီမြစ်ကြီးဖြင့်လည်း အမြဲဆက်သွယ်နေပုံပေါ်သည်၊ တောင်တွေကြားထဲကပျံဝဲနေတဲ့နဂါးကြီးကိုကြည့်နေရသလိုပင်ဖြစ်သည်၊

တောင်တွေ၏အလယ်တွင်တော့, ကြီးမားတဲ့မြို့ကြီးတစ်မြို့ပေါ်လာသည်။ ၎င်းက တောင်ခြေမှတောင်စောင်းအထိလမ်းတစ်လျှောက်လုံး ယန်စီမြစ်ကိုခွဲထားရန်ဖြစ်သည်၊

စာစဉ် ၁၁

မြစ်၏မျက်နှာပြင်တွင်မြို့နှစ်ဖက်စလုံးကိုဆက်သွယ်ပေး ထားသော တံတား၁ဂခုရှိ သည်၊

မြစ်၏ဘေးဘက်တွင်တော့ မြင့်မားသောအဆင့်ရှိသည့်ရေကာတာကြီးရှိသည်၊ ထို့အပြင်နှစ်ဖက်စလုံးရဲ့ကမ်းခြေဘက်ကိုကာကွယ်ပေးမည့်သံရန်းအတားများရှိသည်၊ ရံဖန်ရံခါတွင်, ကားများသည်ကမ်းရိုးတန်းလမ်းတစ်လျှောက်တွင်မောင ်းနှင်နေသည် ကိုလည်းတွေ့ရသည်၊

လေယာဉ်သည်မြစ်ကိုဖြတ်၍ရှေ့သို့ဆက်လက်ရွေ့ သွားကာ ၎င်းတို့အောက်ရှိမြို့သည် လည်းပို၍နီးကပ်လာသည်၊

ခေတ်ဆန်သောမြို့တွင် သံမဏိအဆောက်အအုံများ၌နည်းပညာပိုင်းဆိုင်ရာ အလင်းများသည်၎င်းတို့၏အပြင်ဘက်မှန်နံရံများတွင်ရေ

ါင်ပြန်ဟပ်နေသည်၊ လေယာဉ်ကမြို့ကိုဖြတ်၍တောင်ဘက်ကိုဦးတည်သွားသည်၊ နောက်ပိုင်းတွင် လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့တစ်ဖြည်းဖြည်းချင်းဆင်းသက်ခဲ့သည်၊

ကျယ်ဝန်းသောလေဆိပ်ကြီးက ပြတင်းပေါက်တွင်ပေါ်လာသည်၊ မီးအလင်းတစ်ခုချင်းစီတိုင်းသည်မြေပြင်ပေါ်တွင်တောက်ပနေပြီး လေယာဉ်ကအောက်သို့ဆင်း သွားသည်၊ ၎င်းတို့၏ဆွဲအားက အနည်းငယ်ပုံပျက်သွားသလိုပင်၊

နောက်ဆုံးတော့,သူတို့ အေးဆေးစွာဖြင့်ဆင်းသက်နိုင်ခဲ့သည်၊

လေယာဉ်ဆင်းပြီးတဲ့အခါ ဦးလေးလျိုကဖုန်းကိုကောက်ကိုင်လိုက်ပြီး ခဏလောက်

စာစဉ် ၁၁

စကားပြောနေခဲ့သည်၊

ထို့နောက်သူကဖုန်းကိုအမြန်ချလိုက်ပြီး လှည့်ကြည့်ကာ ကောင်းဖန်ကိုပြောလိုက်သည်, "အဘိုးကြီးကျိက တစ်ခုခုကိုဖမ်းမိတာကြောင့် သူလာကြိုလို့မရဘူး၊ဘယ်လိုဘဲဖြစ်ဖြစ် သူကကုမ္ပဏီနဲ့စီစဉ်ပြီးသားပါ၊ ငါတို့အဖွဲ့ကို တိုက်ရိုက်သွားနိုင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ဦးလေးစီစဉ်တဲ့နောက်ကဘဲလိုက်ပါ့မယ်"

ကောင်းဖန်တွင် မည်သည့်ထင်မြင်ချက်မှမရှိပါ၊

…

ယန်ဇီမြစ်အထက်ပိုင်း

ကပ်ဆိုးကြီးပြီးနောက်,

ကမ္ဘာတစ်ဝှမ်းလုံးရှိမြစ်များသည်

စာစဉ် ၁၁

အဆက်မပြတ်ကြီးလာသကဲ့သို့ ကျယ်ပြန့်လာပြီး ပို၍ရှည်လာသည်၊ ရှန်ချွမ်မြစ်အထက်ပိုင်းသည်လည်း ပို၍ ကြီးလာသည်၊
၄င်းကအံ့ဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်၊

မြစ်ချောင်းတွင်လှိုင်းများအရှိန်ပြင်းစွာရိုက်ခတ်နေသည်၊

ချွန်ထက်သောရေယက်တွေက ရေ၏မျက်နှာပြင်ကိုဓားတစ်ချောင်းလို ဖြတ်၍ ကြီးမားသောလှိုင်းတစ်ခုကိုဖန်တီးနေသည်၊

ကြည်လင်နေသောမြစ်ရေကိုဖြတ်၍ , မြစ်၏နက်ရှိုင်းသောအမှောင်ထုကိုမြင်နေရ သည်၊ မျက်နှာပြင်ကိုဖြတ်၍, ရွေ့လျားနေသည်၊ သို့သော်စစ်တပ်၏တွက်ချက်မှုများ အပေါ်အခြေခံ၍

စာစဉ် ၁၁

၎င်း၏နောက်ဆုံးခရီးမှာ ယန်ဇီမြစ်အောက်ပိုင်း ယွိကျိုးမြို့ဖြစ်သည်၊

"ဒီငတိကဆိုးတာတော့သေချာတယ်"

ယွိကျိုးစစ်တပ်ထဲတွင်, မုတ်ဆိတ်မွှေးနှင့် အဆင့်မြင့်သောစစ်တပ်အရာရှိတစ်ဦးသည် အနက်ရောင်မျက်မှန်တစ်ခုကိုတပ် ထားသည်၊ သူကဒရုန်းမှမှတ်တမ်းတင်ထားသောဗီဒီယိုကိုကြည့်လိုက်ပြီး ပြုံးလိုက်သည်၊

ဆက်သွယ်ရေးဂြိုလ်ထုမှရထားသောသွက်လက်သေ ာခတ်ပုံများကို အခြေခံ၍ မြစ်၏ နက်နဲသောနေရာတွင်ရှိသော သားရဲများသည်ရေအောက်၌ စက်ဝိုင်းပုံများပြုလုပ်နေကြကာတစ်ခါတစ်ရံတွင် ၎င်းသည်ရေအပေါ်တွင်ပင်ကူးခတ်သွားလာနေကြသည်၊

စာစဥ် ၁၁

သို့သော်,

၎င်း၏ကူးခတ်နေမှုပုံရိပ်အားလုံးကိုပေါင်းစပ်လိုက်၍အတိအကျတွက်ချက် ကြည့်လိုက်သောအခါ,

နောက်ဆုံး၎င်းဦးတည်သွားရာလမ်းကြောင်းသည်ယန်ဇီမြစ် အောက်ပိုင်းတွင်တည်ရှိသောယွီကျိုးမြို့ဖြစ်သည်၊

အမြင်အားဖြင့်နေရာအနှံ့တွင်

အဓိပ္ပါယ်မဲ့သောလှုပ်ရှားမှုများအားလုံးသည်

လူသားများ၏သတိထားနိုးကြားမှုများ

ကိုလျှော့ချရန်အတွက်ဖြစ်သည်၊

ကံမကောင်းစွာနှင့်ပင်,

ဒရုန်းနှင့်ဂြိုလ်ထုနှစ်ခုစလုံး၏အမြဲတစေစောင့်ကြည့်နေမှု

အောက်တွင်၎င်း၏လျှို့ဝှက်ထားသောအစီအစဥ်ကိုလုံးဝ

စာစဉ် ၁၁

ဝှက်ထားနိုင်ခြင်းမရှိဘဲ,
အဆုံးတွင်တော့အတော်လေးရယ်စရာကောင်းလှသည်၊

သူကရဲတိုက်ထဲကိုခိုးဝင်ဖို့ကြိုးစားနေရင်း
သံသယဖြစ်ဖွယ်သူခိုးတစ်ယောက်နှင့်တူ သည်၊
သူကလမ်းသွားလမ်းလာတစ်ဦးအဖြစ်ဟန်ဆောင်နေသ
ည်ဖြစ်သော်လည်း အမှန်မှာ
သူလုပ်ဆောင်နေသမျှကိုနံရံတွင်ကပ်ထားသောလုံခြုံရေ
းကင်မရာကအဆက် မပြတ်စောင့်ကြည့်
မှတ်သားနေသည်ဆိုတာပင်…

လုံခြုံရေးအစောင့်များက
လုံခြုံရေးဗွီဒီယိုများရှေ့တွင်
တိတ်တဆိတ်ထိုင်စောင့်နေကာ
သူခိုး၏အပြုအမူကိုစောင့်ကြည့်ရင်း

## စာစဉ် ၁၁

ဖရဲစေ့ကိုအဆာပြေစားကာ အချင်းချင်းစကား စမြည်ပြောဆိုနေကြမည်၊

မြစ်၏အနက်ရှိုင်းဆုံးအပိုင်းတွင်, ပြင်းထန်သောရေရိုက်ခတ်သံက သန်မာသော လှိုင်းများကိုဖန်တီးနေသည်၊ ပူဖောင်းများကထိုအနက်ရောင်သဏ္ဌာန်လှုပ်ရှားမှုကြောင့် ပေါ်လာပြီး ရုတ်တရက်ဖောက်ကနဲမြည်ကာပြောက်ကွယ်သွားသည်၊ ခဲနက်ရောင် အကြေးခွံများကရေအောက်တွင်နက်ပြောင်၍စိုနေသည်၊

ငါးမီတာလောက်ရှည်လျားသောရေမြွေက ရယ်စရာကောင်းလောက်အောင် ပြင်းထန်သောအောက်ရေစီးကြောင်းသို့စုပ်ဝင်သွားသည်၊ မြွေသည်ရေထဲသို့စုပ်ယူ

စာစဉ် ၁၁

ခံလိုက်ရသောအခါတုန့်ပြန်ရန်ပင်အချိန်မရှိခဲ့ပေ၊ မြွေသည်ထိုထဲသို့ဆွဲငင်ခံနေရစဉ် တွင်ရေစီးကြောင်းကိုရိုက်ခတ်နေသည်၊

မြွေသည်နောက်ဆုံးတွင် ၎င်း၏အာရုံပြန်လည်ရရှိလာရန်အတွက် အားထုတ်မှုအနည်း ငယ်ယူခဲ့ရသည်၊ ရေမြွေသည်၎င်း၏မျက်လုံးများကိုဖွင့်လိုက်ပြီး နွေးသောအဝါရောင် အလင်းကရုတ်တရက်အောက်မှပေါ်, ပြီးနောက်အနီရောင်အလွှာတစ်ခုကၡင်း၏ ခန္ဓာကိုယ်အောက်မှတိတ်တဆိတ်ထွက်ပေါ်လာတော့သ ည်…

ရေမြွေကအနီရောင်အလွှာတစ်ခုကိုစဉ်းစားရကြပ်စွ ာဖြင့်ငုံ့ကြည့်လိုက်သည်၊ အဲ့တာကို ရင်းနှီးနေသလို…

စာစဉ် ၁၁

ပြီးနောက်အခိုက်အတန့်မှာပင်,ရေတွေကထန်လာကာ အနီရောင်အလွှာကရုတ်တရက် လှန်လိုက်တော့ ရေမြွေသည်သတိမေ့သွားတော့သည်၊

...

“ဒါဆို, ဒီအသေးအဖွဲသားရဲလေးကြောင့် ငါတို့မြေးအဘိုးပြန်ဆုံတာကို အနှောင့်အယှက်ဖြစ်စေတယ်မဟုတ်လား?” ကျီဟန့်ဝူသည်လှေ၏ကုန်းပတ်ပေါ်တွင်ရပ်နေသည်၊ သူကရှေ့တွင်တဖြည်းဖြည်းနီးကပ်လာသော‘ကျွန်း’ကို တည်ငြိမ်စွာဖြင့် ကြည့်လိုက်သည်၊

“ကျွန်း”၏အမြင့်ဆုံးနေရာ၌ ချွန်ထက်သောအဖြူရောင်ဦးချိုသည် လုံတံတစ်ချောင်းကဲ့သို့ပင်ကောင်းကင်သို့ညွှန်ပြနေသည်၊ ချွန်ထက်သောအနက်ရောင်ဆူးချွန်များသည်

စာစဉ် ၁၁

မီးခိုးရောင်အကြေးခွံများပေါ်တွင်နေရာအနှံ့ပျံ့နှံ့သွားပြီး ၎င်း၏ခန္ဓာကိုယ်ပေါ်တွင် ဖုံးလွှမ်းသွားခဲ့သည်၊

ရေမျက်နှာပြင်အထက်တွင်ပေါ်လွင်နေသောသားရဲ သည် စတုရန်းမီတာ၁၀၀ကျော်သာ ရှိသော်လည်း ပိုကြီးသောအစိတ်အပိုင်းကိုမြစ်အောက်၌ဖုံးကွယ်ထား သည်၊ သူကလှေကိုသတိထားမိသလို, 'ကျွန်း'နှင့်နီးကပ်လာသောလှေကလည်းအရှိန်မြန် လာသည်၊

ကျိုဟန့်ဝူ၏အမူအရာက သားရဲနှင့်နီးကပ်လာသော်လည်းဘာမှပြောင်းလဲမသွားေ ေ၊

သားရဲကမြစ်၏အနက်ဆုံးမှဖြည်းညင်းစွာထလာသ ည်၊ သူ၏ကြီးမားသောခန္ဓာကိုယ်က ကြီးမားသောလှိုင်းတွေကိုဖန်တီးပြီးလှေကိုတုန်ခါစေသ

စာစဥ် ၁၁

ည်၊ ကျီဟန့်ဝူကသူ၏

လက်နှစ်ဖက်ကိုဘေးသို့ချထားသည်၊

သူကငြိမ်သက်စွာဖြင့်ကြည့်နေသည်၊

သူ၏ခြေထောင်နှစ်ဖက်ကလေ့၏ကုန်းပတ်ပေါ်တွင်အမြ

စ်တွယ်နေသလိုမျိုး ခိုင်မာနေသည်၊

အကယ်၍တစ်ယောက်ကကြည့်မည်ဆိုလျှင်,

လှေကုန်းပတ်ပေါ်တွင်

ကျီဟန့်ဝူခြေထောက်ကိုချိတ်နှစ်ခုဖြင့်ချိတ်ထားတယ်လို့

ပင်ထင်နိုင်သည်၊

***

စာစဉ် ၁၁

# *အပိုင်း၁၆၄ တောင်ပိုင်းကောင်းကင်ဂိုဏ်း*

ကျယ်လွန်းသည့်ပါးစပ်တစ်ခုသည် မြစ်ရေမျက်နှာပြင်ကိုဖြတ်ပေါ်လာခဲ့သည်။ ရေစီးကြောင်းများက ၎င်း၏နှုတ်သီးများကြားမှစီးဆင်းလာကာ ရေတံခွန်သဖွယ်ဖြစ်တည်နေသည်။ အနက်ရောင်ပါးစပ်ကျယ်ကြီးသည် နက်ရှိုင်းလှသည့်ငရဲခန်းဝင်ပေါက်တစ်ခုလိုပင်။

"နဂါးဖြူ။" ကျီဟာန့်ဝူ သာမာန်ကာလျှံကာပင်ပြောလိုက်သည်။

ကမ္ဘာကြီးကရပ်တန့်သွားသလိုမျိုး လေထုတစ်ခုလုံးအေးခဲသွားတော့သည်။

စာစဉ် ၁၁

ကျယ်လောင်သည့် နဂါးဟိန်းသံတစ်ခုနှင့်အတူ အဖြူရောင်ရေနဂါး၏ခြေသည်းများသည် မြစ်ထဲမှရုတ်တရက်ပေါ်ထွက်လာခဲ့သည်။ နဂါး၏လက်သည်းသုံးချောင်းသည် ကြီးမားလှသည့်ပါးစပ်ရှိရာသို့ တိုးဝင်ပြီး ကြီးမားသည့်လက်သည်းရာကြီးဖြစ်စေခဲ့သည်။

ချက်ချင်းဆိုသလို လတ်လတ်ဆတ်ဆတ်သွေးများကလဲ ပန်းထွက်လာခဲ့သည်။

မယုံနိုင်လောက်စရာအင်အားဖြင့် ပါးစပ်ကြီးကို ဆုတ်ဖြဲပစ်ခြင်းပင်။

မြစ်ရေမျက်နှာပြင်တွင်မြူခိုးများဖုံးလွှမ်းနေပြီး မြစ်ကိုအဖြူရောင်မြူများဖြင့် ဖုံးအုပ်ထားသည်။

စာစဉ် ၁၁

“ထပ်ပြီးတော့လား၊ အမြဲတမ်းပဲ။ ဒီမြူတွေရှိနေမှတော့ ငါတို့တိုက်ပွဲတစ်ခုလုံးကို မမြင်နိုင်တော့ဘူး။” ယွီကျိုးစစ်တပ်မှမျက်စိတစ်ဖက်တည်းဖြင့်ဗိုလ်ချုပ်က စိတ်မဝင်စားဟန်ဖြင့်ပြောလိုက်သည်။ ထို့နောက် သူကစားလက်စဖရဲသီးတစ်ပိုင်းကို သူ့ဘေးကမအမှိုက်ပုံးထဲပစ်ထည့်လိုက်သည်။

ထို့နောက် သူ့လက်ကိုခါကာ စောင့်ကြည့်ခန်းထဲမှထွက်ခွာသွားတော့သည်။ “ငါ့ကို အရေးပေါ်အချက်ပေးစရာမလိုတော့ဘူး၊ ငါပျင်းနေပြီ!”

အဝေးမှာတော့ မြူခိုးတွေက မြစ်မျက်နှာပြင်ကိုဖုံးအုပ်ကာ မြင်ကွင်းကိုပိတ်ကာထားသည်။ ငါးမီတာဝန်းကျင်လောက်ကိုသာ

မြင်နိုင်စွမ်းရှိတော့သည်။ ရံဖန်ရံခါ နဂါးကြီးတစ်ကောင်နှင့် သားရဲကြီးတစ်ကောင်၏ဟိန်းဟောက်သံများနှင့်အတူ မြူခိုးများထဲတွင် အရိပ်ကြီးများကို ယောင်ဝါးဝါးတွေ့မြင်နိုင်ပေသည်။

အချိန်အတော်ကြာပြီးနောက် အသံတွေကတဖြည်းဖြည်းပျောက်ကွယ်သွားကာ မြေကလဲပြန်လည်ငြိမ်သက်လာခဲ့သည်။ အဖြူရောင်အရိပ်တစ်ခုက မြူခိုးများကိုဖြတ်ကျော်ကာ ယွီကျိုးမြို့ဆီသို့ပျံသန်းသွားခဲ့သည်။ မြစ်မျက်နှာပြင်ကိုဖုံးနေသည့် မြူခိုးများကလဲ တဖြည်းဖြည်းရှင်းလင်းလာခဲ့သည်။ မြစ်ရေတွေကတော့ မမောနိုင်မပန်းနိုင် ဆက်လက်လှိုင်းထလို့နေသည်။

စာစဉ် ၁၁

မြစ်မျက်နှာပြင်ပေါ်တွင်
တစ်ပိုင်းကျိုးသွားသည့်လှေအကြွင်းအကျန်များက
တဖြည်းဖြည်းနစ်မြုပ်လို့နေလေသည်....

မြစ်မျက်နှာပြင်ပေါ်တွင်
အနက်ရောင်အရိပ်ကြီးတစ်ခုက
ပေါလောပေါ်လို့နေသည်။ သွေးစိမ်းအိုင်ကြီးကလဲ
ရေထဲမှလှိုင်းလုံးများနှင့်အတူ သိပ်မကြာခင်မှာပဲ
ရေထဲပျံ့သွားတော့သည်။

ယန်ဇီမြစ်အောက်ပိုင်းတွင်တော့
သင်္ဘောကြီးနှစ်ဆင်းသည်
ထိုဒေသသို့မောင်းနှင်ဝင်ရောက်လာခဲ့သည်။
သင်္ဘောပေါ်ရှိဝန်ထမ်းအားလုံးသည်
အဖြူရောင်ဝတ်စုံများကိုဝတ်ဆင်ထားကြကာ
လူတိုင်းသင်္ဘောပေါ်မှာ လှုပ်ရှားနေကြသည်။

စာစဉ် ၁၁

သဘော်၏ဘေးနှစ်ဖက်မှာတော့
စာလုံးနှစ်လုံးကိုရေးထွင်းထားခဲ့သည်။
“(တောင်ဘက်)(ကောင်းကင်)”

အပြာရောင်အမွေးများနှင့်
အနီရောင်အိတ်များသယ်ထားသည့်မျောက်များသည်
သဘော်စွန်းတွင် နာနာခံခံထိုင်လို့နေသည်။ သူတို့က
နားကြပ်များမှသီချင်းသံစဉ်အတိုင်း
ခေါင်းများကိုယမ်းနေကြပြီး
အတော်ကိုပျော်ရွှင်နေကြသည့်ပုံပင်။

သဘော်က မြစ်ထဲရှိမျောနေသောအလောင်းအနီးသို့
တဖြည်းဖြည်းချင်းကပ်လာခဲ့သည်။ ဝန်ထမ်းတချို့က
ဝါးတိုင်များကိုလွှဲကာ သဘော်စွန်းကိုတိုက်ကြသည်။

မျောက်ပြာများကတော့ နာခံမှုရှိရှိပင်
နားကြပ်များကိုချွတ်ကာ

စာစဉ် ၁၁

သူတို့နောက်ကျောမှအနီရောင်အိတ်များထဲသို့ သေချာထည့်လိုက်ကြသည်။ သူတို့က အောက်ကိုင့်ကာ သဘော်ာအစွန်းရှိချိတ်များကိုကောက်ယူပြီး ရေထဲသို့ပစ်ချလိုက်လေသည်။

ချိတ်များသည် သံကြိုးအထူကြီးများဖြင့်ချိတ်ဆက်ထားကာ ရေထဲသို့တဖြည်းဖြည်းနစ်မြုပ်သွားခဲ့သည်။

သဘော်ာပေါ်မှာ အလုပ်စလုပ်ကာစဖြစ်သည့်ဝန်ထမ်းတစ်ယောက်ကတော ့ ဒီမျောက်တွေ နေ့တိုင်းဘယ်လိုသီချင်းကိုများ နားထောင်နေကြလဲဆိုတာကို သိချင်နေသည်။ သူတို့က နေ့တိုင်းအားအင်အပြည့်နဲ့တက်ကြွနေတာပဲ။ သူလဲ နားကြပ်တစ်ခုကိုယူကာ တပ်လိုက်ချိန်မှာတော့

စာစဉ် ၁၁

ရင်းနှီးပြီးသားသံစဉ်တစ်ခုက
သူ့နားထဲတိုးဝင်လာခဲ့သည်။

(စွန်းဝူခုံး သီချင်းပါ....)

ဒီသီချင်းကအရမ်းဖမ်းစားနိုင်တာပဲ။
ဝန်ထမ်းအသစ်လေးမှာ မချီးကျူးခင်
မျက်လုံးများကိုမှိတ်ကာ
နားမထောင်မိဘဲမနေနိုင်တော့ပေ။

မြစ်ထဲမှာတော့ အပြာရောင်မျောက်များသည်
သွက်လက်စွာလှုပ်ရှားနေကြပြီး
ပြင်းထန်သည့်ရေစီးကြောင်းလှိုင်းများကို
ရှောင်ရှားကြသည်။ နောက်ဆုံးမှာတော့ ၎င်းတို့သည်
သားရဲအလောင်းဘေးသို့ကူးခတ်သွားကာ
နေရာကောင်းတစ်ခုကိုရှာပြီး ကြိုးများကိုမဆွဲမီ
သားရဲအလောင်းပေါ်တွင်ချိတ်များခိုင်အောင်

ပြင်ဆင်နေသည်။ ချိတ်များခိုင်လားစစ်ဆေးပြီးနောက်မှာတော့ မျောက်ပြာများက ရေပေါ်သို့ပြန်ကူးခတ်သွားကာ အချက်ပြအသံပေးလိုက်သည်။

သဘော်ာကနောက်သို့ ဖြည်းဖြည်းချင်းပြန်ဆုတ်သွားပြီး သံကြိုးများကလဲ တင်းလာကာ တချွင်ချွင်သံများဖြင့် ဆူညံလာတော့သည်။

သံချိတ်အချို့ကမခိုင်တာကြောင့် ပြတ်တောက်သွားခဲ့သည်။ မျောက်ပြာများသည် ၎င်းတို့၏ချိတ်နေရာများနှင့်သံကြိုးများကို ပြုပြင်ဖို့ရန်အတွက် နေရာပြောင်းပြင်ဆင်ရန် သဘော်ာရပ်ဖို့အချက်ပြလိုက်ပြန်သည်။ ထိုသို့ထပ်ခါထပ်ခါပြုလုပ်ပြီးနောက်မှာတော့

ပြေလည်သွားခဲ့သည်။ ဒါကြောင့် သဘော်စက်သည်လဲ စတင်လည်ပတ်တော့သည်။

ကေရာဇ်အဆင့်အသေကောင်သားရဲသည် သားရဲများကိုကြောက်လန့်စေရန်အတွက် အနံ့တစ်ခုထုတ်ပေးပြီးငင်းတို့သည်အနည်းဆုံးမိုင်ဒါဇင် အကွာအဝေးတွင်ရှိနေကြောင်း သေချာစေသည်၊ မျောက်ပြာများသည်သဘော်ာကုန်းပတ်ပေါ်သို့ ကြိုးများဖြင့်သွားလာ ကြသည်၊ ထို့နောက်သူတို့၏ခန္ဓာကိုယ်ကိုညင်သာစွာခါယမ်းလိုက်ြ ြသည်၊ ချွေးစိုနေ သောအကျႌကဲ့သို့ ငင်းတို့၏အမွေးများသည်စိုရွှဲနေပြီး ချွေးစက်များလည်းကျနေသည်၊

စာစဉ် ၁၁

ငင်းတို့၏အပြင်ဘက်အမွေးအလွှာသည်စိုစွတ်နေေ
ော်လည်း အတွင်းသားအလွှာသည်
တော့ခြောက်သွေ့နေသည်၊

နားကြပ်ကိုပြန်တပ်ပြီးသဘော်ာကုန်းပတ်မှာပျင်းရိစွ
ာလှဲချလိုက်ပြီး ကောင်းကင်ကို ေေးစိုက်ကြည့်ရင်း
အလိုလိုထပ်ခါထပ်ခါလာနေသောသီချင်းကိုနားထောင်ေ
ေမိသည်၊

...

လေယာဉ်မှဆင်းပြီးနောက်,
ဦးလေးလျှိုကလေဆိပ်ပို့ဆောင်ရေးဝန်ဆောင်မှုကို
ဖုန်းခေါ်လိုက်ပြီး,
သူတို့ကတောင်ပိုင်းကောင်းကင်အဖွဲ့ကိုဦးတည်သွားမည်
ဖြစ်သည်၊ ဒီလိုမှမဟုတ်ရင်,

စာစဉ် ၁၁

သူတို့သားရဲတွေအားလုံးနဲ့အတူလော်ရီကားနှင့်သွားဖို့ဆိုတာ တကယ်ကို ခက်ခဲလိမ့်မည်ဖြစ်သည်၊

တောင်ပိုင်းကောင်းကင်ဌာနချုပ်သည်မြေကေပေါင်းသောင်းနှင့်ချီသောဆင်ခြေဖုံး နေရာတစ်ခုတွင်ဖြစ်သည်၊ ရုံးထိုင်အဆောက်အဦးကြီးသာမက စက်ရုံအလုပ်ရုံများလည်းပါဝင်သည်၊

တောင်ပိုင်းကောင်းကင်အဖွဲ့သည်ပတ်ဝန်းကျင်၌ဖျော်ဖြေရေးအထောက်အကူပစ္စည်း
များကိုလည်းတည်ဆောက်ထားသည်၊
သူတို့ကအဖွဲ့ရဲ့ဌာနချုပ်ကိုဒေသတစ်ခုလုံးရဲ့
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏အထောက်အကူပြုသည့်ဗဟိုတစ်ခုအနေဖြင့် သုံးကြသည်၊

တောင်ပိုင်းကောင်းကင်အဖွဲ့၏အဓိကဝင်ပေါက်ရှေ့တွင်ကားကရပ်တန့်သွားသည်၊

စာစဉ် ၁၁

ကားမောင်းသူသည်ဘေးတစောင်းလှည့်၍အကူအညီမဲ့စွ ာဖြင့်ပြောလိုက်သည်,
“ဒီထက်ပိုပြီးသွားလို့မရတော့ဘူး, တောင်ပိုင်းကောင်းကင်အဖွဲ့ရဲ့လုံခြုံရေးက အရမ်းတင်းကြပ်တယ်”

ဦးလေးလျိုကရယ်လိုက်ပြီး ခေါင်းညိတ်ကာသူနားလည်ကြောင်းပြလိုက်သည်၊ ထို့နောက်သူကပေးချေကာ ကောင်းဖန်နှင့်သားရဲတွေကိုကားပေါ်မှဆင်းရင်အချက်ပြ လိုက်သည်၊

တောင်ပိုင်းကောင်းကင်အဖွဲ့သည် ရှည်လျားခြင်း,ထူထဲသောနံရံ,နှင့်လျှပ်စီးဝိုင်ယာများ ကိုနံရံ၏ထိပ်တွင်ပတ်ထားကာ ပတ်လည်တွင်ဝန်းရံထားသည်၊

စာစဉ် ၁၁

ဝင်ပေါက်တစ်ဖက်ချင်းစီတွင်လုံခြုံရေးအစောင့်တစ်ဦးစီချထားသည်၊ လုံခြုံရေးအစောင့်များအပြင်ရှားပါးအပင်သားရဲနှစ်စုလည်းပါဝင်သည်၊ သားရဲများသည် မြင့်မားသောသတ္တုတိုင်များပေါ်တွင် ကပ်တွယ်နေကြသည်၊ သူတို့၏ခိုင်ခံ့ပြီးထူထပ်သောနွယ်များက စပါးအုံးမြွေများကဲ့သို့သတ္တုတိုင်များကိုဖုံးအုပ်ထားပြီး နွယ်ပင်များ အပေါ်တွင်အဖြူရောင်ပန်းပွင့်ကြီးများရှိသည်၊ ပန်းဖူးများကအလုံပိတ်ထားပြီး အဖူးတစ်ခုစီ၏ထိပ်တွင် ချွန်ထက်သောဆူးကိုမပြတ်မသားမြင်တွေ့ရသည်၊

## စာစဉ် ၁၁

ကောင်းဖန်ကအံ့သြ၍ကျန်နေခဲ့သည်၊ ကြည့်ရတာကေရာဇ်အဆင့်အပင်သားရဲတွေကိုသုံးတာအရမ်းကိုဖြုန်းတီးမလွန်းဘူးလား။

ဦးလေးလျိုကရှေ့သို့လျှောက်သွားပြီးအိပ်ကပ်ထဲမှအပြာရောင်သက်သေခံကပ်ကိုထုတ်လိုက်သည်၊ ထို့နောက်၎င်းအားလုံခြုံရေးအစောင့်အားပေးလိုက်သည်၊ လုံခြုံရေးအစောင့်သည်ကဒ်ပြားကိုစက်ပေါ်မှာဆွဲချလိုက်သည်၊

သူ့မျက်နှာသည်ချက်ချင်းအရောင်ပြောင်းသွားသည်၊ သူကဦးလေးလျိုကိုအမြန် ခေါင်းညိတ်ပြလိုက်ပြီးတစ်ချိန်တည်းမှာပင်အလိုလျောက်တံခါးကြီးကိုဖွင့်ပေးလိုက် သည်၊

စာစဉ် ၁၁

“သွားကြရအောင်, ငါတို့အထဲကိုအရင်သွားပြီး ဆက်စောင့်ရအောင်” ဦးလေးလျိုက ကောင်းဖန်ကိုလက်ယမ်းပြလိုက်သည်၊ “အရမ်းကြီးလည်းတခမ်းတနားလုပ်မနေပါနဲ့၊ ဒါကိုမင်းအိမ်လို့သာသဘောထားလိုက်စမ်းပါ,ဟုတ်ပြီလ ား?”

ကောင်းဖန်ကခေါင်းညိတ်ပြလိုက်သည်၊ “ဟုတ်ကဲ့”

တစ်ယောက်ယောက်ရဲ့မထိန်းနိုင်တဲ့ရယ်မောသံတွေက သူတို့နောက်မှထွက်ပေါ်လာသည်၊ ကောင်းဖန်ကလှည့်ကြည့်လိုက်သောအခါ အနီရောင်ဂါဝန်ဝတ်ထားသောအမျိုးသမီး တစ်ဦးကသူ့ကိုရယ်နေတာကိုတွေ့လိုက်ရသည်၊ သူ့ရယ်လိုက်တာကြောင့် မျက်လုံးထောင့်မှာအရေးကြောင်းတွေမြင်နိုင်သလောက်ဘဲ။

စာစဉ် ၁၁

အမျိုးသမီးသည် အနည်းဆုံးအသက်၂၇ (သို့) ၂၈နှစ်ဝန်းကျင်ဖြစ်ရမည်၊ ကောင်းဖန်က အဲ့တာကိုလေးနက်စွာစဉ်းစားလိုက်သည်၊

“တဆိတ်လောက်” ကောင်းဖန်ကသူမဆီသို့လျှောက်သွားသောအခါ အမျိုးသမီး၏ မျက်နှာကတင်းမာသွားတော့သည်၊ ယခင်ကတည်ငြိမ်အေးစက်သောအမူအရာပြန်ဖြစ်သွားသည်၊

“အဖွဲ့ဌာနချုပ်နေရာမှာ ညှော်ခန်းရှိတယ်၊ ကျေးဇူးပြုပြီးကျွန်မကိုခဏလောက်အဲ့နေရာမှာစောင့်ေ ေပေးပါ၊ ကျွန်မဒီနေ့ရှင့်နဲ့အတူတူလိုက်ပေးမယ်လို့ကတိပေးထားတာသိပါတယ်, ဒါပေမယ့်အဖွဲ့မှာကအရေးပေါ်ဖြစ်သွားတော့…”

စာစဉ် ၁၁

သူ့မဘေးတွင်ရပ်နေသော
အနက်ရောင်ဝတ်စုံဝတ်ထားသည့်သူကိုပြောလိုက်သည်၊
သူကြည့်ရတာ အသက်၃ဂလောက်ရှိပုံရသည်၊

“အိုကေ, ကိစ္စမရှိပါဘူး၊
အလုပ်ကပိုပြီးအရေးကြီးတာပေါ့”
အမျိုးသမီးကခေါင်းညိတ် ပြီးပြုံးလိုက်သည်၊

အဖွဲ့အဆောက်အဦးအတွင်းသို့ဝင်သွားပြီးနောက်,
ဦးလေးလျိုကကောင်းဖန်ကို
နှစ်ကြိမ်တိုင်တိုင်ခေါ်သွားသော်လည်း
အရင်နေရာသို့သာပြန်ရောက်နေသည်၊

အဟွတ် အဟွတ်၊ “ကြည့်ရတာ,
ငါချန်အန်းကိုရောက်နေတဲ့နှစ်နှစ်လုံးအတော်လေးကို
ပြောင်းလဲသွားပုံဘဲ”
ဦးလေးလျိုကကို့ရို့ကားရားဖြင့်ပြောလိုက်သည်၊

သူကသံသယဖြစ်ဖွယ်,သတိဝိရိယရှိသောအစောင့်များ၏ အကြည့်များကို လျစ်လျူရှု ထားလိုက်ပြီး ကောင်းဖန်ကိုဆက်၍ဦးဆောင်ကာအတွင်းသို့ခေါ်သွားပြ ြန်သည်၊

"ငါဆိုလိုတာကိုသိလား? အလုပ်သမားအဆောက်အအုံကဒီမှာရှိနေရမှာ, ဒါပေမယ့် အခုကတော့ငါအရင်ကဒီလမ်းကြောင်းကိုမရောက်ဖူးဘူး လို့ထင်တယ်၊ အဘိုးကြီးကျီက အလုပ်ရုံကိုဝက်ဘာလုပ်လုနီးပါးဘဲ။" ဦးလေးလျိုကမကျေမနပ်ပြောလိုက်သည်။

***

စာစဉ် ၁၁

# *အပိုင်း၁၆၅ လူ့စွမ်းအားအရင်းအမြစ်ဌာန*

“ထိုင်ပါဦး၊”

အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသောအတွင်းရေးမှူးက ကောင်းဖန်နှင့်ဦးလေးလျိုအတွက်ရေငှဲ့ပေးသည်၊ “တခုခုစားချင်တာများရှိလား?, အောက်ထပ်ကလူတွေကိုစားဖို့ပြင်ဆင်ခိုင်းလိုက်မယ်”

“အဲ့တာမလိုပါဘူး, ကျွန်တော်တို့ဒီမှာခဏလောက်ထိုင်နေတာအဆင်ပြေပါတယ်”

ကောင်းဖန်ကခေါင်းကိုယမ်းလိုက်ပြီးပြောလိုက်သည်၊

“အာ, အတွင်းရေးမှူးဟာန်, ဒီလိုအသေးအဖွဲကိစ္စလေးတွေကိုထားလိုက်စမ်းပါ”

စောင့်ဆိုင်းသည့်အခန်းထဲမှတာဝန်ရှိသောစာရေးက

စာစဉ် ၁၁

မျက်နှာချိုသွေးကာ
အတွင်းရေးမှူးဟန်ကိုပြောလိုက်သည်၊

အတွင်းရေးမှူးဟန်က သူ့ကိုကြည့်လိုက်သည်၊
အပြုံးကသူ၏မျက်နှာတွင်ပေါ်လာ သည်၊
"တခြားညော့်သည်တွေလည်း
ညော့်ခန်းမှာရှိနေသေးတယ်လေ, သူတို့ကို
လျစ်လျူမရှုပါနဲ့"

စာရေးကစိတ်ပျက်စွာနှင့်ကြည့်လိုက်ပြီး
ညွှန်ကြားချက်အတိုင်းလိုက်နာလိုက်သည်၊

အဓိကဝင်ပေါက်မှအစောပိုင်းတွင်တွေ့ခဲ့သော
အနီရောင်ဝတ်စုံနှင့်အမျိုးသမီးကလည်း
ညော့်ခန်းထဲတွင်တိတ်ဆိတ်စွာထိုင်စောင့်နေသည်၊
သူမကလက်ထဲတွင်မဂ္ဂဇင်း တစ်စောင်ကိုင်ထားပြီး
ပြတင်းပေါက်ဘေးတွင်ထိုင်ကာကောင်းဖန်နှင့်ဦးလေးလ

## စာစဉ် ၁၁

ျိုတို့ကို ခုံခုံညားညားဖြင့် တစ်ချက်ကြည့်လိုက်သည်၊ လေးနက်သောအကြည့်တို့က သူမမျက်လုံးတွင်ဖြတ်ပြေးသွားပြီး သူမကခေါင်းကိုငုံ့လိုက်ကာမဂ္ဂဇင်းကိုဆက်ဖတ်နေ သည်၊

နာရီဝက်ကြာပြီးနောက်, အတွင်းရေးမှူးဟာန်က လျင်မြန်စွာဖြင့်အထဲသို့လျှောက်လှမ်းလာသည်၊ သူ၏ခြေလှမ်းများကရှင်လန်းအားရနေပြီး, အခန်းထဲသို့ဝင်လာသည်နှင့် တစ်ပြိုင်နက်သူကကောင်းဖန်ကိုတည့်တည့်ကြည့်လိုက်ပြ ြီး သူ့ဆီသို့လျင်မြန်စွာဖြင့် လျှောက်သွားတော့သည်၊ ထို့နောက်သူကဒူးထောက်လိုက်ကာ ပြောလိုက်သည်, “ဥက္ကဋ္ဌကျိဳပြန်ရောက်ပါပြီ, သူကမင်းကိုအပေါ်ထပ်မှာစောင့်နေတယ်”

စာစဉ် ၁၁

ကောင်းဖန်ကခေါင်းညိတ်လိုက်ကာထ၍အခန်းထဲမှ ထွက်လိုက်သည်၊ ဦးလေးလျိုက သူ့နောက်တွင်လိုက်လာသည်၊

သူတို့နှင့်နီးသောစာရေးလေးသည်အံ့ဩသွားတော့ သည်၊ သူ့စိတ်ထဲမှာတော့စာလုံး နှစ်လုံးကရစ်ဝဲနေသည်၊

ဥက္ကဌကျီ!

တောင်ပိုင်းကောင်းကင်အဖွဲ့တွင် ဥက္ကဌကျီတစ်ဦးထဲသာရှိသည်၊

ခတ်လှေကား တံခါးမှသာယာသောအသံထွက်ပေါ်လာပြီး တံခါးသည်ဖြည်းဖြည်းချင်း ပွင့်လာတော့သည်၊ တံခါးပွင့်လာသည်နှင့်အမျှ ကျယ်ဝန်းသောဧည့်ခန်းတစ်ခုကို မြင်လိုက်ရသည်၊

စာစဉ် ၁၁

ညှော့ခန်းတွင် ဆိုဖာနှစ်လုံး, လက်ဖက်ရည်စားပွဲနှင့် ထောင့်များတွင် ပန်းအိုးနှစ်လုံးဖြင့်အလှဆင်ထားသည်၊

အပြင်အဆင်အားလုံးက ရိုးရှင်းပြီး ရှင်းလင်းသည်၊

ပြုပြင်ပြီး ကောင်းမွန်စွာထိန်းသိမ်းထားသော သားရဲဦးခေါင်းခွံများကိုနံရံတွင် ချိတ်ထားသည်၊

ထိုနေရာတွင်, ဝက်ဝံ,ကျား,လင်းယုန်နှင့် ငါးမန်း၏ဦးခေါင်းတောင်ပါဝင်သည်၊

“ဖန်လေး, မင်းရောက်ပြီဘဲ”

ပြတင်းပေါက်ဘေးတွင်ရပ်နေသောကျီဟာန့်ဝူက ကောင်းဖန်ဘက်ကိုလှည့်ကြည့်လိုက်သည်၊ ရေခဲမြစ်တွေအရည်ပျော်သွားသလိုမျိုး သာမန်အေးစက်နေတဲ့မျက်နှာကနေ နွေးထွေးမှုတွေထွက်ပေါ်လာသည်၊

စာစဉ် ၁၁

“အဘိုး”

ကောင်းဖန်ကယဉ်ကျေးစွာနှင့်ပြုံးပြလိုက်သည်၊

ကျီဟန့်ဝူကကောင်းဖန်ရောက်လာတာကိုဝမ်းသာပြီး ကောင်းဖန်၏ပုခုံးကို ပုတ်လိုက်ကာထိုင်ခိုင်းလိုက်သည်၊

“မင်းကျောင်းကောလျှောက်ပြီးပြီလား?” ကျီဟန့်ဝူကမေးမြန်းလိုက်သည်၊ အရင်တစ်ခေါက်တုန်းက, လူညစ်ကလေးသည် ဆာကူရာတက္ကသိုလ်ကိုသွားချင်သည် ဟုပြောခဲ့သောကြောင့်သူ့မှာထိတ်လန့်သွားသေးသည်၊

အဟွတ် အဟွတ်၊ “ကျွန်တော်လျှောက်ပြီးပြီ၊ ယွိကျိုးတက္ကသိုလ်ကိုလျှောက်ထား တယ်” ကောင်းဖန်ကကျီဟန့်ဝူ၏အမူအရာကိုတစ်ချက်ခိုးကြည့်လိုက်သည်၊

စာစဉ် ၁၁

ကျီဟာန့်ဝူ၏မျက်နှာက တစ်ချိန်လုံးတင်းမာနေခဲ့သော်လည်း နောက်ဆုံးတွင် အနည်းငယ်ပြေလျော့သွားသည်၊ ကျီဟာန့်ဝူကချောင်းနှစ်ခါဆိုးလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်၊ သူက “မင်းရဲ့စာသင်နှစ်မစခင် တောင်ပိုင်းကောင်းကင်အဖွဲ့မှာခဏ အလုပ်ကူလုပ်ရမယ်၊ အဘိုးကအသက်ကြီးနေပြီ, ပြီးတော့တစ်နေ့နေ့မှာ မတော်တဆ တစ်ခုခုကြုံလာနိုင်တယ်၊ တောင်ပိုင်းကောင်းကင်အဖွဲ့ကနောက်ပိုင်းမှာ မင်းဆီကိုဘဲ ရောက်လာမှာ ပြီးတော့မင်းဘယ်လိုဘဲဖျက်ဆီးပါစေ အဲတာမင်းအလုပ်ဘဲ၊ အဲ့တာနဲ့ ပတ်သတ်ပြီးတော့

ငါဘာမှမလုပ်နိုင်ဘူး, ဒါပေမယ့်အခုအတွက်ကတော့, မင်းက အဖွဲ့ကိုဘယ်လိုစီမံရမယ်ဆိုတာသင်ရမယ်”

ကောင်းဖန်ကတိတ်ဆိတ်သွားသည်၊ ထိုအချိန်မှာတင်, သူကဘယ်လိုဖြေရမှန်းမသိဖြစ်သွားသည်၊

“အိုး, ကောင်းပါပြီ၊ အဘိုးကမင်းရဲ့အချက်အလက်တွေကို အကြီးတန်းစီမံခန့်ခွဲမှုက လူတွေဆီထုတ်မပြောရသေးဘူး၊ အဘိုးသူတို့ကိုဒီနေ့ခေါ်ထားတယ်... မင်းရဲ့အချက်အလက်တွေကိုဖုံးကွယ်ဖို့ကူညီစေချင်လား?” ကျီဟာန့်ဝူကတုံ့ဆိုင်းစွာဖြင့် မေးလိုက် သည်၊

ကောင်းဖန်က စိတ်ရှုပ်သွားတော့သည်၊ “အဘိုး, ဘာလို့အဲ့လိုမျိုးပြောတာလဲ”

စာစဉ် ၁၁

ကျီဟာန့်ဝူကတည်ငြိမ်စွာဖြင့်ပြောလိုက်သည်, "အဘိုးကြေးတာတော့, ခုခေတ်လူငယ်တွေက ဝက်လိုကစားပြီး ကျားလိုစားတယ်တဲ့လေ"

ကောင်းဖန်ကသူ့ခေါင်းကိုယမ်းကာ ပြောလိုက်သည်, "အဲ့တာတခြားလူတွေအတွက်ပါ, အဲ့လိုစိတ်ပျက်စရာတွေကိုကျွန်တော်စိတ်မဝင်စားဘူး"

ကျီဟာန့်ဝူက ကျေနပ်စွာဖြင့်ခေါင်းညိတ်လိုက်သည်၊ သူကင်္ဂါ့မြေးဆိုတာ အံ့သြစရာ မဟုတ်ဘူးဘဲ၊ သူ့မှာစိတ်ပျက်စရာကောင်းပြီး ထူးဆန်းတဲ့အကျင့်မရှိဘူး!

"ဘယ်နေရာကိုကြိုက်လဲ" ကျီဟာန့်ဝူကကောင်းဖန်ကိုတိုက်ရိုက်မေးလိုက်သည်၊

"ကျွန်တော်ကသားရဲတွေကိုပျိုးထောင်တဲ့နေရာမှာပို ကျွမ်းကျင်တာမလို့, အဲ့နေရာမှာ စမ်းကြည့်ချင်ပါတယ်"

စာစဉ် ၁၁

“ကောင်းပြီ,

ဒါဆိုလူ့စွမ်းအားအရင်းအမြစ်ဌာနကိုသွားရမယ်”

ကျီဟန့်ဝူကဆုံးဖြတ် ချက်ချလိုက်သည်၊

“…အဘိုးကျွန်တော့်ကိုဘယ်နေရာကြိုက်လဲလို့မေး

ခဲ့တယ်မဟုတ်ဘူးလား?”

ကောင်းဖန်အံ့သြနေတော့သည်၊ အကြီးတွေအားလုံးက

တူညီတဲ့ပုံစံကဆင်းသက်လာသည်လို့

သူတနည်းနည်းဖြင့်ခံစားနေရသည်၊

“ဒါကအလေ့အကျင့်တစ်ခုဘဲ”

ကျီဟန့်ဝူကကျီစယ်ကာဖြေလိုက်သည်၊ သူ၏မျက်လုံး

ထောင့်မှအရေးကြောင်းများကစုသွားတော့သည်၊

“အကယ်၍ မင်းကငါ့မြေးဖြစ်ရင်တောင်,

မင်းကကုမ္ပဏီမှာဝင်ပြီး တစ်ဆင့်ချင်းစီ တက်ရလိမ့်မယ်၊

ခေတ်ခွဲခန်းကိုချက်ချင်း

စီမံခန့်ခွဲခွင့်ပြုရတာအရမ်းမြင့်တယ်၊
လူ့စွမ်းအားအရင်းအမြစ်ဌာနကိုသွားပြီး
အဲ့မှာနှစ်ရက်လောက်အရင်နေမယ်ဆို အကောင်းဆုံးဘဲ၊
အဲ့တာပြီးရင်,
မင်းကိုသုသေတနဌာနကိုပြောင်းဖို့အတွက် ငါအခွင့်
အရေးရှာပေးမယ်,
ပြီးတော့မင်းအတွက်အထူးသုတေသနအခန်းဆောက်ပေ
းမယ်” ကျီဟာန့်ဝူကကောင်းဖန်ကိုချော့လိုက်သည်၊

“ဘာကြောင့်လဲဆိုတော့, ငါထင်တာ
သူကမင်းအတွက်ဆောက်နေတဲ့အဆောက်အဦးက
အဆင်သင့်မဖြစ်သေးလို့နေမှာပေါ့?
ဦးလေးလျိုကပြောလိုက်ပြီး
သက်ညှာမှုမရှိစွာဖြင့်ကျီဟာန့်ဝူ၏အစီအစဉ်ကို
ထုတ်ပြောလိုက်သည်၊

စာစဉ် ၁၁

ကျီဟန့်ဝူက ဒေါသမထွက်ဘဲ, ရယ်နေတော့သည်၊

ခဏလောက်ကြာတော့, အတွင်းရေးမှူးဟန်က တံခါးခေါက်၍ခွင့်ပြုချက်ယူကာ အခန်းထဲသို့ဝင်လာသည်၊ "ဥက္ကဋ္ဌကျီ, သူတို့ရောက်ပါပြီ"

"ကောင်းပြီ", ကျီဟန့်ဝူကခေါင်းညိတ်လိုက်သည်၊ ထို့နောက် သူကကောင်းဖန်ဘက်ကို လှည့်ကာပြောလိုက်သည်, "အဘိုးနဲ့လိုက်ခဲ့, ပြီးရင်မင်းကို အကြီးတန်းစီမံခန့်ခွဲရေး အဖွဲ့ဝင်တွေနဲ့မိတ်ဆက်ပေးမယ်၊"

ကောင်းဖန်က ကျီဟန့်ဝူနှင့်အောက်ထပ်သို့လိုက်သွားလိုက်သည်၊

ကောင်းဖန်ကထိုအကြီးတန်းစီမံခန့်ခွဲရေးအဖွဲ့မှ လူများထဲတွင်ရင်းနှီးသောမျက်နှာများ ကိုမြင်လိုက်ရသည်၊ အစောပိုင်းကအမျိုးသားပါတနာနှင့်

စာစဉ် ၁၁

အနီရောင်ဝတ်စုံဝတ်ဆင်ထားသောအမျိုးသမီးဖြစ်သည်၊ အမျိုးသားက ကောင်းဖန်ကိုမှတ်မိသွားပုံရသည်၊ သူက အံ့အားသင့်သွားကာ ကောင်းဖန်၏ပုံစံကိုလေ့လာပြီးနောက် အံ့အားသင့်မှုများကို အကန့်အသတ်မရှိချဲ့ထွင်လိုက်သည်၊

ဦးလေးလျို၏ယခင်ကပြောခဲ့သောစကားများကို ပြန်တွေးမိလိုက်သည်, ဘာကြောင့်လဲ ဆိုတော့ထိုအမျိုးသား၏အမူအရာက အရမ်းစိတ်ဝင်စားစရာကောင်းသောကြောင့်ပင်၊

တောင်ပိုင်းကောင်းကွင်အဖွဲ့ကြီးတန်းစီမံခန့်ခွဲရေး၌ ါနသည်သိပ်မကြီးပေ၊ ထိုထဲတွင် လူဒါဇင်ခန့်သာရှိပြီး အချို့မှာခရီးဝေးသောကြောင့်

စာစဉ် ၁၁

မရောက်ကြသောအခြားအခြေစိုက် မြို့များ၏ အထွေထွေမန်နေဂျာများဖြစ်သည်၊

အမှန်မှာ အဖွဲ့ဝင်အချို့သည်ထိုကိစ္စနှင့်ပတ်သတ်ပြီး လေပြင်းတိုက်ခတ်ထားပြီးဖြစ် တာကြောင့်, သူတို့က အံ့ဩမသွားပေ၊

ကောင်းဖန်ရုတ်တရက်ဝင်ရောက်လာမှုနှင့်ပတ်သတ်၍ ထိုလူများသည်သူတို့၏အပြုံးများကိုထိန်းသိမ်းထားကြသည်၊ ထိုမှတစ်ပါး အခြားသောခံစားချက်များကိုမပြသခဲ့ပေ၊ အားလုံးကကောင်းဖန်ကိုတကယ်ကြိုဆိုသလိုလက်ခုပ်တီးကြသည်၊

ဒီလူတွေက သရုပ်ဆောင်အလုပ်မလုပ်ခဲ့တာ အရမ်းဝမ်းနည်းစရာကောင်းတာဘဲ။

စာစဉ် ၁၁

ကောင်းဖန်အတွက်တော့, ဒေတာဇယားထဲတွင် အင်အားကြီးသူတွေရဲ့ခံစားချက်က တစ်နေ့ထက်တစ်နေ့ရှင်းလင်းလာသည်၊ သေချာတာပေါ့, သူကလည်းဒါတွေသိတယ်ဆိုတာကိုမပြခဲ့ဘူး၊ သူ့အဘိုးဘေးမှာငြိမ်ငြိမ်လေးရပ်နေပြီး လူကြီးတစ်ယောက်ပြော နေတာကိုနားထောင်နေသည်၊ အစကသူ့ကိုဆန့်ကျင်တဲ့သူတွေရှိတယ်လို့ စကားစမြည်ပြောတုန်းကကြားဖူးပေမယ့် ထိုလူတွေကိုလွှန်ခဲ့တဲ့နှစ်နှစ်ကရှင်းထုတ်ပြီးဖြစ်သည်၊ကျန်တဲ့သူတွေကတော့ အနီးကပ်သူ့ရဲ့လက်ထောက်တွေပါဘဲ၊

ဒီအကြောင်းတွေကိုပြောနေတဲ့အခါမှာ ကျီဟာန့်ဝူကဘာကိုမှဖုံးကွယ်ထားဖို့ မကြိုးစားပေ၊

စာစဉ် ၁၁

အဆောက်အဦးအတွင်းထဲရှိလူများသည် သူ့လူတွေသာဖြစ်သည်၊ ကောင်းဖန်ကို ထည့်ပြောစရာမလိုချေ၊ လျိုရှောင်းထန်အတွက်ကတော့,

သူကအတွင်းလူဖြစ်နေတာ နှစ်၃၀ကျော်ရှိပြီဖြစ်ပြီး, သူကအယုံကြည်ရဆုံးလက်ထောက်ဖြစ်သည်, မဟုတ်ရင် ကျီဟာန့်ဝူကကောင်းဖန်ကိုကာကွယ်ဖို့ဘာကြောင့်လွှတ် ရမှာလဲ၊

ကျီဟာန့်ဝူကကောင်းဖန်ကို စိတ်ပိုင်းဆိုင်ရာပြင်ဆင်ရန်အတွက် အစောပိုင်းကတည်းက သိစေခဲ့ပြီးဖြစ်သည်၊ ကမ္ဘာကြီးကပြောင်းလဲသွားပြီး, တစ်ယောက်ယောက်က သနားကြင်နာတတ်ပေမယ့် ခိုင်မာတဲ့လက်ကိုလည်းပိုင်ဆိုင်ထားရလိမ့်မည်။

စာစဉ် ၁၁

နောက်ဆုံးတွင်တော့, သူ့အဘိုးက အကြီးတန်းစီမံခန့်ခွဲရေးအဖွဲ့ဝင်အများစုကို လက်ယမ်းပြလိုက်ကာ နှုတ်ဆက်လိုက်သည်၊ “မင်းတို့ပြန်သွားပြီး ကိုယ့်အလုပ်ကို လုပ်စရာရှိတာလုပ်ကြတော့၊ အိုး ,ဟုတ်သား, လျိုဟေး, ကျန်နေခဲ့ဦး”

အသက်သုံးဆယ်အရွယ်ရှိသည့် သန့်ပြန့်နေသည့်လူတစ်ဦးက ထိုနေရာတွင်ထိုင်နေခဲ့သည်၊ သူ၏ဆံပင်ခုနစ်ပုံမှ သုံးပုံအချိုးဖြင့်သပ်သပ်ရပ်ရပ်ခွဲထားပြီး အလွန်သန့်ရှင်း သပ်ရပ်သည်၊

အားလုံးကထွက်သွားပြီးနောက်, လျိုဟေးက ဦးလေးလျိုကိုလေးလေးစားစားဖြင့် ခေါ်လိုက်သည်, “အဖေ”

စာစဉ် ၁၁

ဒါကဦးလေးလျိုရဲ့သားလား?

ကောင်းဖန်သည်လျိုဟေားကိုကြည့်လိုက်သည်၊ ထိုလူ၏မျက်နှာကိုမြင်ဖူးသည်ဟု သူထင်နေသည်၊ အဲ့တာက အဘိုးသူ့ဆီလာလည်တုန်း သူကလေးတုန်းကဖြစ်နိုင်သည်၊

ကျီဟာန့်ဝူကလျိုဟေားကိုပြောလိုက်သည်, “ ဖန်လေးအတွက်, မင်းရဲ့လူ့အရင်းအမြစ်စီမံခန့်ခွဲရေးမှာနေဖို့နှစ်ရက်လောက်ပြင်ဆင်ထားတယ်၊ ကျေးဇူးပြုပြီး သူ့ကိုဂရုစိုက်ပေးပါဦး”

“ဟုတ်ကဲ့, ဦးလေးကျီ” လျိုဟေားကခေါင်းညိတ်လိုက်သည်၊

အပြင်ဘက်တွင်မဟုတ်လျှင် လျိုဟေားကကျီဟာန့်ဝူကိုဦးလေးကျီလို့ခေါ်သည်၊

# စာစဉ် ၁၁

***

စာစဉ် ၁၁

# *အပိုင်း၁၆၆ ပိုင်ယဲ့*

ကောင်းဖန် အဆောင်တွင်မနေဘဲ အဘိုးကျီနှင့်တစ်ခါတည်းပြောင်းသွားလိုက်သည်၊

အဘိုးကျီက တောင်ပိုင်းကောင်းကင်အဖွဲ့ဌာနချုပ်မှ တစ်မီတာအကွာတွင်ရှိသော ကြီးမားသောဗီလာတွင်နေသည်၊ တောင်ပိုင်းကောင်းကင်အဖွဲ့သည် မြို့လယ်သို့ တိုက်ရိုက်သွားလို့ရမည့်လမ်းများဖောက်ထားသောကြေ ာင့် အလွန်အဆင်ပြေသော နေရာတွင်ရှိသည်၊

သူ့အဘိုးနှင့်စကားပြောပြီးနောက်, ကောင်းဖန်က လျိုပေားနှင့်အတူအောက်ထပ်သို့ သွားလိုက်သည်၊

စာစဉ် ၁၁

သူတို့ကခေတ်လှေကားဖြင့် လူသားအရင်းမြစ်စီမံခန့်ခွဲမှုဌာနသို့သွားလိုက်သည်၊

လူသားအရင်းမြစ်စီမံခန့်ခွဲမှုဌာနတွင်,ကောင်းဖန်က တစ်စုံတစ်ယောက်နှင့် မမျှော်လင့်ဘဲတွေ့ဆုံလိုက်သည်၊

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော အသက်သုံးဆယ်အရွယ်အမျိုးသားတစ်ဦးဖြစ် သည်၊

သူကကောင်းဖန်ကိုတွေ့သောအခါ အမြန်လမ်းလျှောက်လာသည်၊ သူကလျိုဟောကို လုံးဝလျစ်လျူရှုထားပြီး ကောင်းဖန်ကိုနှစ်သက်စွာဖြင့်ကြည့်လိုက်သည်၊ “သခင်လေးကောင်း, မနက်ကငါအရမ်းကိုရဲတင်းခဲ့ပါတယ်”

စာစဉ် ၁၁

ကောင်းဖန်၏အချက်အလက်ဇယားထဲတွင် ထိုလူ၏အခြေအနေကို [ကျန်းမာ(တည်ငြိမ်)]ပြထားသည်။

ထိုအကြောင်းကြောင့် လူ့အရင်းအမြစ်ဌာနတွင်ကြီးမားသောအကျပ်အတည်းဖြစ်သွားသည်၊

ထိုနေရာတွင်, ဝန်ထမ်းများကတုန်လှုပ်ခြောက်ခြားသွားတော့သည်၊ အနက်ရောင်ဝတ်ထားသောအမျိုးသားသည် မည်သူဖြစ်သည်ကိုအားလုံးသိကြသည်၊ သူက တောင်ပိုင်းကောင်းကင်အဖွဲ့၏စျေးကွက်ရှာဖွေရေးဌာန၏အကြီးအကဲဖြစ်သည်၊ သူက လူ့စွမ်းအားအရင်းအမြစ်ဌာနအကြီးအကဲလျိုဟောနှင့် အဆင့်အတူတူပင်ဖြစ်သည်၊

စာစဉ် ၁၁

သူက အလွန်အေးဆေးတည်ငြိမ်သူဖြစ်သည်၊ ကောင်းဖန်ကခေါင်းငုံ့ထားတဲ့ ချောင်ရှန်ကိုကြည့်လိုက်သည်၊ ကောင်းဖန်ကိုဦးညွတ်နေတဲ့သတင်းက တောင်ပိုင်းကောင်းကင်အဖွဲ့တစ်ခုလုံးတွင်ပျံ့သွားမှာဖြစ်သည်၊

သူကတခြားသူများ၏သူ့အပေါ်လေးစားမှုကိုလွှင့်ပစ်လိုက်သည်၊ ဒါပေမယ့်, အမှန်မှာတော့သူဘာမှမဆုံးရှုံးခဲ့ပေ၊ ချောင်ရှန်က ဒီလိုအရာမျိုးတွေလုပ်ဖို့ မှန်ကန်တဲ့ အချိန်ကိုကောင်းကောင်းဆုပ်ကိုင်နိုင်ခဲ့သည်၊

ကောင်းဖန်က တကယ်တော့အရမ်းရှုပ်ထွေးသွားသည်၊ သူကနေ့ခင်းတုန်းကကိစ္စ အတွက်စိတ်မဆိုးပေ၊

စာစဉ် ၁၁

အကယ်၍ချောင်ရှန်လာပြီး
မတောင်းပန်လျှင်တောင်သူက
ထိုကိစ္စကိုမေ့ပြစ်လိုက်မည်ဖြစ်သည်၊

ခဏာနေပါဦး…
ကောင်းဖန်ကရုတ်တရက်အရမ်းထိတ်လန့်သလိုခံစားလိုက်ရသည်၊
ဌာနခေါင်းဆောင်ကသူ့ဆီကိုရုတ်တရက်လာပြီးဦးညွှတ်တောင်းပန်တယ်၊ ဒါကအရမ်း မမိုက်ဘူးလား၊
သူ့အချက်အလက်တွေကို
ဥက္ကဋ္ဌ၏မြေးအဖြစ်ထုတ်ဖော်ခဲ့သည်၊

ကောင်းဖန်သည်
ထိုအရာကကောင်းတဲ့အရာမဟုတ်ဘူးလို့ခံစားလာရသည်။

စာစဉ် ၁၁

ကောင်းဖန်ကဘာလို့အဲ့လိုခံစားရလဲမသိတော့ပေ၊ နောက်ပြီး, သူက ရုံးတွင်းခြေရှုပ်မှု တွေအကြောင်းကို ခုထိအတွေ့အကြုံမရှိသေးပေ၊ ဒါကသူ့အတွက်အရမ်းမြင့်တဲ့ ပရိုဖိုင်ဖြစ်သည်၊ ၎င်းကသူ့ကိုသန်မာသောသူတစ်ဦးဖြစ်အောင်လုပ်နေသည်၊ ဌာန ခေါင်းဆောင်က သူဒီကိုလာပြီးတဲ့နောက်သူ့ကိုလာပြီးတောင်းပန်နေသည်၊

ဒါကတော့ တောင်ပိုင်းကောင်းကင်အဖွဲ့မှာနေရတဲ့သူ့ရဲ့ပထမဆုံးနေ့ဖြစ်သည်၊

ကောင်းဖန်ကရှေ့သို့နှစ်လှမ်းလောက်လျှောက်သွားပြီး ချောင်ရှန်ကိုထူလိုက်သည်၊ သူက မာနကြီးသည့်ပုံစံမပါဘဲနွေးထွေးစွာဖြင့်ပြောလိုက်သည်,

## စာစဉ် ၁၁

“မစ္စတာချောင်, နောက်နေတာဘဲဖြစ်ရမယ်၊ ဒါကသေးငယ်တဲ့ကိစ္စလေးပါဘဲ၊ ပြီးတော့,ခင်ဗျား ကျွန်တော့်ကိုဒီလိုလုပ်နေတာကပိုပြီးစိတ်လှုပ်ရှားစေတယ်”

ချောင်ရှန်ကမတ်မတ်ရပ်လိုက်ပြီး သူကအစားအသောက်သွားဝယ်ရမည်ဖြစ်ကြောင်း ပြောကာထွက်သွားတော့သည်၊

ကောင်းဖန်ချောင်ရှန်၏စိတ်ခံစားချက်များကိုအာရုံစိုက်နေသည်၊ ငြိမ်သက်နေပြီး စကားစမြည်ပြောနေစဉ် ရုတ်တရက်ထိတ်လန့်တုန်လှုပ်ခြင်းအပြင်, အခြားသောမုန်းတီးသည့်စိတ်ခံစားချက်များကိုမပြသခဲ့ပေ၊

ချောင်ရှန်သည်သူ၏စိတ်ခံစားချက်များကိုထိန်းချုပ်နိုင်ခြင်းကြောင့်လား ဒါမှမဟုတ်

စာစဉ် ၁၁

သူကတကယ်ကိုတည်ငြိမ်တဲ့လူလားဆိုတာကောင်းဖန်မသိပေ၊

ဘယ်လိုဘဲဖြစ်ဖြစ်,
ကောင်းဖန်ရဲ့အထောက်အထားကိုတော့
ဒီအဖြစ်အပျက်ကနေ ထုတ်ဖော်သွားတော့သည်၊

သူဌာနကိုလှည့်ပတ်ကြည့်ရှုပြီးသူ၏အနာဂါတ်လုပ်ေ
ော်ကိုင်ဖက်များ၏အမူအရာကို
မြင်သောအခါကောင်းဖန် နွမ်းနယ်လာတော့သည်၊

လျှိုဟေးသည်ထိုအဖြစ်အပျက်မျိုးဖြစ်လာမယ်လို့
မျှော်လင့်မထားပေ၊ ခဏလောက်
စဉ်းစားပြီးကောင်းဖန်ကိုပြောလိုက်သည်,
“ဒီလိုဆိုရင်ရောဘယ်လိုလဲ၊ မင်း
ပိုင်ယွဲ့ခရိုင်ဘက်ကိုသွားပြီး
လူသစ်စုဆောင်းတဲ့နေရာကိုကိုင်တွယ်လိုက်၊

အဲ့မှာနည်းနည်းတော့ရှုပ်ပေမယ့်, စီမံခန့်ခွဲမှုအရကတော့ မင်းအဲ့မှာလွယ်ကူပြီးအချိန်ပို ရလိမ့်မယ်၊”

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်၊ သူကအခုမှစလုပ်မှာဆိုတော့, လျိုဟေး ညွှန်ကြားသည့်အတိုင်းဘဲ လုပ်လိုက်မည်၊

…

ပိုင်ယွဲ့ခရိုင်သည် ယွိကျိုးမြို့မြောက်ဘက်ရှိခရိုင်တစ်ခုဖြစ်သည်၊ အတော်လေးဝေးကွာပြီးထိုနေရာရှိအဆောက်အဦးအများ ားစုမှာဟောင်းနွမ်းနေသည်၊ အချို့သောဝိုင်ယာကြိုးအဟောင်းများသည် အဆောက်အအုံများ၏အပေါက်များထဲမှဖြတ်သွားပြီး လျှပ်စစ်ခေတ်တိုင်များကလည်း

စာစဥ် ၁၁

လမ်း၏တစ်ဖက်တစ်ချက်တွင်ရှိသည်၊ တိုင်များပေါ်တွင် ကြော်ငြာစာများကပ်ထားသည်၊

လမ်းပေါ်ရှိလေထုကညစ်ပတ်နံ့စော်နေသည်၊ ကောင်းဖန်ကမျက်မှောင်ကြုတ်လိုက်သည်၊ အဆောက်အအုံတချို့၏ထောင့်တွေတွင်အနက်ရောင်ပလတ်စတစ်အိတ်ကြီးတွေ ရှိနေသည်၊ ဇွန်လ၏ပူပြင်းသော နေ့တစ်နေ့ဖြစ်ပြီး ယွိကျိုးမြို့သည်မီးပြင်းဖိုနှင့်ပင်တူလှသည်၊

အမှိုက်နံ့ကအဝေးသို့ပျံ့နှံ့သွားသည်၊ အမှိုက်အိတ်များပေါ်တွင်ယင်ကောင်များက ပျံဝဲနေသည်၊ လမ်းသွားလမ်းလာတွေဖြတ်သွားတဲ့အခါ ယင်ကောင်တွေကပျံလာပြီး ဘေးတွင်ပျံဝဲနေကြသည်၊

လမ်းပေါ်မှာရှိသောဆိုင်များက သူတို့၏တံခါးများကိုကျယ်ကျယ်ဖွင့်ထားကြသည်၊

စာစဉ် ၁၁

သူတို့က
ဒီလိုစိတ်ညစ်စရာကောင်းတဲ့အပူချိန်မျိုးကိုမခံစားနိုင်ကြဘူး၊ သူတို့က အပူလှိုင်းများကိုစုပ်ထုတ်နေကြသည်၊

“ကြည့်ရတာအတော်လေးပူပုံဘဲ” ကောင်းဖန်က သူ့နှဖူးပေါ်ကချွေးတွေကိုသုတ်လိုက်သည်၊

“အခုကအရမ်းကောင်းနေပါပြီ၊ ကပ်ဆိုးမတိုင်ခင်က, ယွိကျိုးကကြီးမားတဲ့ ရေနွေးငွေ့
တောင်ကြီးဖြစ်သွားလိမ့်မယ်၊ အကြောင်းကတော့ယန်ဇီ
မြို့ရဲ့ဘေးမှာရှိတာလေ၊ နွေရာသီဆို စိုစွတ်ပြီးပူတယ်၊
အပြင်မှာထက် အတွင်းကပိုပူတယ်လေ၊
ကပ်ဆိုးကြီးအပြီး
မြို့နားမှာရှိတဲ့သစ်တောတွေကပိုတိုးလာပြီး
ယန်ဇီကလည်းပိုကြီး လာတယ်၊
အခုနွေရာသီကအရင်လိုမပူတော့ဘူး”

စာစဉ် ၁၁

ကောင်းဖန်၏ဘေးတွင်မျက်မှန်တပ်

ထားတဲ့လူကရပ်နေသည်၊

သူကကောင်းဖန်၏လက်ထောက်အဖြစ်စေလွှတ်ထားခံ

ရသော လူ့စွမ်းအားအရင်းအမြစ်ဌာနမှ

အကြီးတန်းဝန်ထမ်းတစ်ဦးဖြစ်သည်၊

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်၊

ဒါကယွိကျိုးမြို့ဘဲမဟုတ်လား၊ ကပ်ဆိုးကြီး

မတိုင်ခင်ကဆို,

နွေရာသီကနိုင်ငံတိုင်းရဲ့နေရာတိုင်းမှာပူနေတယ်၊

အဲ့တာက

ကပ်ဆိုးကြီးရဲ့သေးငယ်တဲ့အကျိုးကျေးဇူးလေးအဖြစ်မှ

တ်ယူနိုင်သည်၊ အနည်းဆုံး

တော့နွေရာသီကသိပ်မပူတော့ဘူး၊

"သခင်လေးကောင်း, ငါတို့ရောက်တော့မှာ၊ ဒီဟာက ပိုင်ယဲ့ခရိုင်ရဲ့ တောင်ပိုင်းကောင်းကင်အဖွဲ့လူသစ်စုဆောင်းရေးဌာနေ" ဝမ်လျန့်ကသူ့ခေါင်းကို ညိတ်လိုက်သည်၊ သူ၏နှာခေါင်းမှာ ရွှေရောင်မျက်မှန်တပ်ထားတာကြောင့်, သူက ခေတ်သစ်လူယုံတော်ပုံစံဖြစ်နေသည်၊

ကောင်းဖန်က အံ့ဩနေသည်၊ "ကျွန်တော့်ကိုသခင်လေးကောင်းလို့ မခေါ်ပါနဲ့"

"မင်းစိတ်တိုင်းကျပါ, သခင်လေးကောင်း"

ကောင်းဖန်က ထိုသူ့ကိုပြင်ပေးဖို့အတွက်စိတ်မဝင်စားတော့ပေ၊ လမ်းတုန်းကလည်း အကြိမ်အနည်းငယ်လောက်ပြင်ပေးခဲ့ပြီးသားဖြစ်သည်၊

စာစဉ် ၁၁

သူကတာ့ဇီနှင့်အစင်းလေးကိုသူ့အဘိုးနှင့်နှစ်ရက်ထ ားခဲ့တာဖြစ်သည်၊ သူကတစ်ချိန် တည်းမှာသားရဲအများကြီးကိုခေါ်မလာနိုင်ပေ၊ ဘာကြောင့်လည်းဆိုတော့ တာ့ဇီက သူ့မိဘတွေချန်ထားခဲ့တဲ့တစ်ကောင်တည်းသောသားရဲဖြ စ်ပြီး, တာ့ဇီကအတော်လေး ပျော်ရွှင်နေသည်၊

အစပိုင်းတော့, တာ့ဇီကမပျော်ပေ၊ သူ့သခင်ကသူ့ကိုပထမဆုံးသားရဲ ဖြစ်နေတာတောင်မှခေါ်မသွားတာကြောင့် သူကမပျော်မရွှင်ဖြစ်နေသည်၊ ကောင်းဖန်က တာ့ဇီကိုသူ့အဘိုးနဲ့လိုက်မသွားခင် နှစ်သိမ့်ဖို့အချိန်အတော်ကြာသည်၊

ဒါကသူ့သခင်ရဲ့အဘိုး!

သူ့အဘိုး!

စာစဉ် ၁၁

ဒမ်ဘီကကောင်းဖန်၏အခုလက်ရှိအသန်မာဆုံးသား ရဲဖြစ်သည်, ဒါကြောင့်သူက ကောင်းဖန်နဲ့အတူလိုက်ပါလာသည်၊ ငါးမီတာရှည်သောပုံစံက ကောင်းဖန်သွားရာ နေရာကော်လိုကပ်ပါလျက်ရှိသည်၊ ကောင်းဖန်၏ပုခုံးပေါ်တွင် အစိမ်းရောင် ဆီလီရှိသည်၊ သူ့ရဲ့ညာဘက်မှာတော့, ခုန်ပျံနေတဲ့ ဖက်တီးကြိုးကြာကောင်ရှိသည်၊

ဖလိမ်မီကနည်းနည်းဘဲပိန်ပေမယ့် ပင်ကွင်းတစ်ကောင်ပုံစံလိုမျိုးတော့မဟုတ်တော့ဘူး၊ အနည်းဆုံးတော့သူကကြိုးကြာပုံစံတော့ပြန်ပေါက်လာ ပြီဖြစ်သည်၊ သူ၏ဆူဖြိုး နေသောခန္ဓာကိုယ် တောက်ပြောင်နေသောအမွေးအတောင်များနှင့်ထူထဲ ေသာ လည်ပင်းတို့က သူဌေး၏သားတစ်ယောက်ပုံစံမျိုးဖြစ်နေသည်၊

စာစဉ် ၁၁

“တကယ်တော့,
ပိုင်ယဲ့ခရိုင်သည်ယွိကျိုးခရိုင်တွေထဲကတစ်ခုဖြစ်ပြီး…
စီးပွားရေးအရ အတော်လေးနောက်ကျသည်၊”
ဝမ်လျန့်ကကောင်းဖန်ကိုတိုးတိုးလေးပြောလိုက်သည်၊
တစ်ချိန်တည်းမှာပင်,
သူကထိုအချက်အလက်များကိုပြောသောအခါ
ကောင်းဖန်၏ မျက်နှာအမူအရာကိုလည်း
သတိပြုမိသည်၊

“သူတို့ဘယ်လောက်နောက်ကျကျန်နေခဲ့တာလဲ?”
ကောင်းဖန်ကမေးလိုက်သည်၊ တစ်ယောက်မှ
သူပျော်လား
ဒေါသထွက်နေလားဆိုတာဘယ်သူမှမပြောနိုင်ပါ၊

“ကပ်ဆိုးကြီးအတွင်းမှာ
လူအများအပြားသေဆုံးခဲ့တယ်၊ လူမှုရေးတွေကလည်း
သိသိသာသာပြောင်းလဲသွားတယ်၊

ဒီမှာရှိတဲ့လူတော်တော်များများက အပြောင်းအလဲတွေနဲ့ လိုက်လျောညီထွေအောင် မလုပ်နိုင်ကြဘူး” ဝမ်လျန့်က ခေါင်းငုံ့ပြီးသက်ပြင်းချလိုက်သည်၊

“ဘာလို့ဒီနေရာကိုပိုင်ယွဲ့လို့ခေါ်တာလဲ? ဘာကြောင့်လဲဆိုတော့ ကပ်ဆိုးကြီးမတိုင်ခင် အလုပ်တွေကိုစောင့်နေတဲ့သူတွေက ကျွမ်းကျင်ပညာရှင်တွေနဲ့ စက်မှုလုပ်ငန်း အမျိုးမျိုးကနေလာတာကြောင့်ဘဲ၊ အချို့လူတွေက သူ့တို့ရဲ့အခြေအနေအတိုင်း ရာထူးမှနှုတ်ထွက်ရန်ဆန္ဒမရှိသောကြောင့် အလုပ်ကြိုးစားပြီးဤနေရာမှထွက်သွား ကြတော့သည်၊ ကျန်တာတွေကတော့…”
ဝမ်လျန့်ကရယ်မောလိုက်သည်၊
သူစောင်းပါးရိပ်ခြည်ပြောချင်တာတွေထွက်သွားပြီဖြစ်သ
ည်။

## စာစဉ် ၁၁

ကောင်းဖန်ကခေါင်းညိတ်လိုက်ပြီး သူ့ဘေးပတ်လည်ကိုကြည့်လိုက်သည်၊ ပိုင်ယွဲ့မှာ လမ်းသွားလမ်းလာတွေသိပ်မရှိဘူး၊ လမ်းပေါ်မှာ လူသွားလူလာအများကြီးမရှိပေ၊

သူတို့ရှေ့ရှိထောင့်ကို လှည့်ကြည့်လိုက်သည်၊ ဝမ်လျန့်က နှစ်ထပ်တိုက်ကိုညွှန်ပြ လိုက်သည်, "သခင်လေးကောင်း, ဒါကပိုင်ယွဲ့ခရိုင်မှာရှိတဲ့တောင်ပိုင်းကောင်းကင်အဖွဲ့ရဲ့ဌာနခွဲပါ၊ ဒီခရိုင်မှာရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် တာဝန်ကျတဲ့နေရာပါ။"

ကောင်းဖန်၏အာရုံက အဆောက်အအုံနှင့်ဆန့်ကျင်ဘက်ရှိ ခန်းမတစ်ခုဆီသို့ ရောက်သွားသည်၊ ခန်းမရှေ့တွင်ကြီးမားသောမိုးကာကြီးရှိသည်၊

စာစဉ် ၁၁

ခန်းမမှအပြင်ဘက်သို့ ယိုယွင်းပျက်စီးနေသောပျဉ်ချပ်ပြားများက ထွက်နေသည်၊ ကြီးမားသောအနက်ရောင် ပန်ကာကြီးက တဂျီဂျီနှင့်မြည်နေတော့သည်၊

မိုးကာ၏အောက်တွင်, ထိုင်နေသူများနှင့် လဲလျောင်းနေသူများရှိသည်၊ လူတွေနဲ့ စည်ကားနေပါသည်၊ သူတို့အဝတ်အစားတွေက ဟောင်းနွမ်းနေပြီး ဆံပင်တွေကရှုပ်ပွ နေသည်၊ သူတို့အဲ့ဒီမှာနားဖို့ဖြစ်သည်၊ လေကောင်းလေသန့်ရရန်ဖြစ်သည်၊

တစ်ခါတစ်ရံ, တစ်စုံတစ်ယောက်က ဟောခန်းအတွင်းသို့ဝင်သွားတာ ဒါမှမဟုတ် ထွက်လာတတ်ကြသည်၊ အတွင်းထဲမှလူများက လှုပ်လှုပ်ရှားရှားလုပ်နေကြသည်၊ အများအပြားကမျက်မှောင်ကြုတ်နေကြပြီး,

စာစဉ် ၁၁

သူတို့ပုခုံးပေါ်တွင်ပုခုံးပေါ်တွင်တိုကင်ပြား တစ်ခုစီပါဝင်သည်၊ သူတို့က မိုင်းနင်းမိမှာကိုစိုးရိမ်သလိုဖြင့်တုံ့ဆိုင်းစွာဖြင့်သွားနေကြသည်၊

“အဲ့တာဘာလဲ?” ကောင်းဖန်က တစ်ခုခုကိုအံ့သြစွာဖြင့်မေးလိုက်သည်၊

“အိုး, အဲ့တာပိုင်ယွဲ့ခရိုင်ရဲ့ လူစုဆောင်းရေးဟောခန်းလေ၊ အထဲမှာရှိတဲ့လူတွေက ပိုင်ယွဲ့ရဲ့အကောင်းဆုံးလူတွေဘဲ” ဝမ်လျန့်က သူဘာလေသံဖြင့်ပြောနေမိမှန်းတောင် မရှင်းလင်းတော့ပေ၊

“ပိုင်ယွဲ့ရဲ့အကောင်းဆုံး၊ အဲ့တာဘာလဲ?” ကောင်းဖန်ကအနည်းငယ်သံသယဖြစ်စွာ ဖြင့်မေးလိုက်သည်၊ အတွင်းကလူတွေက သူတို့ဘယ်အရာကိုမှအကောင်းဆုံးဖြစ်တဲ့ပုံ မပေါ်ပေ၊

စာစဉ် ၁၁

“အဲ့တာကထော့ငေါ့တဲ့စကားသပ်သပ်ပါ၊ ဒီကလူတွေက သူတို့ရဲ့ချစ်ရသူတွေကို ဆုံးရှုံးတာ, သူတို့နေအိမ်တွေပျက်စီးတာ, ဒါမှမဟုတ် သားရဲတွေနဲ့သွေးစာချုပ်မချုပ် ချင်တာအဲ့လိုလူတွေဘဲ၊ သူတို့ကတော့နတ်ဆိုးရဲ့ကျိန်စာမိသလိုဘဲ၊ ဘယ်သူသိမှာလဲ၊ သူတို့ကရှင်သန်ဖို့ကြိုးစားနေကြတာ၊သူတို့ကတစ်နေ့ပြီး တစ်နေ့ဘဝကိုဖြတ်သန်းနေကြတဲ့သူတွေဘဲ။”

ဝမ်လျန့်ကခေါင်းယမ်းလိုက်သည်၊

***

စာစဉ် ၁၁

# *အပိုင်း၁၆၇ ပျော်ရွှင်နေတဲ့ကြိုးကြာဖက်တီး*

စိတ်ယိုယွင်းသူတွေ၊ သူတို့ကနံစော်နေပြီး, ရေတိုသာယာမှုကို စွဲနေပြီး အနာဂါတ် အတွက်မျှော်လင့်ချက်မရှိသူများဖြစ်သည်၊

ဒါက ပိုင်ယဲ့ရဲ့အကောင်းဆုံးထင်မြင်ချက်အဖြစ် ကောင်းဖန်ပေးခြင်းဖြစ်သည်၊

ကောင်းဖန်ကသူ့ခေါင်းကိုငြိမ့်လိုက်ပြီး ဘာမှသိပ်ပြီးမပြောပေ၊

တောင်ပိုင်းကောင်းကင်အဖွဲ့၏ပိုင်ယဲ့ရုံးခွဲအတွင်းကို ဝင်သွားပြီးနောက်, ကောင်းဖန် သည်လုပ်ထုံးလုပ်နည်းများကိုလျင်မြန်စွာဖြင့်လုပ်ဆော

င်ပြီးခဲ့သည်၊ ဒါကရိုးရှင်းတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်သည်၊ အင်အားသုံးပြီးအပတ်တကုပ်ကြိုးစားရတာမပါချေ၊

ဒီဌာနခွဲ၏မန်နေဂျာရွှယ်ဟုန်သည်အသက်၃၀ဝန်းကျင် အိမ်ထောင်ရှိအမျိုးသမီး တစ်ဦးဖြစ်သည်၊ အလယ်တန်းကျောင်းတွင်ပညာသင်ကြားနေသည့်သားနှစ်ယောက် ရှိသည်၊ ကောင်းဖန်အပေါ်သူမ၏သဘောထားမှုကတော့, စိတ်မဝင်စားသလို စိတ်အားထက်သန်မှုလည်းမရှိပေ၊

“ ပိုင်ယွဲ့ခရိုင်မှာ အလုပ်သမားအသစ်တွေစုဆောင်းနေတာ…” ကောင်းဖန်က မျက်မှောင်ကြုတ်ပြီးပြောလိုက်သည်၊

“ဒါကိုကိုင်တွယ်မယ့် ရာထူးငယ်တဲ့သူတွေရှိပါတယ်၊ သခင်လေးကောင်းစိတ်ချနိုင်ပါ တယ်” ဝမ်လျန့်ကခေါင်းညိတ်ကာပြောလိုက်သည်၊

စာစဉ် ၁၁

“ကျွန်တော့်ကို ခေါင်းဆောင်ကောင်းလို့ဘဲခေါ်ပါ၊ ခင်ဗျားကျွန်တော့်ကို နာမည်မှားခေါ်တိုင်း ကျွန်တော်ခင်ဗျားလစာကိုဖြတ်မယ်” ကောင်းဖန်ကသူ့ကိုတစ်ချက်ကြည့်လိုက်သည်၊

“နားလည်ပါပြီ၊ ခေါင်းဆောင်ကောင်း!”ဝမ်လျန့်ကရွှင်ပျစွာဖြင့်ဖြေလိုက်သည်၊

“…” ကောင်းဖန်ကရုတ်တရက်အရမ်းစိတ်ဝင်စားဖို့ကောင်းတ ာကို တွေ့လိုက်သည်၊ သူက ဒီလူကြီးရဲ့အားနည်းချက်ကိုရှာတွေ့လိုက်သည်၊

အကြောင်းတချို့ကြောင့်, သူအရမ်းရင်းနှီးသလိုခံစားနေရသည်၊

စာစဉ် ၁၁

“ခေါင်းဆောင်ကောင်း, မင်းဌာနခွဲကိုနေ့စဉ်လည်ပတ်ဖို့အတွက် စိတ်ပူစရာမလိုပါဘူး၊ မင်းဆီကို ဘာတွေဖြစ်နေလဲဆိုတာတင်ပြဖို့အတွက် ရာထူးငယ်တဲ့သူတွေရှိတယ်၊ ခေါင်းဆောင်တစ်ခုစိုးရိမ်ရမှာက, လူစုဆောင်းမှုရဲ့အသေးစိတ်အချက်အလက်နဲ့ ဝန်ထမ်းရေးရာအပြောင်းအရွှေ့တွေပါ၊ ဒီရာထူးက မင်းကိုပိုပြီးအချိန်အားစေတယ်”

ကောင်းဖန် ဒီအရာကိုငြင်းလို့မရပေ၊ သူကခေါင်းညိတ်လိုက်သည်၊

ကောင်းဖန်မထင်မှတ်ထားသည့်အရာမှာလေ့ကျင့်ေ ေးကိရိယာအချို့ပင်ပါဝင်သည့် ဂိုဒေါင်ကြီး၏နောက်ဘက်ရှိသားရဲများအတွက်

လေ့ကျင့်ရေးစင်တာဖြစ်သည်၊ လေ့ကျင့်ရေးစင်တာကိုအသုံးပြုသူကနည်းပါးတဲ့ပုံရှိပုံမရပေ၊ အများစုပစ္စည်းများမှာ ပျက်စီးယိုယွင်းမှုများရှိနေသည်၊

“ဌာနခွဲတိုင်းမှာဒီလိုပစ္စည်းတွေရှိလား?”ကောင်းဖန်ကမေးလိုက်သည်၊

“ဟုတ်ကဲ့,အခြေခံအားဖြင့် ဌာနခွဲအချို့မှာရှိပါတယ်, ဒါပေမယ့်လူအနည်းစုသာ သုံးကြတာပါ။ သွားစရာမရှိတဲ့လူတွေသာဒီကိုလာကြတာပါ” ဝမ်လျန့်ကပြုံးလိုက် သည်၊ “လုံခြုံရေးဌာနနဲ့ ဗဟိုလုံခြုံရေးသတင်းအချက်အလက်ဌာနတွေမှာဆိုရင် ပိုပြီး အဆင့်မြင့်တဲ့ ဇိမ်ကျကျလေ့ကျင့်ရေးကွင်းတွေရှိပါတယ်၊ သူတို့ကကွင်းဆင်းလေ့ကျင့်

ရေးလုပ်ပြီးသစ်တောကိုသွားဖို့အတွက်တောင်သတ်မှတ်ထားတယ်”

ကောင်းဖန်ကသူ့ကိုယ်သူတီးတိုးရေရွတ်လိုက်သည်၊ သူကလေ့ကျင့်ရေးစင်တာရှိ ဟောင်းနွမ်းနေသောပစ္စည်းများကိုကြည့်လိုက်သည်၊ ထို့နောက်သူကလေးနက်စွာဖြင့် တွေးမိလိုက်သည်၊

“ကောင်းပြီ၊ ခင်ဗျားကိုယ့်အလုပ်ကိုသွားလုပ်လို့ရပြီ၊ အကယ်၍ တစ်ခုခုရှိခဲ့ရင်, ကျွန်တော့်ကိုတင်ပြပါ” ကောင်းဖန်က လူတွေကိုမိုက်ခရိုဖုန်းဖြင့်စီမံနေဖို့အချိန်မရပေ၊

“ဖလိမ်မီ, ဒီကိုလာခဲ့” ကောင်းဖန်က ဖလိမ်မီကိုလက်ယမ်းပြလိုက်သည်၊

စာစဉ် ၁၁

ဖလိမ်မီကခုန်ဆွခုန်ဆွဖြင့် သူ့၏အတောင်ပံများကိုတဖျတ်ဖျတ်ခတ်ကာရောက်လာသည်၊

ဖလိမ်မီက အဆင့်၂၀သို့ရောက်နေပြီးသားဖြစ်သည်။ သူကကြီးထွားတာမြန်သည်, ပြီးတော့သူကဧကရာဇ်အဆင့်သားရဲအဖြစ်သို့မှန်းထားေ ော ငယ်ရွယ်သည့်သားရဲဖြစ် သည်၊ သူလိုတာက ၎င်းကိုအုပ်ချုပ်သူအဆင့်သို့တိုးမြှင့်မပေးခင် လအနည်းငယ် လောက်လေ့ကျင့်ပေးရန်လိုအပ်သည်၊

အကယ်၍ဖလိမ်မီက အုပ်ချုပ်သူအဆင့်သို့တိုးသွားပါက, ကောင်းဖန်သည်လုံး၀ကို တိုက်ခိုက်မှုတွင်အားသန်သွားလိမ့်မည်ဟုဆိုလိုခြင်းဖြစ်သည်၊ ဖလိမ်မီက ပျံလည်းပျံနိုင်သည်၊

စာစဉ် ၁၁

ဒါကကောင်းဖန်၏အဖွဲ့ထဲတွင်ပျံသန်းသည့်သားရဲအမျိုးအစား မရှိခြင်းပြဿနာကိုဖယ်ရှားပေးခဲ့သည်၊

လေ့ကျင့်ရေးစင်တာတွင် သံတိုင်အနည်းငယ်ရှိသည်၊ ကွင်းများက ထိုတိုင်များ၏ ထိပ်နှင့်ချိတ်ထားသည်၊ကွင်းများတွင် အချင်းလေးမီတာရှိပြီး, ၎င်းတို့ကို တစ်ချက်ကြည့်လိုက်သည်နှင့် အလွန်ကြီးမားမှန်းသိသည်၊

ထိုကိရိယာကိုပျံသန်းနိုင်သော သားရဲတစ်ကောင်၏ လျင်မြန်မှုနှင့်အခြေခံစွမ်းရည်များကိုလေ့ကျင့်ရန်အသုံးပြုခဲ့သည်၊ မတူညီသောလမ်းကြောင်းများဖန်တီးရန်အတွက် တိုင်များကို ပုံစံအမျိုးမျိုးစီမံနိုင်သည်၊

စာစဉ် ၁၁

“မင်းပျံနိုင်သေးလား?”
ကောင်းဖန်ကဖလိမ်မီကိုလေးနက်စွာမေးလိုက်သည်၊

ဖလိမ်မီ၏မျက်နှာအမူအရာကဗလာဖြစ်နေသည်၊
သူကသူ၏လုံးဝန်းသောဗိုက်ကို ငုံ့ကြည့်လိုက်ပြီး
သူ့အတောင်တွေကိုဗိုက်အားထိရန်သုံးလိုက်သည်၊
သူ့ကြည့်ရတာ အရမ်းကိုဒုက္ခရောက်နေသလိုဘဲ၊

ခရစ်,ခရစ်?

“ခဏလောက်ပျံရအောင်လို့ကြိုးစားကြည့်”
ကောင်းဖန်ကရှေ့သို့လျှောက်သွားသည်၊
သူကအကွင်းများကိုစီစဉ်လိုက်ပြီး မခက်ခဲသော
Sပုံစံလမ်းကြောင်းပြုလုပ်လိုက်သည်၊

“ဒီစည်းကွင်းတွေကိုဖြတ်ပြီးပျံကြည့်၊
မင်းဘယ်လောက်ထိသွက်လက်တာကျန်သေးလဲလို့ငါ
ြည့်မယ်”

စာစဉ် ၁၁

ကောင်းဖန်ကဖလိမ်မီကိုပြောလိုက်ပြီးနောက်ဆုတ်လိုက်သည်၊

ဖလိမ်မီက နောက်သို့နှစ်လှမ်းဆုတ်သွားပြီး, သူ၏အတောင်များကိုဖြန့်လိုက်ကာ, အတောင်များကိုပြင်းထန်စွာခတ်လိုက်သည်၊ သူ၏ခြေထောက်တစ်ချောင်းကို ဆန့်ထုတ်လိုက်ပြီးခုန်လိုက်သည်၊ လေ့ကျင့်ရေးစင်တာအတွင်းတွင်လေပြင်းများ တိုက်ခတ်လာသည်၊

မြေပြင်ပေါ်ရှိဖုန်မှုန့်များသည်စတင်ဖောင်းပွလာပြီး မီးခိုးရောင်ဖုန်မှုန့်များဖြစ်လာ သည်၊ ကောင်းဖန်သည်နှာခေါင်းကိုအုပ်ကာ မျက်လုံးကိုပိတ်လိုက်သည်၊

စာစဉ် ၁၁

ဖလိမ်မီကသူ၏လည်ပင်းကိုဆန့်၍ ရှန်းကန်လိုက်ပြီးနောက် တင့်တယ်စွာဖြင့် သူ၏အတောင်များကိုခတ်လိုက်သည်၊ ပြီးနောက်သူက ဒိုးကျည်ကဲ့သို့ကွင်းများကို ဖြတ်၍ပျံသွားသည်၊

ဘန်း!

ကွင်းတစ်ခုက ပြင်းထန်စွာရိုက်မိသွားသည်၊ ၎င်းကမီတာအနည်းငယ်လောက်လွင့် သွားပြီး ဖက်တီးကြိုးကြာနှင့်အတူမြေပြင်ပေါ်သို့ကျသွားသည်၊ ဖလိမ်မီသည်ရိုက်ခတ်မှု ကြောင့်ကြောင်အအဖြစ်သွားသည်၊သူကမြေပြင်ပေါ်တွင် အကြိမ်အနည်းငယ်လောက် လူးလိမ့်နေသည်၊ ထို့နောက်စိတ်ပျက်စွာဖြင့် သူ့ခန္ဓာကိုယ်ရှိအဆီများကိုကြည့်လိုက် သည်၊

စာစဉ် ၁၁

တစ်ဖက်တွင်တော့ ကောင်းဖန်သည်ထိုကိစ္စကိုစိတ်ပိုင်းဆိုင်ရာ ပြင်ဆင်ထားသော ကြောင့် ထိတ်လန့်မှုမရှိပေ…

“ပိုပြီးလွယ်တဲ့တစ်ခု ကြိုးစားကြည့်ရအောင်၊ အဆင်ပြေပါတယ်, စိတ်ပျက်မနေနဲ့၊ မင်းကိုယ်မင်းယုံကြည်ဖို့လိုတယ်၊ မင်းသေချာပေါက်လုပ်နိုင်တယ်!” ကောင်းဖန်က ရှေ့သို့လျှောက်သွားပြီး ဖလိမ်မီကိုထူလိုက်ကာ အားပေးအားမြှောက်ပြုလိုက်သည်၊

နေ့လည်ခင်းတွင်ကျန်ရှိသောလေ့ကျင့်ခန်းများသည် ကောင်းဖန်၏အားပေးသံနှင့် အတူ ဖလိမ်မီ၏ဟောဟဲလိုက်နေသောအသံများဖြင့်ပြည့်နေခ ေ့သည်၊ လေ့ကျင့်မှု နှစ်နာရီကြာပြီးနောက်

စာစဉ် ၁၁

ဖလိမ်မီအနည်းငယ်မျှသာပျံသန်းနိုင်ခဲ့သည်၊ အနည်းဆုံး
တော့သူကလမ်းကြောင်းမှန်ပေါ်တွင်ပျံသန်းနိုင်ခဲ့သည်၊

ဖက်တီးကြိုးကြာသည်
လေထဲတွင်ပတ်၍ပျံဝဲနေသည်၊ သူကကွင်းများထံမှ
လျှော့ခနဲ ဖြတ်သွားပြီးနောက်,
တဖြည်းဖြည်းချင်းမြေပြင်ပေါ်သို့ဆင်းသက်သည်၊

ဖလိမ်မီ၏လုံးဝန်းသောမျက်လုံးများက
ရုတ်တရက်ကောင်းကင်ကိုကြည့်ပြီး ရယ်လိုက်သည်၊

ခရစ်,ခရစ်,ခရစ်!

သူကရုတ်တရက်ရယ်မောရင်းကြို့ထိုးသွားသည်၊
သူ၏ရှည်လျားသောနှုတ်သီးမှ
မီးတောက်တစ်ခုထွက်လာသည်၊
ပြီးတာနှင့်ချက်ချင်းသူ့တစ်ကိုယ်လုံးတွင် အနီရောင်
တောက်တောက်အလင်းရောင်ထွက်လာသည်၊

စာစဉ် ၁၁

အဖြူရောင်အမွေးများကြားတွင် ပြိုးပြိုးပြက်ပြက်အနီရောင်မီးတောက်များထွက်လာသည်၊

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၀> အဆင့်၂၁

သူက ဒီလိုမျိုးနဲ့အဆင့်တက်လာတာပေါ့?

ကောင်းဖန်၏မျက်လုံးများ ပြူးသွားတော့သည်၊

သို့သော်တစ်နည်းအားဖြင့် ဒီအရာသည်သာမန်တော့မဟုတ်ပေ၊ ဖလိမ်မီသည် အစားအသောက်အများကြီးကိုစားခဲ့ပြီး ပြင်းထန်သောလေ့ကျင့်ခန်းလုပ်ပြီးနောက်, သူကသဘာဝကိုမွေးရာပါအရည်အချင်းရှိတာကြောင့် သူတိုးမြှင့်သွားခြင်းသည် အကျိုးသင့်အကြောင်းသင့်မဟုတ်ပါ၊

စာစဥ် ၁၁

ဒါပေမယ့်ကောင်းဖန်က ထူးဆန်းတယ်လို့တော့မခံစားရချေ။

ဖလိမ်မီရဲ့မျက်လုံးထောင့်စွန်းများတွင် မီးကသိပ်သည်းနေသည်၊ ၎င်းတို့က ကောင်းကင်ပေါ်တွင်ပြန့်ကျဲနေသော အလင်းရောင်အဖြစ်သို့ပြောင်းသွားသည်၊

ကောင်းကင်မှ စူးရှသောအသံထွက်လာသည်၊ သန်မာသောမီးတောက်များသည် သူ၏အတောင်များမှအမွေးအမျှင်ကဲ့သို့ပေါက်လာပြီးနေ ာက် ပြန့်ကျဲသွားသည်၊ အတောင်ပံများပေါ်တွင် ချည်မျှင်များကဲ့သို့စုစည်းဆက်နွယ်သွားကြသည်၊ မီးတောက်များအားလုံးကအတူတကွပေါင်းသွားပြီးလော င်ကျွမ်းသွားသည်၊

စာစဉ် ၁၁

မီးတောက်များကြားတွင်, ဖလိမ်မီသည်သူ၏လည်ပင်းကိုမြှောက်ကာ နှုတ်သီးကို ကောင်းကင်သို့ညွှန်ပြရန်အတွက်ပြင်းစွာအားထုတ်လိုက်သည်၊ အတောင်ပံများကို ဖြန့်၍လိမ္မော်ရောင်မီးတောက်များသည် သူ့တစ်ကိုယ်လုံးကိုဝန်းရံနေကာ မီးလျှံထဲတွင် ရေချိုးသလိုဖြစ်နေသည်၊

မီးတောက်များသည် ရုံးအတွင်းမှလူများကိုဆွဲဆောင်သွားသည်၊ တချို့ကမီးလောင်တယ်ထင်ကာမီးသတ်ဆေးဘူးများပြေးယူကြသည်၊

ထို့နောက်သူတို့က သားရဲတစ်ကောင်မီးတောက်များကြားတွင်နစ်မြှုပ်နေသည်ကို သတိထားမိသွားသည်၊

## စာစဉ် ၁၁

အဲ့ကိုလျှောက်သွားလိုက်ရမလား, ရှောင်သွားရမလား ဝေခွဲမရဖြစ်နေကြသည်၊ သူတို့ကထိုနေရာတွင်သာကိုရို့ကားရားရပ်နေကြသည်၊

အဆုံးမှာတော့ ဝမ်လျန့်ကသူတို့ကိုထွက်သွားဖို့တောင်းဆိုကာ ပြောလိုက်သည်၊

“ပြန်သွားပြီးကိုယ်လုပ်စရာရှိတာလုပ်ကြပါ၊ စိတ်ရှုပ်မခံကြပါနဲ့၊ ဒါက ခေါင်းဆောင်ကောင်းရဲ့ကိုယ်ပိုင်သားရဲပါ”

လူများကလေ့ကျင့်ရေးစင်တာမှထွက်သွားကြသည်၊

ဝမ်လျန့်က အဝေးတွင်ရပ်ကာကောင်းဖန်ကိုပြုံးပြလိုက်သည်၊ ထို့နောက်သူက ခေါင်းညိတ်ပြကာထွက်သွားလိုက်သည်၊

စာစဉ် ၁၁

ကောင်းဖန်ကဖလိမ်မီ၏အဆင့်တိုးမြှင့်ခြင်းသည် ထိုမျှကြီးမားသောမြင်ကွင်းကို ဖြစ်သွားလိမ့်မည်ဟုမထင်ခဲ့ပေ။

ထိုအရာကဖလိမ်မီအတွက် ကောင်းဖန်၏မျှော်လင့်ချက်ကိုပို၍တိုးသွားစေသည်၊ ဖလိမ်မီ၏ မီးစွမ်းရည်သည်နှိုးထလာပုံရသည်၊ တာ့ဇီ၏ အပူတစ်ဝက်လျှပ်စီးစွမ်းရည် နှင့် ၎င်း၏ကြွက်သားများကိုသာအသုံးပြုသည့်မြေကြီးစွမ်းရည်များဖြင့် နှိုင်းယှဉ် ကြည့်လျှင် ဖလိမ်မီ၏ မီးစွမ်းရည်ကပိုပြီးအစွမ်းထက်သည်၊

မီးသည်ဆယ်မိနစ်ခန့်ကြာပြီးနောက် တဖြည်းဖြည်းငြိမ်းသွားသည်၊ ဖလိမ်မီသည် တစ်နေရာထဲတွင်ရပ်နေသည်၊ သူ့ဗိုက်ကတော့ အရမ်းဝိုင်းနေသေးသည်…

စာစဉ် ၁၁

တစ်ခုတည်းသောပြောင်းလဲမှုမှာ သူ့ခန္ဓာကိုယ်ရှိအမွေးများက အနီရောင်တောက် သွားတာပင်ဖြစ်သည်၊ သူ့ပုံစံက အဆင့်တိုးမြှင့်ပြီးတာနဲ့ အနည်းငယ်ပိုကြီးလာသည်၊

ဖလိမ်မီကအဆင့်တိုးမြှင့်ပြီးနောက်,သူသည်သက်ေ ောင့်သက်သာရှိစွာ ယုံကြည်မှု အပြည့်ဖြင့်လေထဲသို့ပျံတက်သွားတော့သည်၊ ဒီတစ်ခေါက်ပျံရတာက အရင်ကထက် ပိုလွယ်တယ်၊ သူ့ဗိုက်ကနည်းနည်းဝိုင်းနေသေးပေမယ့်အရင်ထက်တေ ော့ပိုသွက်သည်၊

သူကကွင်းတစ်ခုစီကိုလွယ်ကူစွာဖြင့်ကျော်ဖြတ်သွား သည်၊ ဒါကကြည့်နေရာတာ ပျော်ရွှင်ဖို့အတွက်တော့ခက်ခဲသည်၊

စာစဉ် ၁၁

ဖလိမ်မီ၏ရိုးရှင်းသောပျော်ရွှင်မှုကိုမြင်တွေ့ရခြင်းက ကောင်းဖန်ကိုစကားစုတစ်ခု အားတွေးတောစေမိလိုက်သည်၊

ငါပျော်ရွှင်နေသ၍ ဘယ်တော့မှငါအထီးကျန်တယ်လို့မခံစားရဘူး၊

***

စာစဉ် ၁၁

# *အပိုင်း၁၆၈ လေ့ကျင့်ရေးစင်တာထဲမှအရိပ်တစ်ခု*

ကောင်းဖန် ဖလိမ်မီ၏စွမ်းရည်ကို စစ်ဆေးကြည့်လိုက်သည်။ အံ့ဩစရာမရှိဘဲ ဖလိမ်မီ၏စွမ်းရည်နှင့်စရိုက်လက္ခဏာတွေကပြောင်းလဲသွားခဲ့သည်။ ၎င်း၏အလားအလာအစစ်အမှန်က ပွင့်သွားခဲ့ပေပြီ။

ခုခံစွမ်းရည်၏အဓိပ္ပါယ်ကို ကောင်းဖန်နားလည်သော်လည်း တိုက်ခိုက်ရေးစွမ်းရည်ကိုတော့ ကောင်းဖန်သေချာမသိပေ။

[မကောင်းဆိုးဝါးအမည်] : မီးတောက်နီကြိုးကြာ

[မကောင်းဆိုးဝါးအဆင့်] : ၂၁

စာစဉ် ၁၁

[မကောင်းဆိုးဝါးအဆင့်အတန်း] : ပြီးပြည့်စုံ

[မကောင်းဆိုးဝါးစွမ်းရည်] : မီး

[အထူးဝိသေသလက္ခဏာများ] : မီးတောက်အမွေး (ခုခံစွမ်းရည်:အမွေးများက မီးဒဏ်ကိုခံနိုင်စွမ်းမြင့်တက်လာမည်။ တိုက်ခိုက်မှုစွမ်းရည် : အမွေးများက ခန္ဓာကိုယ်မှထွက်ကာ ရန်သူဆီသို့ပျံသန်းတိုက်ခိုက်နိုင်သည်။ အမွေးများသည် လေထုထဲရှိဒြပ်စင်နှင့်ပေါင်းစပ်ပြီးနောက် လောင်ကျွမ်းကာပေါက်ကွဲနိုင်သည်။)

[အဆင့်မြှင့်တင်ရန်လိုအပ်ချက်များ] : လောင်ကျွမ်းကောင်းကင်သလင်းကျောက် ၅၀၀ကျင်း၊ လျှို့ဝှက်သစ်သီး သုံးလုံးအထက်၊ မီးတောက်အဆီအနှစ်။

စာစဉ် ၁၁

ဇယားမှာက
အမွေးတွေကပေါက်ကွဲနိုင်သည်ဟုသာပြောထားကာ
ဘယ်လောက်ပြင်းအားအထိရှိလဲတော့မပါပေ။
ပေါက်ကွဲမှုက
ဖလိမ်မီး၏အမွေးအတောင်ကနေဖြစ်လာခြင်းမဟုတ်ဘဲ
အတောင်နှင့်လေထဲမှဒြပ်စင်တို့ပေါင်းစပ်ခြင်းကြောင့်
ထွက်ပေါ်လာမှာဖြစ်သည်။ ဒီတော့
ပေါက်ကွဲပြင်းအားက အတော်လေးကြီးမယ်လို့
ဆိုလိုသင့်တာပေါ့။ သို့သော်လည်း
လေ့ကျင့်ရေးစင်တာက လက်တွေ့စမ်းသပ်ကြည့်ဖို့
သင့်တော်သည့်နေရာမဟုတ်ပေ။ ဒီနေကပြီး
မီးတွေစလောင်ကုန်လို့ ပြဿနာတက်သွားနိုင်သည်။

ဤစွမ်းရည်၏တစ်ခုတည်းသောအားနည်းချက်က
ေ့ာ

ဖလိမ်မီ၏ကိုယ်ပေါ်မှအတောင်တွေကိုအသုံးပြုရခြင်းပင်။ ဒီစွမ်းရည်ကိုသာ မကြာမကြာသုံးမိပါက.... လေထဲမှာ အမွေးပြောင်ပြောင်ကြိုးကြာတစ်ကောင်ပျံနေမည့် မြင်ကွင်းမျိုးပုံဖော်ကြည့်လိုက်ရုံဖြင့် ကောင်းဖန်ရင်ထဲတုန်လှုပ်သွားတော့သည်။

ဖလိမ်မီကတော့ လေထဲတွင် မဆင်မခြင်ပျံသန်းနေကာ သူ့သခင်ခေါင်းပေါ်က ဖြတ်သွားမိသည်ကိုပင် သတိမထားမိခဲ့ပေ။

ကောင်းဖန် ဖလိမ်မီကိုခေါင်းမော့ကာကြည့်လိုက်ကာ နှုတ်ခမ်းတွန့်သွားတော့သည်။

ကောင်းဖန်ဆီ ဖလိမ်မီစရောက်ကာစတုန်းက ၎င်းသည် တစ်ကမ္ဘာလုံး၏စွန့်ပစ်ခြင်းကိုခံထားရသလိုမျိုး

သူ့ကိုခါးခါးသီးသီးကြည့်နေခဲ့သည်။

သူ့ကိုလက်စားချေဖို့တစ်ခုတည်းသာတွေးနေသလိုပင်။

လက်စားချေခြင်းက

လုံလောက်သည့်တွန်းအားတစ်ခုမဟုတ်သော်လည်း

တစ်ဘဝလုံးအမုန်းတရားကိုပွေ့ပိုက်ကာနေဖို့ကတော့

အလွန်ခက်ခဲပေသည်။

ကောင်းဖန်ကတော့ ဖလိမ်မီကို သူ့ရန်သူတွေကို

မုန်းတီးမှုအလျောက်ဖယ်ရှားပစ်မည့်နေရာမျိုးတွင်

မသုံးလိုပေ။ ၎င်း၏ဘဝကိုလဲ ခါးသီးမှုများနှင့်သာ

မရှင်သန်စေလိုခြင်းဖြစ်သည်။

ဖလိမ်မီက အခုတော့နေ့တိုင်းပျော်ရွှင်နေကာ ဒါကပဲ

ကောင်းဖန်၏သားရဲလေ့ကျင့်သူလမ်းစဉ်ပင်ဖြစ်သည်။

“ဖလိမ်မီ၊

မင်းအဆင့်တက်တက်အချိန်ပြောင်းသွားတဲ့ပုံစံက

စာစဉ် ၁၁

အရင်နဲ့အတူတူပဲဆိုတာ သိရဲ့လား?” ကောင်းဖန်က အောက်နေပြီး ဖလိမ်မီကိုလှမ်းအောင်လိုက်သည်။

ပျော်ရွှင်စွာပျံသန်းနေသည့်ဖလိမ်မီမှာ ရုတ်တရက်တောင့်တင်းသွားတော့သည်။ သူ့ရှေ့ကတိုင်ကိုဝင်မတိုက်မိတာကပင် ကံကောင်းလှသည်။ ဖလိမ်မီ၏မျက်နှာသေးသေးလေးမှာ ကြောက်ရွံ့ထိတ်လန့်နေဟန်ကပေါ်လာတော့သည်။ ကောင်းဖန်ပြောသည့်စကားကို ပိုတွေးမိလေ ပိုလို့ပင်စိတ်ပျက်လာတော့သည်။

ဒီလိုနဲ့ သူတဖြည်းဖြည်း စိတ်ပျက်လက်ပျက်နှင့်အော်ဟစ်ညည်းတွားတော့သည်။

“ဟဟ၊ ငါမင်းကိုနောက်နေတာပါ။” ဖလိမ်မီ၏အမူအရာကိုမြင်သည်နှင့် ကောင်းဖန်အော်ရယ်တော့သည်။

ဖလိမ်မီက သူ့ပုံစံသစ်နှင့်ရင်းနှီးမှုရှိအောင် နောက်ထပ်ဆယ်မိနစ်ကျော်လောက် ဆက်လေ့ကျင့်ခဲ့သည်။ ထို့နောက် ကောင်းဖန်က သွားရန်သူ့ကိုလှမ်းခေါ်တာကြောင့် ရပ်သွားခဲ့သည်။ တစ်ချိန်တည်းမှာပဲ ကောင်းဖန်က အလေးမနေသည့် ဒမ်ဘီကိုပါ လှမ်းခေါ်လိုက်သည်။ “ဒမ်ဘီ၊ သွားကြစို့။”

ဒမ်ဘီက သူ့ကိုယ်တွင် သဲအိတ်ပေါင်းဒါဇင်လောက်ချိတ်ထားသည့်အပြင် ဘယ်လက်နှင့်ညာလက်တွင်လဲ ကြီးမားသည့်အလေးတုံးများကို မထားသေးသည်။ ကောင်းဖန်ခေါ်သည်ကိုကြားသည်က ၎င်းက

အသာအယာခေါင်းညိတ်ကာ အလေးတုံးများကိုပစ်ချလိုက်တာကြောင့် မြေကြီးပင်တုန်ခါသွားတော့သည်။

ငင်းကိုယ်ပေါ်မှကျန်နေသည့် သဲအိတ်များကိုလဲ ချလိုက်ကာ သခင်ဖြစ်သူနောက်မှလိုက်ပြီး လေ့ကျင့်ရေးစင်တာမှထွက်ခဲ့သည်။

လေ့ကျင့်ရေးစင်တာတစ်ခုလုံး တိတ်ဆိတ်သွားပြန်ကာ လေထုအခြေအနေကတော့ မှုန်မှိုင်းလို့နေသည်။

ကောင်းကင်က တဖြည်းဖြည်းမှောင်လာခဲ့သည်။

အချိန်တစ်ခုကြာပြီးနောက်မှာတော့ လေ့ကျင့်ရေးစင်တာထောင့်ရှိ ဘုတ်တစ်ခုက ရွေ့လျားလာခဲ့သည်။ ငင်းက တွန်းဖယ်ခံလိုက်ရပြီး

အနောက်ဘက်တွင်

ခေါင်းသေးလေးတစ်လုံးကထွက်ပေါ်လာခဲ့သည်။

လေ့ကျင့်ရေးစင်တာ၏တစ်ဖက်တစ်ချက်စီတွင် နံရံသုံးခုရှိကာ ဥာနခွဲဂိုဒေါင်ဘက်သို့သွားသည့် ထွက်ပေါက်တစ်ခုသာရှိသည်။

ရှေ့သို့ဆက်သွားလျှင်တော့ ကုမ္ပဏီ၏စက်ရုံတချို့ရှိသည်။

လေ့ကျင့်ရေးစင်တာ၏တည်နေရာက အလွန်ဝေးလွန်းတာကြောင့် ဤနေရာသို့လာရောက်သူကလဲ အလွန်နည်းပါးလှသည်။

ဒါဆို

လေ့ကျင့်ရေးစင်တာကပစ္စည်းတွေကဘာကြောင့်ဒီလောက်ဟောင်းနွမ်းနေရ တာလဲ?

စာစဉ် ၁၁

ကောင်းဖန်ကထူထပ်သောသစ်ပင်များနောက်တွင်ငြိမ်သက်စွာရပ်နေသည်၊ ဘေးသို့တွန်းထားသောဘုတ်ပြားကိုကြည့်လိုက်သည်၊ ထိုနေရာမှသွေးနီရောင်လိုဖြစ်တော့မည့်ကြွက်တစ်ကောင်ထွက်လာသည်၊ ဒါမှမဟုတ်, အနည်းဆုံးသွေးနီရောင် ဖြစ်သင့်သည်၊ ၎င်းကအရမ်းညစ်ပတ်လွန်းသဖြင့်အရောင်ကနီညိုရောင်သို့ပြောင်းသွား ပြီး ၎င်း၏လက်ချောင်းများပေါ်ရှိအမွေးများသည်စုထွေးနေသည်၊

ပထမဆုံးကြွက်လုပ်သည့်အရာကတော့လေထဲတွင်အနံ့ခံခြင်းဖြစ်သည်၊ ထို့နောက်၎င်းကကြောက်ရွံ့ခြင်းကြောင့်သူ၏လည်ပင်းကိုနောက်သို့ပြန်ဆုတ်လိုက်သည်၊

ငင်း၏မျက်လုံးများကလူသားတစ်ယောက်လိုမျိုးစိုးရိမ်ေ
ေသောအမူအရာကိုပြနေ သည်၊
ထို့နောက်ငင်းကကောင်းဖန်၏လမ်းကြောင်းဘက်ကိုပြေ
ာင်းလိုက်ပြီး သံသယဖြစ်မှုဖြင့်အနံ့ခံလိုက်သည်၊
ငင်းကဘာကိုမှရှာမတွေ့ချေ၊

ထို့နောက်စူးရှသောအသံတိုးတိုးတစ်ခုကိုနံရံဘက်
သို့လှည့်ကာပေးလိုက်သည်၊

ခဏလောက်ကြာတော့,
ကောင်ငယ်လေးတစ်ယောက်ကနံရံပေါ်မှ
ကျော်တက်လာသည်၊

ကောင်ငယ်လေး၏ဆံပင်ကအရမ်းညစ်ပတ်နေပြီး,
သူ၏မျက်နှာကလည်းအတူတူပင် ညစ်ပတ်နေသည်၊
သူ၏အဝတ်များကအရမ်းရိုးရှင်းပြီး,
ထိုအကျီတွင်သေးငယ်သော

အပေါက်ကလေးများရှိသည်၊ ဘာကသူ့ကိုပိုပြီးသိသာစေလဲဆိုတော့သူ၏အတော်လေး တောက်ပနေသောမျက်လုံးများပင်ဖြစ်သည်၊

တွယ်တက်လာပြီးနောက်, ကောင်ငယ်လေးက ဝန်ထမ်းတွေရှိရာနေရာဘက်ကိုလှည့် ကြည့်သည်၊ အဲ့ဒီမှာဘယ်သူမှမရှိဘူးဆိုတာအတည်ပြုပြီးနောက်သ က်ပြင်းတစ်ချက်ချ လိုက်သည်၊

ထို့နောက်သူကလေ့ကျင့်ရေးစင်တာထောင့်သို့ပြေး သွားပြီးနောက် ကြွက်ကို လေ့ကျင့်ရေးကိရိယာအချို့တပ်ပေးသည်၊ ထို့နောက်ကြွက်သည်သွက်လက်ကျွမ်းကျင် စွာဖြင့်လေ့ကျင့်ရေးစင်တာကိုဖြတ်ပြေးလာသည်၊၎င်း၏ လေ့ကျင့်ရေးစင်တာနှင့် ရင်းနှီးနေမှုကိုကြည့်ခြင်းဖြင့် ဒီမှာလေ့ကျင့်နေတာကြာပြီမှန်း ပြောနိုင်သည်၊

စာစဉ် ၁၁

ငှင်း၏လှုပ်ရှားမှုများ(သို့) ငှင်း၏ကျန်းမာသောခန္ဓာကိုယ်သည် စွမ်းအင်များ အားစိုက်ထုတ်မှုကြောင့် အချိန်တိုင်းလှုပ်ရှားလိုက်လျှင်ငှင်း၏ကြွက်သားများသည်စ၍ ကွေးဆန့်လာတော့သည်၊

ကောင်လေးကတစ်နာရီကြာလောက်လေ့ကျင့်သည်၊ အချိန်အကြာကြီးမဟုတ်သော်လည်းအာဟာရချို့တဲ့မှုကြောင့် ဖြစ်ကောင်းဖြစ်နိုင်သလို ကြွက်နီတွေရဲ့လှုပ်ရှားမှုတွေကနှေးကွေးလာတော့သည်၊ ဖြည်းဖြည်းချင်းရပ်တန့်သွားတော့သည်၊

ကောင်လေးကသွေးနီကြွက်ဆီသို့လျှောက်သွားကာ လေ့ကျင့်ရေးကိရိယာများကိုချွတ် လိုက်သည်၊ ထို့နောက်စက်ပစ္စည်းများကိုမူလနေရာတွင်ပြန်ထားသည်၊ သူကစင်တာ၏ ထောင့်သို့သွားကာ

စာစဉ် ၁၁

တံမြက်စည်းတစ်ချောင်းနှင့်ဖုန်သုတ်တံတစ်ချောင်းကိုေ
ောက်ယူ
၍လေ့ကျင့်ရေးစင်တာကိုစတင်သန့်ရှင်းရေးလုပ်တော့သ
ည်၊ နောက်ဆုံးတွင်, ကြမ်းတိုက်တံကိုကောက်ယူပြီး
တစ်နေရာလုံးကိုသန့်ရှင်းအောင်တိုက်လိုက်သည်၊

ငယ်ရွယ်တဲ့ကောင်လေးအတွက်ကတော့,
ဒီလိုအလုပ်မျိုးကအတော်လေးပင်ပန်းသည်၊
သန့်ရှင်းရေးလုပ်ပြီးချိန်မှာတော့,
ချွေးတွေစိုရွဲနေတော့သည်၊ ကလေးက ဝန်ထမ်းတွေ
ရှိသည့်ဦးတည်ရာဘက်သို့လှည့်၍
ဦးသုံးကြိမ်ချလိုက်ပြီးနောက်, ကွက်ကိုယူ၍
နံရံ၏ထောင့်ရှိအပေါက်မှပြေးထွက်သွားတော့သည်၊

ကောင်းဖန်
ရုတ်တရက်ဝမ်လျန့်ပြောခဲ့တာကိုသတိရသွားသည်၊

စာစဉ် ၁၁

ပိုင်ယဲ့မှာ သူတို့ရဲ့ အခြေအနေကိုမကျေနပ်တဲ့သူတွေကအလုပ်ကြိုးစားပြီး ပိုင်ယဲ့ခရိုင်ကနေထွက်သွား ကြသည်၊ ကျန်ရစ်သူတွေက ဘဝအတွက်ဘာမျှော်လင့်ချက်မှမရှိတော့ဘဲ ရှုပ်ယှက်ခတ်၍ကျန်နေခဲ့သည်၊

ကြည့်ရတာသူတို့ထဲကအားလုံးကတော့မမှန်ဘူးနဲ့တူတယ်...

သူတို့ကငရဲတွင်းမှမွေးဖွားလာသောသူတွေဖြစ်ပေမယ့်, သူတို့ကအလင်းဘက်သို့ ပြောင်းရွှေ့ချင်ကြသည်၊

ခက်ခဲသောအခြေအနေ၌နေရခြင်းသည်သာ သူတို့ဘဝတစ်ခုလုံးတွင်ပြည့်နေသည်၊

ကောင်ငယ်လေးကနံရံကိုဖြတ်၍ ဘုတ်ပြားကိုပြန်တင်လိုက်သည်၊ မတ်တပ်ရပ်လိုက်ချိန်တွင် သူတစ်ခုခုနှင့်ရိုက်မိတော့မလိုဖြစ်သွားသည်၊

သူကနောက်သို့ဆုတ်မိပြီး လဲကျမလိုတောင်ဖြစ်သွားသည်၊

သူကြည့်လိုက်တော့, ကြီးမားသောပုံရိပ်တစ်ခုကသူ၏ရှေ့တွင်ပိတ်ထားသည်၊

အမှောင်ထဲတွင်တောက်လောင်နေသောမီးတောက်ကိုရှင်းလင်းစွာတွေ့မြင်ရသည်၊

ကောင်လေး၏မျက်လုံးများပြူးကျယ်သွားသည်၊ သူ့နောက်မှာရပ်နေတဲ့ သွေးနီကြွက်ကရုတ်တရက်ရှေ့ကိုတိုးလာပြီးအစွယ်တွေကို ဒမ်ဘီအားပြလိုက်သည်၊

“မင်းတို့ဒီကိုလာတာဘယ်လောက်လောက်ကြာပြီလဲ?” ကောင်းဖန်က ဒမ်ဘီ၏ နောက်မှလမ်းလျှောက်လာပြီးကောင်လေးကိုမေးလိုက်သည်၊

စာစဉ် ၁၁

ကောင်ငယ်လေးကထိုအခိုက်အတန့်မှာပင် တောင့်တင်းသွားတော့သည်၊ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးကအေးခဲနေသည်၊ သူ့ခေါင်းကိုငုံ့ထားပြီး ကောင်းဖန်ကိုမော့ မကြည့်ရဲပေ၊ သူကတီးတိုးစွာဖြင့်ပြောလိုက်သည်,

“ကျ..ကျနော်....ဒီကိုလာတာ တစ်နှစ်ခွဲလောက်ရှိပါပြီ”

“ဒီအကြောင်းကိုမေ့လိုက်တော့၊ နောက်ကျရင် ဒီအပေါက်ကနေဖြတ်မလာနဲ့” ကောင်းဖန်ကပြောလိုက်သည်၊

“ကျနော်နားလည်ပါပြီ၊ ကျေးဇူးတင်ပါတယ် အကို”ကောင်လေး၏အသံကနူးညံ့ပြီး ခြင်တစ်ကောင်ကဲ့သို့ပင်တိုးလှသည်၊

“အရှေ့အပေါက်ကနေဖြတ်ဝင်လာခဲ့၊ ငါတစ်ယောက်ယောက်ကို မင်းအတွက်

သက်သေခံကတ်ပြားလုပ်ခိုင်းလိုက်မယ်၊”

ကောင်းဖန်ကလှည့်ထွက်သွားသည်၊

“မနက်ဖြန်နေ့လည်လာခဲ့၊

ကောင်းဖန်ကမင်းကိုလာဖို့ပြောတာလို့ပြောလိုက်”

***

စာစဉ် ၁၁

# အပိုင်း၁၆၉ သွေးပုပ်စားကြွက်

“ခေါင်းဆောင်ကောင်း” ဝမ်လျန့်ကပြေးလာသည်၊ ကောင်းဖန်သည်လက်ရှိတွင် ဖလိမ်မီကိုလေ့ကျင့်နေတာဖြစ်ပြီး သူ၏နောက်တွင်ဝမ်လျန့်ရှိနေတာဖြစ်သည်၊ သူကကောင်းဖန်ကိုပြောလိုက်သည်, “မင်းကိုရှာဖို့ပြောထားတဲ့ကောင်လေးရောက်လာပြီ၊ ငါသူ့အတွက်သက်သေခံကတ်ပြားလုပ်ပြီးပြီ၊ သူကမင်းကိုအောက်ထပ်မှာ စောင့်နေတယ်၊”

“နားလည်ပြီ” ကောင်းဖန်က ခေါင်းညိတ်လိုက်ပြီး လေဝဲပန်းကန်ပြားကိုသူ့လက်ထဲက ပစ်လိုက်သည်၊ ဖလိမ်မီကသူ့ခေါင်းကိုလှည့်လိုက်ပြီး နှုတ်သီးကိုဟလိုက်သည်၊

စာစဉ် ၁၁

ပူလောင်သောမီးကထွက်လာပြီး
ပန်းကန်ပြားကိုချက်ချင်းထိမှန်သွားကာ လေထဲ၌
လောင်ကျွမ်းသွားသည်၊ မီးတောက်အစက်များက
ရေကဲ့သို့ကြမ်းပြင်ပေါ်ကိုကျနေသည်၊

လေဝဲပန်းကန်ပြားကနောက်ထပ်ဝါဂမီတာအကွာသို့
ထပ်၍ပျံဝဲသွားပြီး နံရံနှင့်ရိုက်မိ လိုက်သည်၊
ထို့နောက်၎င်းကကြမ်းပြင်ပေါ်သို့ကျသွားသည်၊
အဖြူရောင်ပန်းကန်ပြား
ကအနက်ရောင်အဖြစ်သို့ပြောင်းသွားသည်၊

"ကျနော့်ဆီကိုခေါ်ခဲ့…စိတ်မရှိပါနဲ့၊
သူ့ဆီကိုယ့်ဘာသာဘဲသွားလိုက်တော့မယ်"
ကောင်းဖန်ကခဏလောက်တွေးလိုက်ပြီး
ကိုယ်တိုင်သွားလိုက်တာပိုကောင်းမယ်လို့
ဆုံးဖြတ်လိုက်သည်၊

စာစဉ် ၁၁

နောက်ဆုံးတော့,
သူကဘဲထိုကောင်လေးကိုလာဖို့ပြောခဲ့သူဖြစ်သည်၊
အကယ်၍ ကိုယ်တိုင်မသွားရင် ထူးဆန်းနေလိမ့်မည်၊
နောက်တော့, သူ့အကြောင်းကိုသိတဲ့သူက ဒီနေရာမှာ
ဝမ်လျန့်နှင့်ရှယ်ဟုန်ဘဲရှိသည်၊

ကောင်းဖန်ကဒမ်ဘီကိုဖလိမ်မီအားကူလေ့ကျင့်ပေး
ရန်ပြောလိုက်သည်၊ လေ့ကျင့်မှုက ရိုးရှင်းသည်၊
ဖလိမ်မီကမီးလုံးကိုထုတ်နိုင်ရန်အတွက်အပူဒဏ်ခံနိုင်ေ
ော လေဝဲပန်းကန်ပြားများကိုပစ်ပေးရခြင်းဖြစ်သည်၊
ဒါကဖလိမ်မီ၏တိကျမှန်ကန်ဖို့
အတွက်လေ့ကျင့်ခြင်းဖြစ်သည်၊

သူ၏စွမ်းအားပြည့်ဝနေသောမီးတောက်များတောင်
မှ, ရန်သူကိုထိဖို့ရည်မှန်းထားစဲဖြစ်သည်၊
ဖလိမ်မီသည်သူ၏ကျွမ်းကျင်မှုကို

စာစဉ် ၁၁

ဖမ်းဆုပ်ထားနိုင်သော်လည်း, သူ၏
စွမ်းရည်ဆီသို့ရောက်ရန်အတွက်
လေ့ကျင့်မှုအနည်းငယ်လိုသေးသည်၊

ကောင်းဖန်ကခဏလောက်ရပ်လိုက်ပြီး ဝမ်လျန့်ကို
“မီးဒဏ်ခံနိုင်တဲ့လေဝဲပန်းကန်ပြား
၂၀၀လောက်ကျနော့်အတွက်သွားယူပေးပါဦး၊
ကျနော့်အကောင့်ထဲကနေကျသင့်ငွေတောင်းလိုက်ပါ”

မီးဒဏ်ခံနိုင်သောပန်းကန်ပြားများသည်အလွန်အပြေ
ပြေခံကျသော သေးငယ်သည့်
လေ့ကျင့်ရေးပစ္စည်းတစ်ခုဖြစ်သည်၊
ထုတ်လုပ်ရန်လည်းအရမ်းရိုးရှင်းသည်၊ ကုမ္ပဏီ
အများစုက ကိုယ်တိုင်ပြုလုပ်ကြပြီး,
တောင်ပိုင်းကောင်းကင်အဖွဲ့ကလည်းခြွင်းချက်

မဟုတ်ပေ၊ ဒါကြောင့်
ကုမ္ပဏီ၏ဂိုဒေါင်ထဲတွင်ရှာတွေ့ခဲ့တာဖြစ်သည်၊

ဝမ်လျန့်ကခေါင်းညိတ်လိုက်ကာသူနားလည်ကြောင်
းပြသည်၊

ကောင်းဖန်က
ရုံးခန်းအဆောက်အအုံထဲသို့လာလိုက်သည်၊
သေးငယ်သော ပုံရိပ်လေးကအဆောက်အအုံရှေ့တွင်
ရှိုးတို့ရှန်းတန်းဖြင့်ရပ်နေသည်၊ သူကြည့်ရတာ
ထိုနေရာနှင့်မလိုက်မဖက်ဖြစ်နေသည်၊

ထိုကောင်လေးက
ကောင်းဖန်သူ့ကိုမြင်တဲ့အခါသတိထားမိသွားသည်၊
သူက ကောင်းဖန်ကိုခိုးကြည့်လိုက်သည်၊
သူတို့မျက်လုံးချင်းဆုံသွားတော့, သူက လျင်မြန်စွာ
သူ့ခေါင်းကိုငုံ့လိုက်သည်၊

စာစဉ် ၁၁

“မင်းက….မိန်းကလေးလား?” ကောင်းဖန်က ညင်သာစွာဖြင့်မေးလိုက်သည်၊

“ကျနော်က ယောကျ်ားလေး!” ကောင်းဖန်ပြောတာကသူ့မာနကိုထိခိုက်စေတဲ့အတွက် သူကကျယ်လောင်စွာဖြင့်ပြန်ဖြေလိုက်သည်၊ သူ့အသံကအရမ်းရှင်းနေပေမယ့် လူပျိုဖော်မဝင်သေးတာကြောင့်ဖြစ်နိုင်သလို သူ့အသံကနည်းနည်းတော့မိန်းမဆန်နေ သည်၊

ကောင်းဖန်ကရယ်လိုက်သည်၊ သူကကောင်လေးကို အနည်းငယ်စိတ်ငြိမ်စေချင်တာဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ သူကအရမ်းစိတ်ဖိစီးနေသလိုဖြစ်နေသောကြောင့်ပင်။ ကျယ်လောင်စွာပြောပြီးနောက် ကောင်လေးကသတ္တိရှိလာပုံရသည်၊

စာစဉ် ၁၁

သူကစိတ်ပူနေသေးပေမယ့် အခုချိန်မှာတော့သူကခေါင်းမော့ထားပြီး ကောင်းဖန်၏ မျက်လုံးများကို တည့်တည့်လှမ်းကြည့်လိုက်သည်၊

“ငါတို့က မကြာသေးခင်ကမှ စက်ရုံတွေတိုးချဲ့ထားတာဆိုတော့ လူအင်အားနည်းနေတယ်၊ ငါတို့အလုပ်သမားတွေထပ်ပြီးခေါ်ချင်ပေမယ့် အဆုံးမှာအဲ့အတွက် ကံမကောင်းခဲ့ဘူးလေ” ကောင်းဖန် ဖြေးညင်းစွာဖြင့်ပြောလိုက်သည်, “ဒီလိုဆို ဘယ်လိုလဲ? မင်းငါ့ကိုကူညီဖို့အတွက်စိတ်ဝင်စားလား? သေချာတာတော့, မင်းကကလေးအလုပ်သမားဖြစ်နေတာကြောင့် မင်းရဲ့လုပ်အားခကတခြားသူတွေ ထက်တော့နည်းမှာပေါ့၊

ကျန်းမာသန်စွမ်းတဲ့ခန္ဓာကိုယ်ရှိတဲ့သူတွေကတော့ ပိုပြီး အလုပ်လုပ်နိုင်တယ်လေ၊ ငှားရမ်းခနဲ့အစားအသောက်ဖို့က ကုမ္ပဏီကပေးမှာဖြစ်ပြီး တော့,အလုပ်ပြီးသွားရင်တော့, လေ့ကျင့်ရေးစင်တာကိုအလကားအသုံးပြုခွင့်ရမယ်၊ ဒါကအလုပ်သမားတွေအတွက် အခြေခံအကျိုးအမြတ်ဘဲ”

ကောင်ငယ်လေး၏မျက်လုံးထဲရှိအလင်းက လက်သထက်လက်လာသည်၊ သူ၏ နှလုံးကအရမ်းကိုခုန်တာမြန်နေသည်၊ သူကပြင်းထန်စွာဖြင့်ခေါင်းကိုညိတ်လိုက်သည်၊

“မင်းနာမည်ဘယ်လိုခေါ်လဲ?”

“လီကျွင်းစုန်!”

“နာမည်ကောင်းပဲ”

စာစဥ် ၁၁

“ခေါင်းဆောင်ကောင်း, မင်းငါ့ကိုလူသစ်စုဆောင်းရေးခန်းမမှာ ဝန်ထမ်းခေါ်ဖို့သတိပေးစေချင်လား?” ဝမ်လျန့်ကလျှင်မြန်စွာမေးလိုက်သည်၊

ကောင်းဖန်က ဝမ်လျန့်ဘက်ကိုအကြည့်ပို့လိုက်သည်၊ “လူသစ်စုဆောင်းရေးခန်းမမှာ ဝန်ထမ်းခေါ်ယူရေးကြော်ငြာစာတွေတင်ဖူးလား?”

ဝမ်လျန့်ကခဏလောက်ရပ်နေပြီးခေါင်းယမ်းလိုက်သည်၊ “ဟင့်အင်း, ငါတို့ကလူသစ်စုတာကဒုလတစ်ကြိမ်၊ လူ့စွမ်းအားအရင်းအမြစ်ကကိုင်တွယ်တာ”

“ဒါဆို ကြော်ငြာစာမတင်တော့နဲ့”ကောင်းဖန်ကသူ့ခေါင်းကိုယမ်းလိုက်သည်၊

စာစဉ် ၁၁

သူလီကျွင်းစုန်ကိုကူညီတာက သူကလေ့ကျင့်ရေးစင်တာကို သန့်ရှင်းရေးလုပ်ပေးတာကြိုက်လို့ ကူညီပေးခဲ့တာဖြစ်သည်၊ အဲ့တာကြောင့် သူကဒီကိုလာခိုင်းပြီးကူညီတာ ဖြစ်သည်၊

တောင်ပိုင်းကောင်းကင်အဖွဲ့ကပရဟိတအဖွဲ့အစည် းမဟုတ်ပေ၊ ဒီနေရာတွင် အလုပ်လာလုပ်လိုသူများသည် သုံးလတစ်ကြိမ်ခေါ်ယူမှုအတွင်းဝင်ရောက်ရမည်ဖြစ်သည်၊ ဆန္ဒနှင့်အရည်အချင်းရှိတဲ့သူများသည် တခြားသူ၏အကူအညီကိုမလိုအပ်ပါ၊

"အိုး, နောက်တစ်ကြိမ်စုဆောင်းရေးကာလကဘယ်တော့လဲ?"

"နှစ်ပတ်လောက်ကြာရင်ပါ"

စာစဉ် ၁၁

ကောင်းဖန်ကတီးတိုးရေရွတ်လိုက်သည်၊ “အရင်တုန်းကကလေးအလုပ်သမားတွေ ခေါ်ခဲ့လား?”

“ကုမ္ပဏီအများစုက ကလေးအလုပ်သမားတွေမကြိုက်ကြဘူး,” ဝမ်လျန့်က ဂရုတစိုက်ဖြေလိုက်သည်၊

“ဒီတစ်ကြိမ်တော့ အသက်အကန့်အသတ်ကိုလျှော့လိုက်ရအောင်၊ သူတို့ရဲ့လစာက တခြားသူတွေထက် ၃၀ရာခိုင်နှုန်းနိမ့်မယ်၊ တခြား အကျိုးအမြတ်တွေကတော့ မပြောင်းလဲပါဘူး” စက်ရုံသည်အလုပ်သမားတစ်ဦးစီ၏အနည်းဆုံးအလုပ်ပမာဏကို ဖြည့်ပေးရမည်၊ အနည်းဆုံးပြီးသည်နှင့် အပိုအလုပ်များကိုဘောနပ်စ်အဖြစ်သတ်မှတ် မည်၊

စာစဉ် ၁၁

တစ်ယောက်ကတော့, အလုပ်များလေလေ လစားများများရလေဖြစ်ပြီး အလွန်ရိုးရှင်းလှပါသည်၊

ကောင်းဖန်ကသက်ပြင်းရှည်ကြီးချလိုက်ပြီး လီကျွင်းစုန်ကိုပြောလိုက်သည်, “မင်းရဲ့ ကြွက်ဘယ်မှာလဲ? မင်းသူ့ကိုမခေါ်ခဲ့ဘူးလား?”

လီကျွင်းစုန်က တခဏမျှတုံ့ဆိုင်းသွားပြီးပြောလိုက်သည်, “ သူကနေ့ခင်းတွေဆို မြောင်းထဲမှာအစာသွားရှာတယ်”

“နားလည်ပြီ” ကောင်းဖန်ကခေါင်းညိတ်သည်၊

ကောင်းဖန်ကငင်းကြွက်၏စွမ်းရည်များကိုမြင်ပြီးက တည်းက စိတ်ဝင်စားနေတာ ဖြစ်သည်၊

[မကောင်းဆိုးဝါးအမည်]–သွေးပုပ်စားကြွက် (ပြင်းထန်သောသတ္တုမှုကွဲ)

စာစဉ် ၁၁

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၄

[မကောင်းဆိုးဝါးအခြေအနေ]–မပြင်းထန်သောဒဏ်ရာ(ပင်ပန်းနွမ်းနယ်ခြင်း)

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]–ရွှေ

[မကောင်းဆိုးဝါးအားနည်းချက်]–၁–မီးအမျိုးအစား, ၂–အလင်းအမျိုးအစား

သွေးပုပ်စားကြွက်သည်
ပြင်းထန်သောသတ္တုမှုကွဲဖြစ်သည်၊
ဒီလိုမျိုးကောင်းဖန်မြင်ဖူး
တာပထမဆုံးအကြိမ်ဖြစ်သည်၊

စာစဉ် ၁၁

ဒီသားရဲက
တစ်ယောက်တည်းသောကောင်လေးနှင့်ပေါင်းနေခဲ့သည်
၊ ဒီကလေးငယ်၏ သားရဲဖြစ်ပုံရသည်၊
ဒါရဲ့နောက်ကွယ်မှာ
သေချာပေါက်ကိုဇာတ်လမ်းတစ်ပုဒ်ရှိမှာ သေချာသည်၊

ဒါပေမယ့်,ကောင်းဖန်က သူ၏ဇာတ်ကြောင်းကို
ဖြေးညင်းစွာဖြင့်မေးသွားဖို့အတွက် စိတ်မဝင်စားပေ၊
အကယ်၍ လီကျွင်းစုန်က
သူ့အကြောင်းကိုပြောပြလိုလျှင်ပြောလိမ့် မည်၊
အကယ်၍ သူကမပြောလိုလျှင်လည်း
ကောင်းဖန်ကထိုကိစ္စကိုမေးနေမည် မဟုတ်ပေ၊

သူ့ကိုမနက်ဖြန်မှာတရားဝင်အလုပ်စလုပ်ဖို့စီစဉ်ပေးပြ
ီးနောက် လီကျွင်းစုန်ကထွက် သွားတော့သည်၊

စာစဉ် ၁၁

“သူက

တောင်ပိုင်းကောင်းကင်အဖွဲ့ကိုသွားခဲ့တာသေချာလား?” နှစ်ထပ်အိမ်တွင်, အဝါရောင်မျက်နှာနှင့်, အဝါရောင်လက်တိုအင်္ကျီဝတ်ကာဆံပင်ကိုလှန်သိမ်းထားသော လူကမပျော်မရွှင်ဖြစ်နေသည်၊

အခန်းကအရမ်းကိုမှိန်ဝါးနေသည်၊ ပြတင်းပေါက်မှသေးငယ်သော အလင်းတန်း လောက်ကသာထိုနေရာကိုအလင်းအနည်းငယ်ပေးသည်၊

“ဟုတ်တယ်၊ ကျနော်တိတ်တိတ်လေးစုံစမ်းခဲ့တာ၊ ကြည့်ရတာပိုင်ယွဲ့ရဲ့အကြီးတန်း အလုပ်အမှုဆောင်တစ်ယောက်က ခေါ်ထားတာဖြစ်နိုင်တယ်၊ သူကစက်ရုံရဲ့ အလုပ်သမားနေရာပေးထားတာ”

စာစဉ် ၁၁

“သူကရူးနေတာဘဲဖြစ်ရမယ်!” အဝါရောင်မျက်နှာနှင့်လူကစိတ်မချမ်းသာဖြစ်နေသည်၊ “ငါကစေတနာနဲ့ သူ့ကိုပူးပေါင်းဖို့အားပေးပေမယ့် ဒီကလေးကခေါင်းမာတယ်၊ သူ့သားရဲကသူ့ဆီရောက်ပြီးကတည်းက အမှိုက်တွေစားတယ်၊ အခုသူကစက်ရုံရဲ့ အလုပ်သမားတောင်ဖြစ်နေပြီ, သူကသေချာပေါက်ငါတို့နဲ့မပူးပေါင်းဘူး”

“သူ့ဒွေး, ကျနော်တို့ဘာလုပ်ကြမလဲ? အဲ့ငတိလေးကိုဘာလို့ သင်ခန်းစာမပေးဘဲ နေရမှာလဲ” သူ့နောက်မှသေးငယ်တဲ့လူကပြောလိုက်သည်၊

“မင်းကဘာသောက်စကားတွေပြောနေတာတုန်း! မင်းဦးနှောက်ကိုသုံးပြီးစဉ်းစားကြည့်စမ်း!”

စာစဉ် ၁၁

အဝါရောင်မျက်နှာနှင့်လူက ငေါက်လိုက်သည်၊ တောင်ပိုင်းကောင်းကင်အဖွဲ့ကသူတို့ရှုပ်ချင်သလိုရှုပ်ရတဲ့ဟာမဟုတ်ပေ၊ ဌာနခွဲကအမှုဆောင်ဆိုရင်တောင်မှ သူတို့မထိသင့်ပေ၊

တောင်ပိုင်းကောင်းကင်အဖွဲ့မှာ လက်အောက်ကကုမ္ပဏီဖြစ်တဲ့ တောင်ပိုင်းကောင်းကင်လုံခြုံရေးကုမ္ပဏီရှိသည်၊

သူတို့ကဘာကိုကာကွယ်တာလဲ?

သူတို့ကယွိကျိုးရှိ ကြီးကြီးသေးသေးရာဇဝတ်မှုဆိုင်ရာအဖွဲ့အစည်းငယ်များကို အကာအကွယ်ပေးထားသည်၊ ၎င်းတို့ထံမှလုံခြုံရေးပေးချေမှုကို ပုံမှန်ကောက်ခံသည်!

မျက်နှာအဝါရောင်နှင့်လူက မကျေမနပ်ဖြင့်သူ့ခေါင်းကိုငုံ့လိုက်သည်၊ "မေ့လိုက်တော့,

စာစဉ် ၁၁

နောက်တစ်ခါ အဲ့ကောင်လေးကို ငါတို့တွေ့ရင်သူ့ကိုမသိသလိုဘဲဟန်ဆောင်နေရမယ်”

သူ့မှာသားရဲတစ်ကောင်ရှိတာကြောင့် လီကျွင်းစုန်ကိုသူ့အဖွဲ့ထဲမှာပါဝင်ဖို့အစက လိုလားခဲ့သည်၊ ပိုအရေးကြီးတာကတော့ သားရဲကအရမ်းလျင်မြန်သည်၊ အတော်လေးလည်းသန်မာသည်၊ လီကျွင်းစုန်ကသူ့ကိုကူညီဖို့အတွက် ပိုပြီးအင်အားကြီးတဲ့သူကိုရှာလိမ့်မယ်လို့သူမမျှော်လင့်ထားဘူး၊

ဒီကိစ္စကသူ့ကိုအကြီးအကျယ်စိတ်အနှောက်အယှက်ဖြစ်စေသည်၊

***

# စာစဉ် ၁၁

စာစဉ် ၁၁

# *အပိုင်း၁၇၀ မြောင်း*

တောင်ပိုင်းကောင်းကင်အဖွဲ့တွင်
အမျိုးမျိုးသောကုန်ပစ္စည်းများထုတ်လုပ်ရန်သုံးသော
စက်ရုံအနည်းငယ်ရှိသည်၊

ထို့အပြင်
ထုတ်လုပ်သောထုတ်ကုန်များသည်အများအားဖြင့်သားရဲ
များ၏အခြေခံ လေ့ကျင့်ရေးပစ္စည်းများဖြစ်ပြီး
အရမ်းရေပန်းစားသောထုတ်ကုန်များလည်းဖြစ်သည်၊
များပြားသောကုန်ချောများကို
မြို့တစ်မြို့ချင်းစီတိုင်း၏ဆိုင်ကြီးများသို့မပို့မီ
တစ်နေ့ချင်းပြီးစီးအောင်ထုတ်လုပ်သည်၊

စာစဉ် ၁၁

ကောင်းဖန်အသုံးပြုသည့်ထုတ်ကုန်ပမာဏသည် စက်ရုံတစ်ခုလုံး၏နေ့စဉ်ထွက်ရှိမှုနှင့် ယှဉ်ကြည့်ပါက မပြောပလောက်သောပမာဏဖြစ်သည်၊

ညတွင်တော့, ကောင်းဖန်ကသွေးပုပ်စားကြွက်, သေးငယ်ပြီး, ညစ်ပတ်နေတဲ့ငတိကို ငုံ့ကြည့်လိုက်သည်၊

"သန့်ရှင်းလိုက်"

ကောင်းဖန်ကလေ့ကျင့်ရေးကွင်းဘေးရှိရေဘုံဘိုင်ခေါင်းကိုညွှန်ပြ လိုက်သည်၊

လီကျွင်းစုန်ကအနည်းငယ်တုံ့ဆိုင်းသွားပြီးနောက်, သွေးပုပ်စားကြွက်ကိုကောက်ယူလိုက်ကာ ရေဘုံဘိုင်ရှိသည့်နေရာကိုဦးတည်သွားတော့သည်၊ သူကပိုက်လုံးကိုယူလိုက် ပြီးရေဘုံဘိုင်ခေါင်းတွင်တပ်လိုက်ကာ သွေးပုပ်စားကြွက်ကိုဆေးကြောတော့သည်၊

စာစဉ် ၁၁

သွေးပုပ်စားကြွက်ကိုကြည့်ရတာ ရေဖြင့်စိမ်နေရခြင်းကြောင့်အနည်းငယ်မသက်မသာဖြစ်နေပုံရသည်၊ ၎င်းကကျိန်းစပ်နေမှုကြောင့်အော်နေပြီး, ပြေးလွှားနေကာ, လီကျွင်းစုန်ကခုနကပြောင်းထားသောဝန်ထမ်းဝတ်စုံကို ရွှဲရွဲစိုနေအောင် ဘုံဘိုင်ဘေးတွင်ပတ်လည်ပြေးနေသည်၊

ဝန်ထမ်းဝတ်စုံကအသေးဆုံးဆိုဒ်ဖြစ်နေတာတောင်မှ လီကျွင်းစုန်ကထိုအင်္ကျီဝတ် လိုက်သောအခါ အဖေ၏အင်္ကျီကိုဝတ်ထားသောကလေးလိုမျိုး အင်္ကျီကကြီးနေသေး သည်၊ တစ်ယောက်ယောက်ကတော့ ရယ်နေတော့သည်၊

သွေးပုပ်စားကြွက်ပေါ်ရှိအညစ်အကြေးများကိုအနည်းငယ်အားစိုက်ထုတ်ပြီး ဖယ်ရှား လိုက်သည်၊ ရေဆေးပြီးနောက်

စာစဉ် ၁၁

၎င်း၏ခန္ဓာကိုယ်ပေါ်တွင်ရှိသောအမွှေးများသည် ကပ်သွားပြီးကြွက်ကို၎င်း၏မူလအရွယ်အစား၏သုံးပုံတစ်ပုံခန့်အဖြစ်တခဏချင်းကျုံ့ သွားစေသည်၊

လီကျွင်းစုန်သည် မီးတောက်များမှုတ်ထုတ်နေသောဖလိမ်မီကို အားကျမှုဖြင့်ကြည့်နေ သည်၊ ထို့နောက်သူငုံ့လိုက်ပြီး သွေးပုပ်စားကြွက်၏ခေါင်းကိုထိလိုက်ပြီး သူ၏မျက်လုံးများကတမ်းတခြင်းများဖြင့်ပြည့်နေသည်၊

အစပိုင်းလီကျွင်းစုန်ကိုစကားတစ်ခွန်းပြောရုံမှလွဲ၍ ကောင်းဖန်သည်ကောင်လေးကို စကားတစ်ခွန်းမှထပ်မပြောခဲ့ပါ၊ သူကဖလိမ်မီ၏မီးတောက်မှုတ်ထုတ်နိုင်မှု၏တိကျမှန်ကန်မှုကိုတိုးမြှင့်ရန်အတွက် အာရုံစိုက်၍လေ့ကျင့်ပေးနေခြင်းဖြစ်သည်၊

စာစဉ် ၁၁

ဖလိမ်မီ၏မီးတောက်အကွာအဝေးကမသေးပေ၊ ပြီးတော့, မီးဒဏ်ခံနိုင်သောပျံ့ဝဲသည့် အပြားသည်အထူးအစိတ်အပိုင်းပစ္စည်းများဖြင့်ပြုလုပ်ထ ားပြီး မီးတောက်ကိုကြံ့ခိုင်စွာ ခုခံနိုင်သည်၊ အကယ်၍မီးတောက်သည်တခြားသားရဲများဆီသို့, အထူးသဖြင့် အမွေးရှိ သောသားရဲများဆိုလျှင် ၎င်းကအမှန်တကယ်ခြိမ်းခြောက်နိုင်သည်၊

လေ့ကျင့်ရေးကွင်းသည် သားရဲများကိုလေ့ကျင့်နေသည့်အသံများနှင့်သားရဲများ ကို အာရုံစိုက်လေ့ကျင့်ပေးနေသောသားရဲလေ့ကျင့်သူနှစ်ေ ယာက်၏ဆူညံသံများဖြင့် ပြည့်နေသည်၊မနီးမဝေးကအဆောင်တွေရှိမီးများထိန်နေ ကာမှနှစ်ယောက်သား ရပ်လိုက်ကြသည်။

စာစဉ် ၁၁

စက်ရုံကအလုပ်သမားများက
အလုပ်မှပြန်သွားကြပြီဖြစ်သည်၊

“မြောင်းထဲမှာ သားရဲတွေအများကြီးရှိတယ်၊
ကျနော်ကသွေးပုပ်စားကြွက်ကို
အဲ့ကနေကောက်ယူခဲ့တာ”
လီကျွင်းစုန်ကရုတ်တရက်ကောင်းဖန်၏နောက်ကျောကို
ကြည့်ကာပြောလိုက်သည်၊

ကောင်းဖန်ကသူ၏ခြေလှမ်းများကိုနှေးလိုက်သည်၊

“အဲ့အောက်မှာသားရဲတွေအများကြီးဘဲ,
အဲ့တာကြောင့် မြို့ကလူတွေကအဲ့ကိုသွားရမှာ
ကြောက်ကြတယ်၊
ကျနော်နောက်ဆုံးတစ်ကြိမ်အဲ့ကိုဆင်းသွားခဲ့တယ်,
ကျနော်အရမ်း
ဗိုက်ဆာနေလို့…အဲ့နောက်ကျနော်ဒဏ်ရာရနေတဲ့သွေး႔

ကြွက်နဲ့တွေ့ခဲ့တယ်”

လီကျွင်းစုန်ကခပ်ကျယ်ကျယ်အော်ပြောလိုက်သည်၊

မူးယစ်ဆေးရောင်းတဲ့မြို့ကသေးငယ်တဲ့ ဂန်းစတားလူအများစုက သူကြွက်ကိုဘယ်က ရခဲ့တာလဲဆိုတာမေးကြသည်၊ သူတို့ထဲတွင်ပါဝင်ရန်သူ့ကိုခေါ်ကြသည်, ဒါပေမယ့် သူ့ကိုဖိတ်ခေါ်တာက သွေးပုပ်စားကြွက်ကြောင့်ဆိုတာသူသိသည်၊ နောက်ဆုံးတော့, ဒီကြွက်ကသူနှင့်သွေးစာချုပ်မချုပ်ဆိုရသေးပေ, ၎င်းကသူ့နောက်ကိုယုံကြည်သော ကြောင့်လိုက်လာခဲ့သည်၊

“မြောင်းထဲကိုဆင်းဖို့ ကျနော်မရဲခဲ့ဘူး၊ သွေးကြွက်ကဘဲဆင်းတာ, ဘာလို့လဲဆိုတော့,

စာစဉ် ၁၁

သူကကျနော့်ထက်ပိုပြီးကွေးနိုင်ဆန့်နိုင်တယ်လေ၊ အရင်တုန်းက လူအများကြီး အောက်ကိုဆင်းဖူးကြတယ်, ဒါပေမယ့် သူတို့ကအောက်ကသားရဲတွေစားတာခံလိုက်ရ တယ်လေ”

ကောင်းဖန်ကခေါင်းညိတ်လိုက်ပြီး, လီကျွင်းစုန်ကသူ့သားရဲဘယ်ကနေရလာတဲ့ဆိုတဲ့ အကြောင်းကိုနားလည်ကြောင်းပြလိုက်သည်၊ သူကပိုင်ယွဲ့ခရိုင်ရဲ့ရေမြောင်းတွေထဲမှာ ဒီလိုမျိုးသားရဲတွေရှင်သန်ပြီးမြို့၏အမှိုက်သရိုက်တွေကြ ားမှာနေထိုင်သည်ကို စဉ်းတောင်မစဉ်းစားခဲ့ဘူးပေ၊

ကောင်းဖန်အိမ်ပြန်သွားပြီးနောက်, သူကဝမ်လျန့်ကို မြောင်းထဲကသားရဲတွေ အကြောင်းသိလားလို့မေးကြည့်လိုက်သည်၊

စာစဉ် ၁၁

ဝမ်လျန်နဲ့၏တုန့်ပြန်မှုက မျှော်လင့်မထားပေ၊ "သေချာပေါက်သိတာပေါ့၊ စိတ်အေးအေးထားပါ၊ သူတို့မြေပြင်ပေါ်ကိုတက်မလာရဲပါဘူး"

ကောင်းဖန်၏အမူအရာထူးဆန်းနေသည်ကိုတွေ့ ေ ောအခါ ဝမ်လျန်နဲ့ကချောင်းဆိုး လိုက်ပြီးပြောလိုက်သည်, "အစပိုင်းတုန်းက သားရဲတွေကအပေါ်ကိုတက်လာကြတယ်, ဒါပေမယ့်နောက်တော့သူတို့အနည်းစုကိုယွိကျိုးမြို့သား ရဲလေ့ကျင့်သူတွေက သတ်လိုက်လို့ သူတို့ကြောက်သွားကြတာ၊ အခုသူတို့အပေါ်ကိုထပ်ပြီး တက်မလာရဲကြတော့ဘူး"

ကောင်းဖန်ကမျက်မှောင်ကြုတ်လိုက်သည်၊ "ဒါဆိုသူတို့ကဒီတိုင်းဘဲထားလိုက်ကြတာပေါ့?

စာစဉ် ၁၁

‘ကမ္ဘာကြီးကိုဂရုမစိုက်ဘဲ
မျိုးပွားကြစေသတည်းဆိုပြီးလေ?’ ”

ကောင်းဖန်သည်သဘာဝဘေးအန္တရာယ်ရုပ်ရှင်မြင်ကွင်းများအားလုံးကိုမစဉ်းစားဘဲ မနေနိုင်ပါ၊ မြေပြင်ကိုလှိမ့်ဝင်လာသောသန္ဓေပြောင်းကြွက်များနှင့် မြို့တစ်ခုလုံးကို ဝန်းရံထားသောသန္ဓေပြောင်းပိုးဟပ်များ…။

“သူတို့ကို တခြားအခြေစိုက်မြို့တွေ ဘယ်လိုဂရုစိုက်ကြလဲတော့မသိပေမယ့်, ယွိကျိုးမှာတော့…နည်းနည်းသိနိုင်တယ်” ဝမ်လျန့်ကကောင်းဖန်ကိုတိတ်တဆိတ် ကြည့်လိုက်ပြီးပြောလိုက်သည်, “အဲ့တာကဥက္ကဌကျီနဲ့ဆက်နွယ်နေတယ်”

စာစဉ် ၁၁

“ပြောသာပြောပါ”

ကောင်းဖန်ကမျက်မှောင်ကြုတ်လိုက်သည်၊

သူကထိုကဲ့သို့

ကြိုးရှည်ရှည်နှင့်ဆွဲထားခြင်းကိုမကြိုက်ပေ၊

“ဥက္ကာဌကျီမှာမြောင်းထဲနေတဲ့သားရဲရှိတယ်,

ပြီးတော့အဲ့တာရဲ့အစာအရင်းအမြစ်က

အဲ့အောက်မှာနေတဲ့သားရဲတွေဘဲ၊

အဲ့တာဘာသားရဲလဲတော့မသေချာဘူး,

ငါသိတာတစ်ခုကတော့

အဲ့မှာအမြဲနေတယ်ဆိုတာဘဲသိပြီး မြေအောက်လုံခြုံရေး

ကိုထိန်းသိမ်းဖို့လည်းတာဝန်ရှိတယ်”

ဝမ်လျန့်ကအတင်းဖျစ်ညစ်ပြုံးကာပြောလိုက် သည်၊

အချိန်ရရင်တော့

အဘိုးကိုမေးတာဘဲပိုကောင်းပါတယ်၊

စာစဉ် ၁၁

ဘာဘဲဖြစ်ဖြစ်,ကောင်းဖန်က မြောင်းထဲတွင်နေထိုင်သောသားရဲများအကြောင်းကို အနည်းငယ်စိတ်ဝင်စားလာခဲ့သည်၊ တောရိုင်းထဲမှသားရဲများနှင့်မတူဘဲ, ထိုသားရဲများသည်မြို့တွင်းနေထိုင်သူတွေဖြစ်ကြပြီး, သူတို့ကမြောင်းထဲမှာဘဲ နေထိုင်ကြသည်၊ သူတို့နှင့်တောရိုင်းသားရဲများကြားခြားနားချက်က ကောင်းကင်နှင့် မြေကြီးကဲ့သို့ပင်ဖြစ်သည်၊

လူသားများသည်မြို့၏အရိပ်ကိုသိမ်းပိုက်ခဲ့ပြီး, မြို့ထဲရှိအလင်းရောင်များကိုထိန်းချုပ် ခဲ့သည်၊ လူသားများစွန့်ပစ်ထားသောအမှိုက်များကိုခိုးယူကတိတ်တဆိတ်သာနေထိုင် ကြသည်၊

တစ်ပတ်အကြာတွင် စက်ရုံ၌လီကျွင်းစန်၏အလုပ်သည်

စာစဉ် ၁၁

လမ်းကြောင်းမှန်ပေါ်သို့ ရောက်လာပြီး သူကအလုပ်နှင့်လည်းပို၍ရင်းနှီးလာသည်၊

ရင်ဘတ်အထိရှည်သောအရပ်နှင့် သူကကြီးမားသောအလုပ်သမားအင်္ကျီကိုဝတ်ထားပြီး ရော်ဘာလက်အိတ်အစုံကိုလည်းဝတ်ဆင်ထားသည်၊ ဘယ်တစ်ယောက်ကဘဲ ကြည့်ပါစေ, သူကိုကြည့်ရတာအလုပ်သမားခုံတန်း၏ဘေးတွင်ရပ်နေသလို ကို့ရို့ကားရားဖြစ်နေသည်၊ သူကနေ့တိုင်းအလုပ်ကြိုးစားသည်၊အရွယ်ရောက်နေသူများ နှင့်ရောနှောပြီး, သူတို့၏ရင်ဘတ်လောက်ထိတောင်အရပ်မရှည်ဘဲ မည်မျှပင် ကြည့်ပါစေသူပုံလေးကရယ်စရာကောင်းလှသည်၊

စာစဉ် ၁၁

ကောင်းဖန်သည်လည်း အဘိုး၏နေရာသို့ပြန်သွားရန်အခွင့်အရေးယူခဲ့သည်၊ သူက ပိုပြီးကြီးလာသောတာ့ဇီနှင့်အစင်းလေးကိုကောက်ပွေ့လိုက်သည်၊

တာ့ဇီနှင့်အစင်းလေးကပိုကြီးလာပေမယ့်, “ဝခြင်း”ဆိုတဲ့ရိုးရာအဓိပ္ပါယ်လိုတော့ မဟုတ်ပေ!၊

သူတို့ကပိုပြီးသန်မာကြီးထွားလာကာ, ပိုပြီးအသားများလာသည်၊ ဒါက အဘိုးနှင့်ဦးလေးလျို၏ကွာခြားချက်ဖြစ်နိုင်သည်၊

တာ့ဇီနှင့်အစင်းလေးတို့သည်လက်ရှိမျိုးစိတ်စွမ်းရည်များ၏အမြင့်ဆုံးအဆင့်သို့ မရောက်သေးပါ၊ ထို့ကြောင့်,

စာစဉ် ၁၁

သူတို့၏လက်ရှိအဆင့်သည်လျင်မြန်စွာကြီးထွားသော အချိန်ဖြစ်သည်၊

တာ့ဇီ၏အဆင့်သည်အဆင့်၂၅သို့ရောက်နေပြီး ၎င်းကကောင်းဖန်၏သားရဲများထဲတွင် ပထမဆုံးအဆင့်သားရဲဖြစ်လာသည်၊ ကောင်းဖန်သည်ဒမ်ဘီနှင့် စာချုပ်ချုပ်ဆိုပြီးကတည်းက တာ့ဇီသည် အချိန်ကာလတစ်ခုလုံးတွင်အဆင့်သတ်မှတ်ချက်၌ဦးေ ောင် နေခဲ့သည်၊

မျှော်လင့်ထားသည့်အတိုင်းသူတို့က အဘိုး၏စောင့်ရှောက်မှုအောက်တွင် အကျိုးကျေးဇူးများကိုခံစားရပြီးဖြစ်သည်၊ နှလုံးသားထဲတွင်တော့ ကျီဟာန့်ဝူသည် သူတို့၏သခင်မှလွဲ၍

စာစဉ် ၁၁

ပတ်ဝန်းကျင်တွင်အရင်းနှီးဆုံးလူသားအဖြစ်တံဆိပ်ကပ်ထားကြ ပြီးဖြစ်သည်၊

သေးငယ်တဲ့နေရာကနေဘဲသရုပ်ဆောင်ရတဲ့ဆီလီကတော့, အဆင့်၂၀အထိတိုးမြှင့်သွားပြီးဖြစ်သည်၊ အထူးအဆင့်အတန်းမှာသာရှိနေပြီး ၎င်း၏အဆင့်အပေါ်ကန့်သတ် ထားတာကြောင့်, သူကအုပ်ချုပ်သူအဆင့်ကိုမချိုးဖောက်နိုင်လိုက်ပါ။

လေပျံဝံဂျယ်လီငါးသည်ဖုန်းချန်းတွင်အသုံးမဝင်သေ ာသားရဲဖြစ်နေပြီး ဂျယ်လီငါးနှင့် စာချုပ်ချုပ်ဆိုပြီး သူတို့၏ကိုယ်ပိုင်သားရဲလုပ်ရန်အတွက် မည်သူမှမလိုချင်ကြပေ၊ အကြောင်းအရင်းကတော့ ၎င်းကပျံသာပျံနိုင်ပြီး, တိုက်ခိုက်မှု ဒါမှမဟုတ် ကာကွယ်မှု စွမ်းရည်လည်းမရှိပေ၊ ၎င်း၏နေရာလပ်စွမ်းရည်သည်လည်းအသုံးမဝင်ဖြစ်နေ

စာစဉ် ၁၁

သည်! ၎င်းကသေးငယ်သည့်ပစ္စည်းတွေကိုသာထည့်ရပြီး နေရာ၏ထုထည်သည်လည်း ကြီးမားခြင်းမရှိပေ၊

သို့သော်ဆီလီသည်သစ်သားဝိဉာဉ်ဂျယ်လီငါးဖြစ်ပြီး ပျံ့ဝဲနေသာဂျယ်လီငါးများမှ တိုးမြှင့်လာခြင်းဖြစ်သည်၊ ၎င်းတွင်ကုသခြင်းစွမ်းရည်ရှိပြီး နေရာလပ်စွမ်းရည်လည်းရှိ သည်၊ ၎င်းကသာမန်ပျံ့ဝဲဂျယ်လီငါးတွေနှင့်နှိုင်းယှဉ်ကြည့်ရင်ေ ော့ အတော်အလှမ်း ကွာလှသည်၊

“ဆိုတော့, ဒါကမင်းရဲ့ကုသမှုစွမ်းရည်ပေါ့?” ကောင်းဖန်လေထဲတွင်ပျံ့ဝဲနေသော အံ့ဩစွာဖြင့်ကြည့်လိုက်သည်၊ ၎င်း၏ဘဝဲလက်များထဲမှ တစ်ချောင်းကမြှောက်လာပြီး အစိမ်းရောင်အလင်းတစ်ခုက ဘဝဲလက်အဆုံးမှထွက်ပေါ်လာသည်၊ စမ်းသပ်ခံ

စာစဉ် ၁၁

အဖြူရောင်ကြွက်၏ကျော်ပေါ်ရှိဒဏ်ရာက သူ့ရှေ့တွင်ပင်သုံးပုံတစ်ပုံလောက် သက်သာသွားသည်၊

“ဒါပေမယ့်ပြဿနာက ဒီအနာကိုခုနကလက်သည်းညှပ်သုံးပြီးငါညှပ်ထားတာ!!! ”

***

စာစဉ် ၁၁

## *အပိုင်း၁၇၁ ငါးကြင်းနီဘုရင်*

“ပုချီ!” ဆီလီက ဝင့်ကြွားစွာခေါင်းကြိတ်လိုက်သည်။ ဒီအတွက် သူ့ကိုယ်သူအလွန်ကျေနပ်နေပုံရသည်။

နောက်တော့ ၎င်း၏နေရာလပ်ထဲမှ သစ်သီးဖျော်ရည်တစ်ခွက်ထုတ်ကာ ကိုယ့်ကိုယ်ကိုယ်ချီးမြှင့်လိုက်သည်။

ကောင်းဖန်ကတော့ စိတ်ပျက်လက်ပျက်နှင့်ပင်။ လက်သည်းညှပ်အရွယ်ဒဏ်ရာ၏သုံးပုံတစ်ပုံလောက်ကိုပဲ ကုသနိုင်တာလေ။ ဒီကောင့်ရဲ့ကုသရေးစွမ်းရည်က ဘယ်လောက်ထိတောင်အားနည်းရတာလဲ? အထူးသဖြင့် ဒီလောက်အားနည်းနေတာတောင် သူ့ကိုယ်သူဂုဏ်ယူနေသေးတာပင်။

စာစဉ် ၁၁

ကောင်းဖန် သူ့စိတ်ကိုမထုတ်ဖော်မိသွားအောင် စိတ်ကိုအတတ်နိုင်ဆုံးလျှော့ချထားရသည်။

အဆင့်တွေပိုတက်လာရင် အသုံးဝင်လာလောက်မှာပါ။

သူအဖိုးကိုအကူအညီတောင်းထားသည့်ပစ္စည်းအမျာ းစု စုဆောင်းပြီးသွားသည့်ပုံပင်။ သူပြန်လာချိန်မှာတော့ သူ့ကိုယ်ပိုင်သားရဲလေးတွေလဲ အားကောင်းလာနိုင်မည်။ ဆီလီကိုလဲ အဆင့်ထပ်မြှင့်ပေးလို့ရပေမည်။

ကောင်းဖန် ဆီလီကိုအောက်ထပ်သို့သယ်သွားလိုက်သည်။ အောက်လဲရောက်ရော ရွှယ်ဟုန်နှင့်တည့်တည့်တိုးတော့သည်။

စာစဉ် ၁၁

ရွှယ်ဟုန်သည် ကုမ္ပဏီမှဒုတိယအကြီးအကဲများပေါ် ထွေထွေထူးထူးထင်မြင်ချက်မျိုးမရှိပေ။ သူမက သူကိုလဲ ပုံမှန်အတိုင်းပဲဆက်ဆံကာ ရန်လိုခြင်းမျိုးလဲရှိမနေပေ။

တစ်နည်းပြောရရင်တော့ သူမမှာ အမြင့်တက်ဖို့လှေကားထောင်လိုသည့်စိတ်ကူးမရှိခြင်းပင်။ လက်ရှိသူမ၏ရာထူးကပင် အတော်ကောင်းနေပေပြီ။ ဒါကြောင့် အထူးတလည်ရည်မှန်းချက်မျိုးမရှိဘဲ ကောင်းဖန်အပေါ် သူမ၏သဘောထားမှာရိုးရှင်းလှသည်။ သူမက ကောင်းဖန်ဘာလုပ်လဲဆိုသည့်အပေါ်ကိုလဲ မေးခွန်းထုတ်ခြင်းမရှိပေ။

“ပုချီ၊ ပုချီ?” ဆီလီကလေထဲတွင်မြောနေရင်း ဆူဆူညံညံလုပ်နေသည်။

စာစဉ် ၁၁

ရွှယ်ဟုန်မှာ သွားနေသည့်အရှိန်ကိုလျှော့ကာ ဆီလီကိုမကြည့်ဘဲမနေနိုင်တော့ပေ။ ၎င်းက ထွင်းဖောက်မြင်နေရကာ ဝိုင်းစက်ပြီးချစ်ဖို့ကောင်းတဲ့ကောင်လေးမို့ ၎င်းရဲ့ချစ်စရာခေါင်းလေးကိုပုတ်မိဖို့ဆွဲဆောင်နေသည်။

...

မကြာသေးမီကပဲ ဒမ်ဘီသည် ဘာမှရှိမနေသည့်နေရာကို မှုန်ကုတ်ကုတ်ကြည့်နေရာတာကို သဘောကျကြောင်း ကောင်းဖန်သိသွားခဲ့သည်။

၎င်းက ညလယ်ခေါင်ကြီးလဲ ထကာ ကြယ်တွေစုံနေသည့်ကောင်းကင်ကိုကြည့်နေတတ်သည် ။ ၎င်းအပြာရောင်မီးတောက်များနှင့်

စာစဉ် ၁၁

တောက်ပသည့်နဂါးငွေ့တန်းသည်

တောက်ပပုံခြင်းပင်တူလှသည်။

ဒမ်ဘီ၏စိတ်ထဲတစ်ခုခုတော့ရှိနေလောက်မည်ဟု

ကောင်းဖန်ခံစားမိခဲ့သည်။

"ဒမ်ဘီ၊ ဘာဖြစ်လို့လဲ?"

ဒမ်ဘီကသူ့သခင်ကိုငုံ့ကြည့်ကာ အသံတိုးတိုးဖြင့်

ညည်းတွားလိုက်သည်။

"ပြန်...သွားတွေ့ချင်တယ်၊

သူ့(မ)ကို...လွမ်း...လွမ်းတယ်။"

ကောင်းဖန် အံ့အားသင့်သွားရသည်။

ချန်အန်းကိုပြန်ချင်တာလား? နောက်တော့

ထိုအတွေးကိုပြန်ဖယ်ထားလိုက်သည်။

ချန်အန်းကိုတော့မဖြစ်နိုင်ပေ။

## စာစဉ် ၁၁

ခဏတာတွေးကြည့်ပြီးနောက် ဒမ်ဘီကိုအစတုန်းက ဖမ်းဆီးကာ စမ်းသပ်မှုတစ်ခုအဖြစ်ပို့လိုက်ကြောင်း တွေးမိသွားသည်။ ၎င်းကတောထဲမှာပဲ သူ့မိသားစုအဖွဲ့နှင့်ရှိနေသင့်တာပင်။

သူပြောလိုက်တဲ့ "သူ(မ)"ဆိုသည်က နောက်ကွယ်တွင်ဇာတ်လမ်းတစ်ပုဒ်တော့ရှိနေလိမ့်မည်ဟု ကောင်းဖန်ခံစားလိုက်ရသည်။

"မင်းရဲ့အဖော်လား?" ကောင်းဖန်သိချင်သွားသည်။

"မ...မဟုတ်ဘူး။" ဒမ်ဘီကိုခေါင်းကိုခါယမ်းပြသည်။ "သ...သမီး။"

သမီး? ကောင်းဖန် မနေနိုင်တော့ဘဲ ဒမ်ဘီကိုကြောင်ကြည့်မိသွားသည်။

သူစကားတောင်ပြန်မပြောနိုင်တော့ပေ။

စာစဉ် ၁၁

ဒမ်ဘီက လူဝံဖေဖေတောင်ဖြစ်နေပြီပေါ့။

ဒမ်ဘီသည် သူ့ကိုယ်ပိုင်သားရဲဖြစ်လာကတည်းက အလွန်သစ္စာရှိခဲ့ပြီး ဘာကိုမှစောဒကမတက်ခဲ့ပေ။ တစ်ခါမှလဲ တောင်းဆိုတာမျိုးမရှိခဲ့ဖူးပေ။ အခုတော့ ရှားရှားပါးပါး ဒမ်ဘီက သူ့ကိုတောင်းဆိုလာတာကြောင့် ကောင်းဖန်လဲ ငြင်းဖို့အကြောင်းပြချက်မရှိတော့ပေ။ “ဟုတ်ပြီ၊ နောက်တော့ မင်းရဲ့မွေးရပ်မြေကိုသွားလည်ကြတာပေါ့။”

ဒမ်ဘီမှာ အလွန်ပျော်ရွှင်သွားကာ အရူးလိုမျိုးရယ်မောနေတော့သည်။ ၎င်းက ရှုးကြောင်ကြောင်ဖြင့်ဆက်တိုက်ပြုံးရင်း ကောင်းဖန်ကိုကြည့်နေလေသည်။

“မင်းရဲ့မွေးရပ်မြေက ဘယ်မှာလဲ?”

စာစဉ် ၁၁

ရုတ်တရက်ဆိုသလို လေထုကထူးဆန်းလာတော့သည်…

ဒမ်ဘီနှင့်ကောင်းဖန်တို့ အချင်းချင်းစိုက်ကြည့်နေခဲ့သည်။

"အနီ၊ အနီရောင်ရေ၊ သစ်ပင်အကြီးကြီးတွေ!" ဒမ်ဘီက သူ့မွေးရပ်မြေနေရာကို ခက်ခက်ခဲခဲဖော်ပြလို့နေသည်။

ကောင်းဖန် တွေးရတော့သည်။ ခဏတာတွေးပြီးနောက် မျက်မှောင်ကြုတ်လိုက်ကာ သူ့ဖုန်းကိုသာထုတ်ပြီး ဓါတ်ပုံတွေရှာတော့သည်။ မြစ်နီလူဝံအထူထပ်ဆုံးနေရာ။

"ဒီနေရာလား?"

"မဟုတ်ဘူး။" ဒမ်ဘီကခေါင်းကိုခါလိုက်သည်။

စာစဉ် ၁၁

“ဒီနေရာရော?”

“မဟုတ်ဘူး။”

“ဒါကော?”

ဤတစ်ကြိမ်တွင်တော့ ဒမ်ဘီအေးခဲသွားကာ ဖုန်းနားတိုးကပ်သွားပြီး ပုံထဲမှရှုခင်းများကို ခက်ခက်ခဲခဲခွဲခြားစမ်းစစ်နေသည်။ နောက်တော့ ဒမ်ဘီ၏မျက်လုံးထဲမှ မီးတောက်များမှာ စိတ်လှုပ်ရှားမှုကြောင့် ပိုလို့တောက်ပသွားတော့သည်။

အဆောင်၏မြေညီထပ်မှာ ရောမအရိုးစုကြီးတစ်ခုသည် စိတ်လှုပ်ရှားစွာဖြင့် ကောင်းကင်ကိုဦးတည်ကာ ဟိန်းဟောက်တော့သည်။

…

စာစဉ် ၁၁

“မင်း ချွမ်ရှုက သဲနီမြစ်ကိုသွားချင်တာလား? ဘာလို့ရုတ်တရက်ကြီးသွားချင်သွားတာလဲ?”

“ကျနော့်ရဲ့ကိုယ်ပိုင်သားရဲထဲကတစ်ကောင်က အဲ့နားတစ်ဝိုက်နေဖမ်းခေါ်ခံခဲ့ရတာ။ အခု သူ့မွေးရပ်မြေကိုပြန်လည်ချင်နေတယ်။ သူ့ရဲ့လေ့ကျင့်သူတစ်ယောက်အနေနဲ့ ကျနော်လဲလိုက်သွားရမှာပေါ့။”

“ဟမ်း… ငါမှတ်မိသလောက်ဆိုရင် သဲနီမြစ်မှာ ကုန်ပစ္စည်းတချို့ဝယ်ဖို့ အစီအစဉ်တွေရှိဦးမယ်။ ဟန်ချိုး!” ကျီဟန့်ဝူက တံခါးအပြင်ဘက်ကိုလှမ်းအော်လိုက်သည်။

အတွင်းရေးမှူးဟန်က ချက်ချင်းပင်ဝင်လာခဲ့သည်။ “ဟုတ်ပါတယ်၊ ဥက္ကဌကျီ၊ ကုမ္ပဏီက သဲနီမြစ်နေပြီး အရည်အသွေးမြင့် သဲနီနှလုံးတွေကို ဝယ်ယူနေပါတယ်။

စာစဉ် ၁၁

ကျနော်တို့သာ ရေရှည်ပူးပေါင်းဆောင်ရွက်မှုအတွက် ညှိနှိုင်းနိုင်ရင်အကောင်းဆုံးပါပဲ။” အတွင်းရေးမှူးဟန်က အလေးအနက်ထားကာပြန်ဖြေလေသည်။

ဒီလိုတိုက်ဆိုင်မှုမျိုး?

ကောင်းဖန်ကအံ့သြသွားတော့သည်၊

“ကုမ္ပဏီက တစ်ယောက်ယောက်ကသွားသင့်တယ်, ဒါပေမယ့်မင်းအဲ့မှာခရီးထွက်ချင် နေကတည်းက, လမ်းမှာအပေးအယူကိုကူညီပြီးညှိနှုင်းသင့်တယ်၊ ဒါကမင်းအတွက်

ကောင်းမွန်တဲ့လေ့ကျင့်မှုတစ်ခုဖြစ်လိမ့်မယ်၊

အကယ်၍မင်းညှိနှိုင်းလို့မလွယ်ရင်လည်း

အဆင်ပြေတယ်, အတွေ့အကြုံကအရေးကြီးဆုံးဘဲ” ကျီဟန့်ဝူကရှင်းလင်းစွာပြော လိုက်သည်၊

“ကောင်းပါပြီ” ကောင်းဖန်က အံ့သြနေဆဲဖြစ်သည်၊

စာစဉ် ၁၁

...

တောင်ပိုင်းကောင်းကင်အဖွဲ့ ကိုယ်ပိုင်လေယာဉ်သည် ဖြေးညင်းစွာဖြင့်မြေပြင်ပေါ်သို့ လုံခြုံစွာဆင်းသက်ခဲ့သည်၊

ဝတ်စုံပြည့်နှင့်သားရေဖိနပ်များဝတ်ဆင်ထားသော အထက်တန်းလွှာများနှင့်အတူ ကောင်းဖန်လည်းလေယာဉ်ပေါ်မှဆင်းလာသည်၊

လေယာဉ်၏အရှေ့တွင်, အနက်ရောင်ကားများအတန်းလိုက်သည် လေဆိပ်၏ဘေး တစ်ဖက်တစ်ချက်တွင် ရပ်ထားကြသည်၊ သူတို့ရှေ့မှာဗိုက်ပူပူနှင့်လူငယ်လေး တစ်ယောက်ရှိသည်၊

လူငယ်လေးကအနက်ရောင်ရှပ်အင်္ကျီကိုဝတ်ဆင်ထ ားသည်၊ သူ၏ဆံပင်ကအညိုရောင် ဆေးဆိုးထားပြီး

အနောက်ဘက်တွင်သိမ်း၍ထောင်ထားသည်၊ သူကအနက်ရောင် မျက်မှန်ကိုဝတ်ဆင်ထားပြီး သူ၏မျက်လုံးများကိုစောင်းကြည့်ပြီးပြုံးလိုက်သောအခါ, သူကရှင်မြူးနေသောအဘိုးအိုတစ်ယောက်နှင့်ပင်တူသွာ းသည်၊ “ကျနော့်အထင်, ဒါကသခင်လေးကောင်းဖြစ်ရမယ်၊ တွေ့ရတာအရမ်းဝမ်းသာ ပါတယ်၊ ကျနော်ကကျောက်ကျားလျန်, ချင်ချွန်းကုမ္ပဏီရဲ့ကိုယ်စားလှယ်ပါ၊”

ကောင်းဖန်က ကျောက်ကျားလျန်နှင့်တွေ့ဆုံလိုက်ပြီး စကားအနည်းငယ်လောက်ပြော လိုက်သည်၊ သိသာထင်ရှားသောသဘောတူညီချက်တစ်ခုအတွက်စစ် မှန်သည့်

စာစဉ် ၁၁

အစီအစဉ်များနှင့်ပတ်သတ်၍ကောင်းဖန်သည်ကျွမ်းကျင်ပညာရှင်တစ်ဦးက ဒီဆွေးနွေးမှုများကိုကိုင်တွယ်နိုင်လိမ့်မည်ဟုဖော်ပြခဲ့သည်၊

သူကစီးပွားရေးကိုဘယ်လိုလုပ်ရန်အတွက်ကို ဘယ်တုန်းကမှမသင်ခဲ့ဘူးပေ၊ အကယ်၍စီးပွားရေးသဘောတူညီချက်များကို့ရို့ကားယ ားဖြစ်သွားမည်ဆိုလျှင် ကုမ္ပဏီ၏ဝင်ငွေအားလုံးကိုဆုံးရှုံးသွားမှကြောက်သည်၊

ကျောက်ကျားလျန်သည်ကောင်းဖန်ပြောတာကိုကြာ းတဲ့အခါ ကျယ်လောင်စွာဖြင့် ရယ်လိုက်သည်၊ “မင်းကတကယ်ကိုစဉ်းစားဉာဏ်သုံးပြီးပြောတာဘဲ, သခင်လေးကောင်း၊ ကျနော်တို့ကဒီလိုပရော်ဖက်ရှင်နယ်ဆန်တဲ့ပစ္စည်းတွေ

ကို ပညာရှင်တွေဆီမှာထားခဲ့ရမှာပေါ့”

သူကကောင်းဖန်ကိုမျက်လုံးမှိတ်ပြလိုက်ပြီး ပြောလိုက်သည်, “ ကိုယ်ပိုင်ပျော်ရွှင်မှုတွေနဲ့သွားကြတာပေါ့”

ထို့နောက်ကောင်းဖန်က ကျောက်ကျားလျှန်ကိုမေးလိုက်သည်, “အိုး, ညီအကိုကျောက် မြစ်နီလူဝံတွေအတူနေတဲ့ သဲနီမြစ်ဧရိယာကိုသိလား?”

မြစ်နီလူဝံတွေ? ဒီကလေးကပြိုင်ဘက်ကင်းအတွေ့အကြုံတွေရှိတာဘဲ၊

ကျောက်ကျားလျှန်ကအံ့သြနေတော့သည်၊ မေးခွန်းကသူ့ကိုအကျပ်ရိုက်စေသည်၊

လီကျိုးအနီးတဝိုက်ကအကောင်းဆုံးအဆင့်မြင့်နေရာတွေ ဒါမှမဟုတ် ဘယ်နေရာတွေ

မှာအလှဆုံးမိန်းကလေးတွေရှိလဲဆိုတာမေးရင်တော့ သူ့မှာအဖြေအားလုံးရှိသည်၊ ပွင့်ပွင့်လင်းလင်းပြောရရင်လူတွေက သူ့ကိုလီကျိုး၏ပြည့်တန်ဆာကိုယ်စားလှယ်လို့ တောင်ခေါ်ကြသည်၊

ဒါပေမယ့် ဒီကောင်လေးကျမှ ဘာလို့ရုပ်ဆိုးဆိုးသားရဲတွေအကြောင်းကိုမေးတာတုန်း... .

အကျပ်ရိုက်နေသော ကျောက်ကျားလျန်ကလှည့်၍လက်ကိုဝှေ့ယမ်းလိုက်သည်၊ ချက်ချင်းဘဲအဖြူရောင်ဝတ်စုံနှင့်အမျိုးသမီးအတွင်းရေးမှူးတစ်ယောက်က လျှောက်လာသည်၊

စာစဉ် ၁၁

"မြစ်နီလူဝံတွေက သဲနီမြစ်ဧရိယာရဲ့ဘယ်နေရာမှာနေကြတာလဲ?"

ခဏလောက်ရပ်နေပြီးမှ အတွင်းရေးမှူးကပြောလာသည်, "သဲနီမြစ်လယ် တစ်လျှောက်တောအုပ်နေရာကွက်လပ်နှစ်ခုမှာ မြစ်နီလူဝံတွေစုဝေးတဲ့နေရာတွေ အများကြီးရှိတယ်၊ အကယ်၍ မြစ်နီလူဝံကိုလိုချင်ရင် သားရဲဖမ်းဆီးရေးအေဂျင်စီကို ဆက်သွယ်လို့ရပါတယ်၊"

ကျောက်ကျားလျှန်ကကောင်းဖန်ကိုအကြံညာဏ်ပေးလိုက်သည်, "မင်းလီကျိုးနယ်ပယ် တစ်ဝိုက်ဧရိယာမှာဘယ်လိုအကူအညီမျိုးဘဲလိုလို, ငါ့ရဲ့ချင်ချွန်းကုမ္ပဏီမှာ သင့်လျော်တဲ့အရှိန်အဝါသက်ရောက်မှုတွေရှိတယ်"

စာစဉ် ၁၁

ကောင်းဖန်ကခေါင်းကိုခါလိုက်သည်၊
“ဒီလိုမျိုးဒုက္ခခံစရာမလိုပါဘူး, ကျေးဇူးပါ” ထို့နောက်, သူကဒမ်ဘီနဲ့ကျန်သောသူများနှင့်အတူလေဆိပ်သို့ထွက်ခွာသွားကြပြီး, ကျောက်ကျားလျှန်နှင့်ကုမ္ပဏီရှုပ်ထွေးစရာများကိုချန်ထ ားခဲ့သည်၊

သူကဒီမှာသဘောတူညီမှုလုပ်မယ်လို့ထင်နေခဲ့တာ? ဒီကောင်ကငါ့ထက်တောင်ပိုပြီး စိတ်မချရဘူးလို့ဘာလို့ခံစားနေရတာပါလိမ့်?”

သဲနီမြစ်ကချွမ်ရှုပြည်နယ် နယ်နမိတ်အတွင်းရှိလီကျိုးမြို့အပြင်ဘက်ဧရိယာကို ဖြတ်သွားခဲ့သည်၊ ၎င်းတွင်အနီရောင်နှုန်းန္ဒံ့အများအပြားရှိတာကြောင့် ၎င်း၏ရေများ သည်အနီရောင်ဖြစ်နေခြင်းဖြစ်သည်၊

စာစဉ် ၁၁

ကပ်ဆိုးကြီးပြီးနောက်,အနီရောင်နှုန်းမြေများသည် အသွင်ပြောင်းသွားခဲ့သည်၊ အခုဆို သဲနီနှလုံးလို့ခေါ်တဲ့ရှားပါးပစ္စည်းတစ်မျိုးကို အနီရောင်နှုန်းမြေအများအပြားရှိသည့် နေရာမှထုတ်ယူနိုင်ခဲ့သည်၊

သင်္ဘောကြီးတစ်စီးကိုငှား၍ ကောင်းဖန်သည်မြစ်တစ်လျှောက်ရွက်လွှင့်လာခဲ့သည်၊ သဲနီမြစ်ကမ်းပါးများသည်မြစ်၏အခြားတစ်ဖက်တွင်နိမ့်ကျနေပြီးကြီးမားသော သင်္ဘောပေါ်မှသစ်တော၏ထူထပ်ကျယ်ပြန့်သောနေရာများကိုမကြာခဏတွေ့မြင်ရ သည်၊ မြစ်ရေပြင်ပေါ်တွင် သင်္ဘောအကြီး,အငယ်များရွက်လွှင့်နေကြသည်၊ နီညိုရောင်ရှိသောမြစ်ရေသည်အတော်လေးနောက်ကျိ ေသည်၊

စာစဉ် ၁၁

“ဦးလေး,
သားရဲတွေကမြစ်အောက်ဘက်မှာရှိလား?”
ကောင်းဖန်ကမသေချာစွာဖြင့် မေးလိုက်သည်၊
ဒီသဘော်တွေက အလွန်ရဲတင်းပုံပေါက်သည်၊
မြစ်ကမ်းတစ်လျှောက် ရဲဝင့်စွာရွက်လွှင့်နေသည့်
တစ်ဒါဇင်ကျော်ကျော်လောက်ရှိသောသဘော်ငယ်များ
ကို တွေ့မြင်ရသည်၊

“သေချာတာပေါ့,ဘာလို့မရှိရမှာလဲ?”
သဘော်သားလူကြီးကရယ်လိုက်သည်၊
“ဒါပေမယ့်စိတ်မပူပါနဲ့,
ငါတို့သဘော်တွေအားလုံးမှာငါးကြင်းနီဘုရင်ရဲ့အကြေးခွံ
တစ်ခုအောက်ခြေမှာကပ်ထားကြတယ်၊
ငါတို့ကဘယ်သားရဲတွေကိုမှမတိုက်ခိုက်ရင်
သူတို့ကလည်းငါတို့ကိုမတိုက်ခိုက်ဘူး”

## စာစဉ် ၁၁

ငါးကြွင်းနီဘုရင်?

ကောင်းဖန်ကလေးနက်စွာမေးလိုက်သည်, "သားရဲတစ်ကောင်လား?"

"မဟုတ်ဘူး, ဒါပေမယ့်သူ့ရဲ့ဂုဏ်အခေါ်အဝေါ်ကကို ငါးကြွင်းနီဘုရင်,ငါတို့အပေါ်မှာ ကောင်းတယ်၊ ငါတို့လုပ်စရာလိုတာက သားရဲတချို့ကိုဆက်သပြီးနောက်ပိုင်း, ဆုအနေနဲ့ငါတို့ကအကြေးခွံတစ်ခုပြန်ရတယ်၊ အဲ့ဒီအကြေးခွံတွေကငါတို့မြစ်ကြောင်းတစ်လျှောက်ရှက်လွှင့်နေချိန်သားရဲတွေရဲ့တိုက်ခိုက်မှုကနေကာကွယ်ပေးတယ်"

ကောင်းဖန်သည်ထိုကဲ့သို့သောကိစ္စကိုပထမဆုံးအကြိမ်ကြားဖူးခြင်းဖြစ်သည်၊ ဒီသတင်းကိုသူဘာလို့မကြားဘူးတာပါလိမ့်?

ထိုသို့သောအပြုအမူများသည်...လူတို့၏ရှေးဒဏ္ဍာရီများမှ တောတောင် ဒါမှမဟုတ် မြစ်စောင့်နတ်များကိုတင်းတိမ်စေရန်ဆက်သမှုများကဲ့သို့ ကွာခြားပုံမပေါ်ပေ၊

***

# *အပိုင်း၁၇၂ ဒီမှာဆို သူမလွတ်လပ်တယ်*

“အဲ့ဒီအကြေးခွံရဲ့အစွမ်းအကျိုးသက်ရောက်မှုသက်တမ်းက အကန့်အသတ်မရှိလား?” ကောင်းဖန်ကနောက်ထပ်ထပ်မေးလိုက်သည်၊

“သေချာပေါက်မဟုတ်ဘူးပေါ့၊ အကြေးခွံက ငါးကြင်းနီဘုရင်ရဲ့အနံ့ကိုပေးတာကြောင့် သားရဲတွေကိုတွန်းလှန်နိုင်တယ်၊ အချိန်ကြာကြာအသုံးပြုပြီးရင် အနံ့ကတော့သဘာဝအတိုင်းပဲ တဖြည်းဖြည်းမှိန်ဖျော့သွားလိမ့်မယ်” သဘော်သားလူကြီးကအမှန်အတိုင်း ရှင်းပြသည်၊ “ငါတို့ကသားရဲအများကြီးကိုဆက်သဖို့မလိုအပ်ဘူး, ပြီးတော့ အကြေးခွံ တစ်ခုကတစ်နှစ်အထိအသုံးခံတယ်၊”

စာစဉ် ၁၁

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်၊ ဒီငါးကြင်းနီဘုရင်ကလှပပြီးညဏ်ကောင်းတယ်၊ လက်ဆောင်ရယူနည်းကိုလည်းသိတယ်၊ အဲ့နည်းနဲ့အစာလိုက်စားဖို့အတွက်နေ့တိုင်း မောပန်းနေစရာမလိုတော့ဘူးလေ၊ လူတွေကတော့သဘာဝအတိုင်းအစားအသောက်တွေပေးနေဦးမှာဖြစ်သည်၊ ၎င်းပြန်လုပ်ပေးတာကတော့ သူမလိုအပ်တော့တဲ့အကြေးခွံ တွေကိုပေးခြင်းဖြစ်သည်၊

အခုတော့, ကောင်းဖန်မဟာမိတ်အစိုးရကို ဘာကြောင့်ထိုသတင်းမျိုးအားလူသိရှင်ကြားမပြုလုပ်ရသလဲဆိုတာကို အနည်းနဲ့အများနားလည်လာသည်၊ မဟာမိတ်ဖွဲ့မှုအောက်တွင်ပင်အစိုးရသည် ၎င်း၏နိုင်ငံသားများကိုကာကွယ်နိုင်စွမ်းမရှိသည့်အပြင် အကာအကွယ်အတွက်နတ်ဆိုးများကိုပင်

## စာစဉ် ၁၁

ကိုးကွယ်ဆည်းကပ်ကြောင်းကို ကျယ်ပြန့်စွာ သိရှိလာပါကအစိုးရ၏ဂုဏ်သိက္ခာအတွက်မကောင်းပေ။

ဒါပေမယ့်အခြေစိုက်မြို့တစ်ခု၏လုံခြုံရေးထိန်းသိမ်းဖို့အတွက် သူတို့မှာကိုယ်ပိုင်သားရဲ ဒါမှမဟုတ် အနည်းဆုံးကေရာဇ်အဆင့်သားရဲတစ်ကောင်လိုအပ်သည်၊

သူကိုယ်တိုင်လည်းလူသားတစ်ဦးအနေနှင့်မကူညီနိုင်ဘဲ တိတ်ဆိတ်နေရသည်၊

သူအရင်ရောက်ဖူးတဲ့နေရာတွေမှာ, ယွိကျိုးနဲ့ချန်အန်းနှစ်နေရာလုံးက နေရာကို ကာကွယ်ဖို့အတွက်အကောင်းဆုံးလူသား သားရဲလေ့ကျင့်သူတွေရှိသည်၊ ထို့ကြောင့် ပတ်ဝန်းကျင်သစ်တောများမှသားရဲများကျူးကျော်ဝင်ရောက်မှုကိုကြောက်ရွံ့နေရန် မလိုအပ်ပေ၊

စာစဉ် ၁၁

ဒါပေမယ့်မြို့ငယ်လေးမှာတော့ ထိုကဲ့သို့မဖြစ်နိုင်ပေ၊

"သူဌေး, ကျနော်တို့ရောက်ပြီ"၊

သင်္ဘောသားလူကြီးက ဖြေးညင်းစွာဖြင့်မြစ်ကမ်းပါးယံ

ဘက်တွင်သင်္ဘောကိုကမ်းကပ်လိုက်သည်၊

မြစ်ရေများကတက်လာပြီးကမ်းစပ်တွင်

တဖြည်းဖြည်းကျဆင်းသွားကြသည်၊

မသဲကွဲသောရေထဲတွင်, နူးညံ့သည့်အစိမ်းရောင်

အခွံဖြင့်လိပ်သည် ရေတိမ်သောနေရာတွင်လှဲနေသည်၊

သင်္ဘောကိုမြင်သောအခါ,

၎င်း၏ပုံစံကကြောက်ပုံမရပေ၊

ထိုအစား,၎င်းကသတိကြီးစွာ

သင်္ဘောကိုနှာတရှုပ်ရှုပ်ဖြင့်နမ်းကာ ချဉ်းကပ်လာသည်၊

ထို့နောက်, ကြောက်မက်ဖွယ်

အနံ့တစ်ခုခုကိုရလိုက်တာကြောင့်,

စာစဉ် ၁၁

ငှင်း၏သေးငယ်သောမျက်လုံးများဖြင့်စောင်းကြည့်
၍သူ၏လိပ်ခေါင်းကိုပြန်ရုတ်လိုက်ကာ,
နက်ရှိုင်းသည့်မြစ်ရေထဲသို့သူ့ခန္ဓာကိုယ်လှည့်
ကာဝင်သွားတော့သည်၊

“မင်းဒီနေရာနဲ့ ရင်းနှီးလား?”
ကောင်းဖန်ကဒမ်ဘီကိုမေးလိုက်သည်၊ အကယ်၍ဒမ်ဘီ
ကဒီနေရာမှာအရင်ကနေဖူးလျှင်,
သူကပတ်လည်ရှိနေရာကိုမှတ်မိသင့်သည်။

ဒမ်ဘီသည်သဘော်ခန်းထဲမှငုံ့ကာထွက်လာသည်၊
ကုန်းပတ်ပေါ်မှခြေတစ်လှမ်းချင်း
တိုးလိုက်တိုင်းစူးရှရှအသံထွက်လာသည်၊
ဒမ်ဘီသည်ပတ်လှည့်ကိုလှမ်းကြည့်ပြီး
နောက်ကုန်းပတ်ပေါ်မှခုန်ဆင်းကာမြစ်ကမ်းစပ်တွင်ဆင်
းလိုက်သည်၊စိုစွတ်သော

စာစဉ် ၁၁

မြေပြင်ပေါ်တွင်လျှောက်လှမ်းရင်းသူ၏ငွေဖြူရောင်ခြေချောင်းများက ရွှံ့ထဲသို့နစ်မြုပ် သွားသည်၊

ဒမ်ဘီကအောက်ကိုငုံ့ကြည့်ကာရွှံ့ကိုလက်နှစ်ဖက်ဖြင့်ကုန်းယူလိုက်သည်၊ စိုစွတ်သော ရွှံ့များကသူ့လက်ချောင်းများမှတဆင့်တဖြည်းဖြည်းစိမ့်ဝင်လာသည်၊

ဒမ်ဘီ၏ဝိဉာဉ်မီးတောက်သည်သူ့မျက်လုံးအိမ်ထဲတွင် တောက်လောင်လာတော့သည်၊ ထိုအချိန်တွင်သူသည်ဒီရင်းနှီးသောမြစ်ကမ်းနံဘေးတွင်ဆော့ကစားနေသေးသည့် လွန်ခဲ့သည့်တစ်နှစ်ပြန်ရောက်သွားသလိုခံစားလိုက်ရသည်၊

ကြီးမားသောပိုက်ကွန်ကြီးသည် အပေါ်မှပြုတ်ကျလာခဲ့ပြီး ချွန်ထက်သောချိတ်များက

စာစဉ် ၁၁

သူ၏သားမွေးများပေါ်တွင် တင်းတင်းကြပ်ကြပ်ချည်နှောင်ထားသည်၊ အသန်မာဆုံး သားရဲဖြစ်တာကြောင့်ဒမ်ဘီကအမဲလိုက်သူများအမြင်တွင်တန်ဖိုးကြီးသော သားကောင်ဖြစ်လာပြီး ကုန်ကျစရိတ်ပေါင်းများစွာဖြင့်ပင်ဖမ်းစီးခဲ့ကြသည်၊

ဒမ်ဘီဒေါသတကြီးအော်ဟစ်လိုက်ပြီး သူ၏မိသားစုကိုမြစ်ကမ်းစပ်မှထွက်ခွာပြီး ထူထပ်သောတောနက်ထဲသို့ပြေးရန်သတိပေးခဲ့သည်။

သူ့၏ကိုယ်ပိုင်မျက်လုံးများဖြင့်ပင် သုံးနှစ်သားသမီးလေးကိုသယ်ကာသူမအမေက တောအုပ်အတွင်းသို့ဝင်ပြေးသွားသည်ကိုတွေ့မြင်လိုက်ရသည်၊ သူမသူ့ကိုသတိရသေးလားဆိုတာဘယ်သူကသိမှာလဲ။

စာစဉ် ၁၁

ဒမ်ဘီကဖြည်းဖြည်းချင်းထရပ်လိုက်ပြီး,ရှုံ့များထဲမှ သူ၏ခြေထောက်ရိုးများကိုဆွဲထုတ် လိုက်သည်၊ ခြေလှမ်းတိုင်းတွင်သဲနွံအကွက်ကြီးတစ်ကွက်စီပေါ်လာ သည်၊

ခြေလှမ်းတစ်လှမ်းချင်းစီ, ဒမ်ဘီကတောအုပ်ထဲသို့ပြတ်သားစွာဖြင့်လျှောက်သွား လိုက်သည်၊

ကောင်းဖန်ကသဘော်သားကိုငွေပေးချေလိုက်ပြီးနေ ာက် ပြန်ခေါ်ဖို့အချိန်ကိုစီစဉ်နေသည်၊ နောက်တော့ကမ်းခြေပေါ်သို့ ကျန်တဲ့သူ့သားရဲတွေကိုခေါ်လိုက်သည်၊

၁၀မိနစ်လောက်လမ်းလျှောက်ပြီးနောက် ဒမ်ဘီသည်ထူထပ်သောသစ်ပင်ကြီးတစ်ပင် အောက်တွင်ရပ်သွားသည်၊

စာစဉ် ၁၁

ဒါကထူထပ်သောသစ်ပင်များရှိသောတောအုပ်ဖြစ်သည်၊ ထူထဲသောသစ်ပင်တစ်ပင်ချင်းစီတိုင်း၏ပင်စည်ကြီးများသည်မြေပြင်မှမြွေကြီးများကဲ့သို့ထိုးထွက်နေပြီး, လိမ်ပတ်နေကာကောင်းကင်ကိုကာရံထားသည်၊ ထူထပ်သောသစ်ပင်များကနေရောင်ခြည်ကိုဖုံးအုပ်ထားသဖြင့်တောအုပ်ထဲတွင်အလင်းရောင်ကမှေးမှိန်နေသည်၊

သစ်ပင်၏အကိုင်းအခက်များတွင်ထင်ရှားသောအမှတ်အသားများရှိနေသည်၊ ဒမ်ဘီကအပေါ်ကိုတက်လိုက်ပြီးနောက်အမှတ်များကိုထိုးပြကာညင်သာစွာပြေးသွားသည်၊

ဒမ်ဘီသည်စိုးရိမ်ပူပန်နေပြီးသစ်ပင်သစ်ကိုင်းပေါ်မှမသက်သာစွာဖြင့်ခုန်ဆင်းသွားသည်၊

စာစဉ် ၁၁

“ကောင်းပြီ,

သူတို့တခြားနေရာကိုပြောင်းသွားတာဖြစ်မယ်”

ကောင်းဖန်ကနှစ်သိမ့် လိုက်သည်၊

“သေချာပြန်ရှာကြည့်ပါဦး,

သူတို့မသွားခင်ချန်ခဲ့တဲ့ခြေရာတွေရှိဦးမှာပါ”

ဒမ်ဘီကခေါင်းညိတ်လိုက်သည်၊ အမှတ်အသားများကလွန်ခဲ့တာလအနည်းငယ် လောက်ကကျန်ရစ်ခဲ့ပုံရသည်၊ ဒီတောထဲတွင်လအနည်းငယ်ကြာသည့်အချိန်သည် သားရဲတစ်ကောင်၏ကျန်ရစ်ခဲ့သောခြေရာများကိုဖျက်ပစ်နိုင်သည်၊ သို့သော်ဒမ်ဘီ သည်မြစ်နီလူဝံဖြစ်သည်၊ မြစ်နီလူဝံသည်မြစ်နီလူဝံများ၏အလေ့အကျင့်များနှင့် ရင်းနှီးသည်၊

စာစဉ် ၁၁

သူ့သခင်ဆီမှနှစ်သိမ့်သည့်စကားများကြားရသည့်အခါဒမ်ဘီသည်ကြာကြာနားမနေ တော့ပေ၊ သူ့ကိုယ်သူပြန်ထလိုက်ပြီး သူ့မိသားစုချန်ထားခဲ့သောခြေရာများကိုဆက်၍ရှာသည်၊

မြစ်နီလူဝံအုပ်စုသည်ငင်းတို့၏မူလနေရာမှထွက်ခွာသွားဖွယ်ရှိသော်လည်း ငင်းတို့ သည်သဲနီမြစ်ဧရိယာတစ်လျှောက်တွင်နေထိုင်နေကြဆဲဖြစ်သည်၊ ဒါအတွက်ကြောင့်, ဒမ်ဘီကအရမ်းသေချာနေခြင်းဖြစ်သည်, ဘာကြောင့်လဲဆိုတော့,ဒီဧရိယာတစ်ခုတည်း ကသာလျှင်သက်တောင့်သက်သာရှိသောပတ်ဝန်းကျင်နှင့် အစားအစာများကိုပေထား သောကြောင့်ဖြစ်သည်၊

စာစဉ် ၁၁

သူတို့ရှာဖွေနေစဉ်,မြစ်နီလူဝံအုပ်စုတစ်စုကဖြတ်ကျော်၍ပြေးသွားကြသည်၊ ဒမ်ဘီသည်ဝမ်းနည်းစွာဖြင့်ထွက်မသွားခင်တွင်, နာရီဝက်လောက်ဂရုတစိုက်စိုက်ကြည့်နေ သေးသည်၊ ဒါကသူ့ရဲ့မိသားစုမဟုတ်ဘူး, ဒီထဲမှာသူရင်းနှီးတဲ့မျက်နှာတစ်ခုမှမရှိဘူး၊

သူ့မိသားစုကလုံးလုံးလျားလျားဖျက်စီးခံခဲ့ရတာမဟုတ်ဘူးဆိုလျှင် အဖွဲ့ကဘယ်ကိုဘဲ သွားနေပါစေ အနည်းဆုံးရင်းနှီးတဲ့မျက်နှာအနည်းငယ်လောက်ကိုတော့ ရှာတွေ့သင့်ပါ တယ်၊

ပင်ပန်းနွမ်းနယ်မှုကိုမခံစားရသလိုမျိုး ဒမ်ဘီသည်သစ်တောထဲတွင်ဆက်၍လျှောက်သွားခဲ့သည်၊ သူတို့ရှေ့တွင်မြစ်နီလူဝံများ၏အသံများထွက်လာသည်၊

စာစဉ် ၁၁

ဒမ်ဘီကရုတ်တရက်သတိရှိရှိဖြစ်သွားပြီးလျင်မြန်စွာဖြင့်လျှောက်သွားလိုက်သည်၊ အရှေ့ဘက်တွင်အမြင့်ပေလေးဆယ်ကျော်သာရှိသောခေ ျောက်ကမ်းပါးတစ်ခုရှိသည်၊ ချောက်ကမ်းပါးအောက်တွင်သစ်တောများထူထပ်စွာပေါ က်ရောက်နေသော မြေကွက် တစ်ကွက်ရှိသည်၊များပြားသောနွယ်ပင်များက ချောက်ကမ်းပါးပေါ်မှဆင်းကျနေသည်၊

သစ်ကိုင်းများကြားတွင်မြစ်နီလူဝံအနည်းငယ်ဆော့ကစားနေကြသည်၊

ဒမ်ဘီကရုတ်တရက်အေးခဲသွားသည်၊ သူကမြစ်နီလူဝံအုပ်စုကိုစူးစိုက်ကြည့်နေသည်၊

ကောင်းဖန်သည်ဒမ်ဘီ၏စိတ်ခံစားချက်များမြင့်နေသည်ကို အရင်ကတစ်ခါမှမမြင်ဖူးခဲ့ပေ၊

စာစဉ် ၁၁

သူ၏ရင်ဘတ်တွင်,
သွေးကြောမျှင်နှလုံးသည်အရှုးအမူးခုန်နေကာ
ထပ်ခါတလဲလဲ ကျုံ့ဝင်သွားသည်၊
သူ၏အရိုးများကြားရှိသွေးချည်မျှင်များကိုထိန်းလိုက်ပြီး
သူ၏အရိုး များအားလုံးကိုတင်းကြပ်စွာပတ်ထားသည်၊

ကောင်းဖန်သည်ဒမ်ဘီ၏အရိုးများက
စိတ်ခံစားမှု၏ဖိစီးမှုကြောင့် ကွဲထွက်သွားမလား
တောင်ထင်ရသည်၊

"အဲ့ကိုသွားပြီးသွားကြည့်ချင်လား?"

ဒမ်ဘီကသွားချင်စိတ်ရှိသော်လည်း,
နောက်တော့သူ၏အရိုးစုခန္ဓာကိုယ်ကိုငုံ့ကြည့်
လိုက်ပြီးနှုတ်ဆိတ်သွားတော့သည်၊

"သွားကြည့်လေ,
နောက်ဆုံးသူတို့ကမင်းမိသားစုဝင်တွေဘဲကို၊

မင်းကမျိုးနွယ်စုရဲ့ ဘုရင်လို့အရင်ကမပြောခဲ့ဘူးလား?” ကောင်းဖန်ကဒမ်ဘီကိုအားပေးလိုက်သည်၊

ဒမ်ဘီသည်သူ၏လက်များကိုခါယမ်းလိုက်သည်၊ “မသွားဘူး!မသွားဘူး!”

သူ့အသံကထိတ်လန့်တုန်လှုပ်သွားပြီး ကောင်းဖန်သူ့ကိုဘယ်လိုဘဲဆွဲဆောင်ဖို့ ကြိုးစားပါစေအလုပ်မဖြစ်ပေ၊ သူ၏မျက်လုံးအတွင်းမှမျက်လုံးအတွင်းထဲတွင်, ရှင်းလင်းနေသောအပြာရောင်အလင်းကတောက်လာပြီး, ကြည့်လိုက်တော့ မျက်ရည်များထွက်ကျလာပုံရသည်၊

ကောင်းဖန်ကဒမ်ဘီငိုတာကိုပထမဆုံးမြင်ဖူးတာဖြစ်သည်၊

အရိုးစုကမျက်ရည်ကျလာနိုင်လိမ့်မည်လို့မထင်ခဲ့ပေ၊

စာစဉ် ၁၁

ဒမ်ဘီသည်သစ်ပင်အခေါက်ကြီးများကိုလက်ကြီးမျာ
းဖြင့်တင်းကြပ်စွာဆုပ်ကိုင်ထားပြီး
သစ်ပင်ကြီးနောက်တွင်ပုန်းနေလိုက်သည်၊
သူကခေါင်းကိုဂရုတစိုက်ထုတ်လိုက်ပြီး အုပ်စုအတွင်းရှိ
လူဝံငယ်လေးကိုတိတ်တဆိတ်စောင့်ကြည့်နေခဲ့သည်၊

ဒမ်ဘီကမိန်းမောတွေဝေနေသည်၊

သူမကပျော်ရွှင်နေပြီး ထိုအရာကလုံလောက်ပါသည်၊
အဖေကအသုံးမကျတာပါ၊
မင်းသုံးလသားအရွယ်မှာအဖေ့ကိုဖမ်းမိသွားပြီး
မင်းကိုကာကွယ်ဖို့ရှိမနေခဲ့ဘူး၊

ဒါပေမယ့်.....အဖေကမင်းကိုချစ်နေတုန်းပါဘဲ၊

ဒမ်ဘီ၏မျက်နှာတွင်အသားမရှိသောကြောင့်ပြုံးမပြ
နိုင်တော့ပေ၊

စာစဉ် ၁၁

ထိုအစား,သူ့ကအဝေးမှစူးစိုက်ကြည့်ရင်း အရှုးတစ်ယောက်ကိုပါးစပ်ကြီးပွင့်လျက် ဖြစ်နေသည်၊

ကောင်းဖန်ကဒမ်ဘီကိုမနှောက်ယှက်ဘဲ ဒီလိုလှပသောတွေ့ဆုံမှုကိုတိတ်တဆိတ် ခံစားခွင့်ပေးခဲ့သည်၊

နောက်ဆုံးတွင်ဒမ်ဘီသည်သည်းမခံနိုင်တော့ဘဲ သစ်ပင်အားကိုင်ထားမှုကိုလွှတ်ချ လိုက်သည်၊သူကသစ်ပင်၏နောက်တွင်ဂရုတစိုက်ပုန်းနေ သဖြင့်သူ့ကိုမတွေ့ရပေ၊

“ငါတို့ဒီအတိုင်းထွက်သွားတော့မှာလား?” ကောင်းဖန်ကအံ့ဩသွားသည်၊

ဒမ်ဘီကအားတက်သရောခေါင်းညိတ်ပြသည်၊

စာစဉ် ၁၁

“မင်းရဲ့သမီးကိုပြန်မခေါ်ချင်ဘူးလား? စိတ်မပူပါနဲ့၊ ငါသူမကိုအကောင်းဆုံးဘဝကိုပေး မှာပါ” ကောင်းဖန်ကဒမ်ဘီကိုကတိပေးလိုက်သည်၊

ဒမ်ဘီကတုန်လှုပ်သွားပေမယ့်နောက်ဆုံးမှာတော့ သူကခေါင်းကိုပြင်းပြင်းထန်ထန်ခါ လိုက်သည်၊ “ငါနဲ့ဆိုရင်သူလွတ်လပ်မှာမဟုတ်ဘူး၊ ဒီမှာကလွတ်လွတ်လပ်လပ် ရှိတယ်”

ကောင်းဖန်ကရုတ်တရက်သူ့နှလုံးတင်းကြပ်သွားသလိုခံစားလိုက်ရသည်၊ သူကရုတ်တရက်ဘာပြောရမှန်းမသိဖြစ်သွားသည်၊

သူ့သခင်ကိုလေးနက်စွာကြည့်နေရင်းဒမ်ဘီ၏ကြီးမ ားသောလက်ကကောင်းဖန်၏ ပုခုံးကိုညင်သာစွာပွတ်ပေးလိုက်သည်,

“ဒါပေမယ့်သခင်နဲ့ဆိုရင်တော့ ငါ…ငါအရမ်းပျော်ပါတယ်!”

ကောင်းဖန်ကသူ့နှလုံးသားထဲတွင်နွေးထွေးသွားသလိုခံစားလိုက်ရသည်၊

သူ့သမီးအဆင်ပြေနေကြောင်းသေချာသွားပြီးနောက်,ဒမ်ဘီသည်အလွန်ကျေနပ်နေပြီ ဖြစ်သည်၊ သူကလှည့်ကြည့်ပြီးကောင်းဖန်နှင့်ကျန်သောသူများဖြင့်ထွက်သွားလိုက် သည်၊

အစင်းလေး၏စိတ်ခံစားချက်လည်းထိလိုက်သွားပုံရသည်၊ တစ်ခုခုကိုသတိရနေသလို မျိုးအနည်းငယ်စိတ်မချမ်းမသာဖြစ်နေသည်၊

ဒိုင်း!

သူတို့နောက်မှသေနတ်သံထွက်ပေါ်လာသည်။

စာစဉ် ၁၁

သေနတ်သံသည်တောအုပ်တစ်လျှောက်ပဲ့တင်ထပ်ကာနာကျင်နေသော လူ၀ံများ၏အသံကိုကြားနေရသည်၊

ခေါင်းငိုက်စိုက်ကျနေသောဒမ်ဘီက ရုတ်တရက်အေးခဲသွားတော့သည်၊

***

# *အပိုင်း၁၇၃*

ဒမ်ဘီကခေါင်းကိုဖြည်းညင်းစွာလှည့်ကြည့်လိုက်သည်၊ တောင့်တင်းနေသောအရိုးများ ၏ကျယ်လောင်သောတကျွတ်ကျွတ်မြည်နေသံများထွက်ပေါ်လာသည်၊

သူ့ခေါင်းကလက်မတိုင်းလှည့်သွားတော့,
သူ၏လည်ပင်းရှိအရိုးကပြောက်အိုးများကဲ့သို့
အသံများပေးနေသည်၊
ဒမ်ဘီ၏တဖြည်းဖြည်းတောက်လောင်နေသောဝိဉာဉ်
မီးတောက်သည်အေးစက်သွားတော့သည်၊

ထိုအချိန်မှာပင်, ကမ္ဘာကြီးကရပ်တန့်သွားသလိုပင်၊

သူ၏နာမည်အတိုင်း, ဒမ်ဘီကရူးသွပ်စွာနှင့်
သူ့ခေါင်းကိုဘေးပတ်လည်သို့ဖြည်းညင်းစွာ

စာစဉ် ၁၁

လှည့်လိုက်ပြီး

အနောက်ဘက်နှင့်မျက်နှာချင်းဆိုင်လိုက်သည်၊

ဒမ်ဘီ၏မျက်အိမ်အတွင်းမှဝိညာဉ်မီးတောက်သည် ရုတ်တရက်အတွင်းပိုင်းသို့ကျုံ့ဝင် သွားပြီး နောက်အခိုက်အတန့်တွင်အပြင်သို့ပေါက်ကွဲထွက်လာသည်၊

မီးတောက်ကသူ၏မျက်အိမ်ထဲတွင်ပြင်းထန်စွာဖြင့်ေ ောက်လောင်နေပြီး, သူ၏ သွေးကြောမျှင်နှလုံးက ရင်ဘတ်အပေါက်မှထွက်ကျလာတော့မလို စ၍ သွေးရူးသွေးတန်းဖြင့်ခုန်လှုပ်နေသည်၊

ဂါး!!!

အလွန်ကျယ်လောင်သောဟိန်းဟောက်သံတောတွင် ်းနက်ထဲတွင်အထပ်ထပ်ပဲ့တင် ထွက်နေသည်၊

စာစဉ် ၁၁

ဒမ်ဘီသည်သူ့ခန္ဓာကိုယ်ကိုလှည့်လိုက်ပြီး, သူ၏ညာဘက်ခြေထောက်ကိုအားစိုက်၍ နေရာချလိုက်သည်၊ ဖုန်နှင့်သဲများက လေထဲတွင်ပျံ့ဝဲသွားကြပြီး, သစ်ရွက်များက သစ်ပင်အထက်မှကြွေကျလာကြသည်၊ အနက်ရောင်အရိပ်ကကြွေကျနေသော သစ်ရွက်များကြားမှဖြတ်၍ အရိပ်၏နောက်တွင်သစ်ရွက်တွေကို တိုက်ခိုက်လာသည့် လေပြင်းများထွက်လာသည်၊

ဒမ်ဘီသည်ခြေထောက်တစ်လှမ်းချင်းစီ ၇မီတာ,၈မီတာလောက်ဖြတ်ကျော်ခဲ့သည်၊

သူမအဆင်ပြေမှာပါ, သူမအဆင်ပြေမှာပါ!

စာစဉ် ၁၁

ဒမ်ဘီ၏ရင်ဘတ်သည်အပေါက်သည် လေအရှိန်ပြင်းဖြတ်သွားသောအခါ ဝီစီသံလို ထွက်ပေါ်လာသည်၊

...

ငင်းတို့ကတော့ လူဒါဇင်လောက်ပါသည့်သားရဲအမဲလိုက်အဖွဲ့ဖြစ်သည်၊ သူတို့က လက်နက်အပြည့်အစုံဖြင့်, ဦးထုပ်များဆောင်းထားကာ ရိုင်ဖယ်သေနတ်များကို သူတို့၏လက်ထဲတွင်ကိုင်ထားသည်၊

သူတို့၏အနီးတွင်,အကျွမ်းတဝင်သားရဲများသည်ထူထပ်သောသစ်ပင်များကြား၌ သွက်လက်စွာပြေးလွှားနေကြသည်၊ ထိုအကျွမ်းတဝင်သားရဲများသည်အဓိကအားဖြင့် ကေးနိုင်းအမဲလိုက်ခွေးအမျိုးအစားများဖြစ်သည်၊

ထိုခွေးများသည်အလွန်စူးရှသော အနံ့ခံအာရုံရှိပြီး ၄င်းတို့၏သွက်လက်မှု,လိုက်လျောညီထွေဖြစ်မှုနှင့် သူတို့၏သခင်များ အပေါ်၌သစ္စာစောင့်သိမှုတို့အတူ ၄င်းတို့ကတွေ့နေကျအမျိုးအစားများထဲမှဖြစ်သည်၊

ဟွားရှားနယ်မြေများသည် ကပ်ဆိုးကြီးမတိုင်မီကကဲ့သို့သေနတ်ကိုင်ခွင့်ကို တင်းကျပ် စွာဖြင့်ထိန်းချုပ်ထားဆဲဖြစ်သော်လည်း, တင်းကျပ်စွာနှင့်ကြပ်မတ်မှုတော့မရှိပေ၊ အချို့သောကြိုးစားအားထုတ်မှုတို့ဖြင့်, မှန်ကန်သောလမ်းကြောင်းကိုဖြတ်၍, ၄င်းက ရိုးရှင်းသော အမဲလိုက်ရိုင်ဖယ်ကဲ့သို့ခြောက်လုံးပြူးသေနတ်များကိုေ ေ့ရနိုင်သေး သည်၊

## စာစဉ် ၁၁

“အကိုကြီးလီ, ဒီမြစ်နီလူဝံတွေကိုဖမ်းဖို့ ကျနော်တို့ဘာလိုဒီလိုဒုက္ခတွေခံနေတာလဲ? သူတို့ကတန်ဖိုးကြီးတဲ့သားရဲတွေလည်းမဟုတ်ဘဲနဲ့” အဖွဲ့ထဲမှသန်မာသော အဖွဲ့ဝင်တစ်ယောက်ကမေးလိုက်သည်၊

အကိုကြီးလီက ဒီသားရဲအမဲလိုက်အဖွဲ့၏ခေါင်းဆောင်ဖြစ်သည်၊ သူကရိုင်ဖယ်သေနတ် ထဲကိုကျည်ဆံတွေတစ်တောင့်ပြီးတစ်တောင့်ထည့်လိုက်ရင်း ပြောလိုက်သည်, “ကျိုးမိသားစုရဲ့မစ္စကျိုးကမကြာသေးခင်ကမှ မြစ်နီလူဝံနှလုံးကိုခံတွင်းတွေ့လာခဲ့တယ်တဲ့, ပြီးတော့ဒါကြောင့်ဘဲ

သူတို့ကသားရဲအတွက်ဈေးမြင့်လိုက်တယ်လေ၊ သူတို့ဈေးကွက် ငွေကြေးကသုံးဆတောင်ဖြစ်သွားပြီ”

ကျိုးမိသားစု! သန်မာတဲ့လူကဒါကိုကြားပြီးနောက် နောက်ကိုဆုတ်သွားပြီးနှစ်သက်သဘောကျခြင်းက သူ၏မျက်လုံးထဲတွင်ဖြတ်ပြေးသွားသည်၊

လီကျိုးမြို့သည် သေးငယ်တဲ့အခြေစိုက်မြို့ဖြစ်သည်၊ ထိုနေရာတွင်အင်အားကြီးသော စီးပွားရေးလုပ်ငန်းအနည်းငယ်သာရှိပြီး ၎င်းတို့ထဲမှတစ်ခုမှာကျိုးမိသားစုဖြစ်သည်၊ ဒါပေမယ့် ဒါတွေကသားရဲအမဲလိုက်သူတွေနဲ့တော့ ဘာမှမဆိုင်ပါဘူး၊ သူတို့အတွက် အရေးကြီးဆုံးကတော့သုံးဆဈေးဖြစ်သည်၊

လူဝံနီတွေကိုအမဲလိုက်ဖို့
အကိုကြီးလီကသူတို့ကိုခေါ်လာတာအံ့ဩစရာမရှိတော့ပ
ါဘူး၊ ထိုအချိန်တွင်
ထိုမြစ်နီလူဝံများသည်သူတို့၏မျက်လုံးထဲတွင်မြစ်နီလူဝံ
များမဟုတ် တော့
ငွေအိတ်များရွေ့လျားကာအသက်ရှင်နေသလိုဖြစ်နေသ
ည်။

အစောပိုင်းတိုက်ခိုက်မှုတွင်,
မြစ်နီလူဝံများကတုံ့ပြန်မှုမရှိခဲ့ပေ၊

ထိပ်တန်းအဆင့်သားရဲနှင့်အထက်သည်သာ
ခြောက်လုံးပြူးသေနတ်များကိုပြင်းထန်စွာခုခံနိုင်စွမ်းရှိပြ
ီး
အုပ်ချုပ်သူအဆင့်သားရဲများသည်ပုံမှန်အားဖြင့်ခုခံနိုင်စွ
မ်းရှိသည်၊

စာစဉ် ၁၁

ဒါပေမယ့်သာမန်အဆင့်သားရဲတစ်ကောင်အတွက်တော့ သေနတ်တွေကအလွန် အန္တရာယ်များသည်၊ ကြောက်စရာကောင်းသောသားရဲဖြစ်သည့်ကျားလိုမျိုး ဒါမှမဟုတ် ကျားသစ်တို့ကလူတွေကိုအမဲလိုက်နိုင်သည့်, ဒါပေမယ့်အချက်အချာဖြစ်သည့်နေရာကို သေနတ်တစ်ချက်တည်းဖြင့်ပစ်ကာသတ်ပစ်နိုင်သည်၊

အကိုကြီးလီကအဝေးမှထွက်ပြေးလာသောလူဝံမတစ်ကောင်အားသူ့ခေါင်းကိုမြှင့်ကာ ကြည့်နေသည်၊ သူမ၏အမွေးများကချောမွတ်ပြီး တောက်ပြောင်နေသည်၊ တစ်ချက်ကြည့်ရုံနှင့် သူမ၏နှလုံးကစျေးကောင်းရနိုင်သည်၊

သူ၏သေနတ်ကိုမြှောက်လိုက်ပြီး, မြင်ကွင်းများကိုဖြတ်ကျော်၍...

ဒိုင်း!

စာစဉ် ၁၁

ပစ်လိုက်တာကလွဲသွားသည်၊ ကျည်ဆန်သည်မြစ်နီလူဝံမလေး၏ ၅မီတာ၆မီတာ အကွာမြေပြင်တွင်နစ်ဝင်သွားသည်၊

အကိုလီသည် မြစ်နီလူဝံတစ်ကောင်၏လှုပ်ရှားမှုကိုလိုက်၍ မြင်ကွင်းများကိုဖြတ်၍ စိုက်ကြည့်ရင်းနောက်ထပ်ကျည်ကိုထည့်ရန်ပစ်ရန်ချိန်လိုက်သည်၊

ဒါကအမဲလိုက်နေသလိုခံစားရတယ်, ဂိမ်းဆော့ရတာနဲ့ပိုတူတယ်၊

၎င်းတို့ကသဲနီမြစ်ကမ်းစပ်ရှိသာမန်အဆင့်သားရဲအစုအဝေးမျှသာဖြစ်သည်၊ လက်တွေ့အားဖြင့် ထိုနေရာတွင်မည်သည့်အားကောင်းသည့်သားရဲမျှ

ပြေးဝင်လာရန်မရှိသောကြောင့်

ရင်ဆိုင်ရန်စိတ်ပူနေစရာမလိုတော့ပေ....

ရုတ်တရက်သူ့နောက်ဘက်တောထဲမှအော်သံကြား

လိုက်သည်၊

ပြင်းထန်သောခြေသံများ၏လေးလံသောအရှိန်ကိုသူခံစာ

းနေရသည်၊ ဒီလိုသောင်းကျန်းနေမှုကြောင့်

ထိုသားရဲကသေချာပေါက်မသေးနိုင်ဘူး၊

၎င်းကသေနတ်သံများကြောင့်ရောက်လာခြင်း

ဖြစ်လောက်မည်။

အကိုကြီးလီ၏မျက်နှာကမည်းမှောင်သွားတော့သ

ည်၊

သူကသူ၏ကိုယ်ပိုင်သားရဲဖြစ်သည့်

သံကျောပြင်ဝံပုလွေသားရဲဆီသို့သွားလိုက်ပြီး,

သူတို့နောက်မှပြေးလာသည့်သားရဲကိုရပ်ရန်အချက်ပြခဲ့

သည်၊ တစ်ချိန်တည်းမှာပင်,
သူကရိုင်ဖယ်သေနတ်ကိုကျောပေါ်သို့လှန်တင်လိုက်ကာ
အနီးဆုံးရှိသစ်ပင်ကြီးဆီသို့
ချက်ချင်းပြေးသွားလိုက်သည်၊
သူ၏သွက်လက်သောခန္ဓာကိုယ်ဖြင့်လှုပ်ရှားလိုက်ကာ
သစ်ကိုင်းတစ်ခုပေါ်သို့တက်သွားလိုက်သည်၊

သားရဲအများစုသည်သစ်ပင်များပေါ်သို့မတက်နိုင်ကြပေ,ပြီးနောက်
သစ်ရွက်များကလည်းမြင်ရခြင်းမှကာဆီးပေးသည်၊
အကိုလီကဂရုတစိုက်ဖြင့် သူ့ခေါင်းကိုပြူကြည့်ပြီး
သူ၏သံကျောပြင်ဝံပုလွေပြေးလာသည့်ဦးတည်ရာဘက်ကို ဂရုတစိုက်ကြည့်လိုက်သည်၊

ရုတ်တရက်, သူ၏သွေးစာချုပ်ကိုဖြတ်၍,
သူ၏သံကျောပြင်ဝံပုလွေ၏ကြီးမားသော

စာစဉ် ၁၁

ကြောက်ရွံ့မှုကိုခံစားလိုက်ရပြီး, ထို့နောက်တွင်တော့, သူအဆက်အသွယ်ပြတ်တောက် သွားသည်၊

အကိုကြီးလီ၏သူငယ်အိမ်များကျုံ့သွားကာ သူကလျင်မြန်စွာဖြင့်မြင့်မြင့်တက်လိုက် သည်၊

အဖွဲ့ဝင်များသည် အနီးအနားရှိသစ်ပင်ပေါ်သို့ချက်ချင်းတက်ကာ သတိရှိနေကြသည်၊

ထိုသူအားလုံးက တောတွင်ကျက်စားနေကြသောဝါရင့်အမဲလိုက်သူများဖြစ်သည်၊ သူတို့အချိန်တန်လျှင်ဘာလုပ်ရမည်ကိုသိပြီး သားကောင်ကိုအမဲလိုက်သည့်အခါတွင် လောဘကိုအရှုံးမပေးဘဲနေကြသောလောဘကြီးသူများသည်အမြဲတမ်းသေဆုံးသွား ရသည်၊

## စာစဉ် ၁၁

အနက်ရောင်ပုံရိပ်ကသူတို့နောက်ဘက်ရှိတောထဲမှပြေးလာသည်၊ ပုံရိပ်က မြေပြင်ပေါ်သို့ခိုင်မာစွာခြေချလိုက်သည်၊

ဂရက်!

၎င်းကသစ်ရွက်များကြောင့်ချော်သွားပြီး နောက်ဆုံးတွင်ခေါင်းဆောင်လီ၏သစ်ပင်အောက်၌ရပ်လိုက်သည်၊

သံကျောပြင်ဝံပုလွေ၏ခြေထောက်များအားလုံးကကျိုးနေပြီဖြစ်သည်၊ ၎င်း၏ခေါင်းက ကွေးနေပြီးဘဝဒီဂရီလည်နေကာနောက်ဘက်သို့မျက်နှာမူနေသည်၊ မျက်လုံးများကပြူးနေပြီး သစ်ပင်ပေါ်တက်နေသော ခေါင်းဆောင်လီကိုကြည့်နေသည်၊ သူ့ပါးစပ်ထဲမှ သွေးများစိမ့်ထွက်နေသည်၊

စာစဉ် ၁၁

ကျိုးပဲ့စုတ်ပြတ်နေသောအရုပ်နှင့်တူသည်၊ အရိုးအဆစ်အချို့ကပေါက်ထွက်နေပြီး ဒဏ်ရာများမှလည်းသွေးများအဆက်မပြတ်ထွက်နေသည်၊

တောတွင်း၌ အငွေ့အသက်ကချက်ချင်းပင်ငြိမ်ကျသွားတော့သည်၊

သံကျောပြင်ဝံပုလွေသည် အဖွဲ့အတွက်အရင်းနှီးဆုံးအကျွမ်းတဝင်သားရဲဖြစ်သည်၊ ထိပ်တန်းအဆင့်ရှိသားရဲများကြားတွင်ပင် ၎င်းကအလွန်အစွမ်းထက်သည်ဟုယူဆလို့ ရသည်၊

သံကျောပြင်ဝံပုလွေ၏ သနားစရာကောင်းသောမြင်ကွင်းကိုမြင်လိုက်ရသည့် အဖွဲ့ဝင်

များအားလုံးသည်၎င်းတို့၏အရိုးများအတွင်းတွင်အေးစိမ့်သွားကြသည်၊

ထွားကျိုင်းသောပုံရိပ်ကသစ်ပင်များကိုတွန်းဖယ်လိုက်သည်၊ ၎င်း၏ပြင်းထန်နေသာနှလုံးသည် ဒရမ်တစ်ခုလိုပြင်းထန်စွာခုန်နေသည်၊ ဒမ်ဘီ၏အသွင်ပြင်ကိုရှင်းရှင်းလင်းလင်းမြင်ရသောအခါ အဖွဲ့ဝင်များအားလုံးကအံ့အားသင့်သွားကြသည်၊

လီကျိုးမှာ ဘယ်အချိန်ကတည်းကဖုတ်ကောင်အမျိုးအစားသားရဲရှိနေတာလဲ?

ဒမ်ဘီ၏ပြင်းထန်သောအရှိန်အဝါက အတုအယောင်တော့မဟုတ်ပေ၊ ဒါကသေချာပေါက်ကိုအုပ်ချုပ်သူအဆင့်သားရဲဘဲ!

စာစဉ် ၁၁

အဖွဲ့ဝင်များအားလုံးကဝမ်းနည်းနေတော့သည်၊ အုပ်ချုပ်သူအဆင့်သားရဲဆီသို့ ပြေးသွားလောက်မိတဲ့အထိသူတို့ကံကဘယ်လောက်ေ ောင်ဆိုးသနည်း? အခုအချိန် တော့သားရဲကသူတို့ကိုသတိမထားမိဖို့ ဒါမှမဟုတ် သစ်ပင်ပေါ်မတက်နိုင်ဖို့ဘဲ ဆုတောင်းရမှာဘဲ၊

ဒမ်ဘီသည်လှည့်ပတ်ကြည့်ပြီးနောက် အသံတစ်သံမျှမထွက်ဘဲရှေ့သို့လျှောက်သွားလိုက်သည်၊ ဒမ်ဘီကဘာမှမပြောပေ, သစ်ပင်ပေါ်မှလူများကလည်းအတူတူပင်ဖြစ် သည်, အနည်းဆုံးသားရဲတွေကတော့သစ်ပင်အောက်တွင်ရှိနေ ြသည်၊

သေးငယ်သောမြစ်နီလူဝံမလေးသည် တောက်ပနေသောမျက်လုံးများဖြင့်

ချဉ်းကပ်လာသောဒမ်ဘီကိုကြည့်ရင်းတုန်လှုပ်နေသည်၊ လူဝံမလေး၏လက်မောင်း တွင်ကွဲအက်နေသောအရေခွံတွေရှိသည်၊ တစ်ခုခုကိုအနံ့ခံနေသလိုမျိုး လူဝံမလေးက တရှုံ့ရှုံ့နမ်းရင်းဒမ်ဘီကိုခေါင်းစောင်းကာကြည့်လိုက်သည်၊ သူတွေးထားသလောက် လည်းကြောက်ဖို့မကောင်းပါဘူး၊

ဒမ်ဘီက လူဝံမလေးကိုခါးကိုင်း၍ကောက်ချီလိုက်ပြီး သူ့ပုခုံးပေါ်သို့ညင်သာစွာတင် ပေးလိုက်သည်၊

မြစ်နီလူဝံအချို့က ဒေါသတကြီးဟိန်းဟောက်လိုက်ပြီး မြစ်နီလူဝံမလေးကိုကာကွယ် ရန်ရှေ့သို့ပြေးလာကြသည်၊

စာစဉ် ၁၁

ဒမ်ဘီက အသံနိမ့်နိမ့်ဖြင့်ဟိန်းလိုက်သည်၊

အားအပြည့်ဖြစ်နေသောမြစ်နီလူဝံများအားလုံးသည် ၎င်းတို့၏လမ်းကြောင်းပေါ်၌ ရပ်လိုက်၍ကြောက်လန့်သံသယဝင်ကာ ဒမ်ဘီကို၎င်းတို့၏မျက်လုံးများဖြင့် မယုံနိုင်စွာစိုက်ကြည့်နေသည်၊

ထိုအခိုက်အတန့်တွင် အစင်းလေးသည်အမြင့်မှခုန်ချကာမြေပြင်ပေါ်သို့ဆင်းလိုက် သည်၊ ကောင်းဖန်ကအစင်းလေးကျောပေါ်၌ထိုင်နေသည်၊

အစင်းလေးဆီမှ အုပ်ချုပ်သူအဆင့်အရိပ်အယောင်ကိုပြနေတာကြောင့်သစ်ပင်ပေါ် တက်နေသောလူများ၏မျက်နှာများကဖြူဖျော့သွားတေ

စာစဉ် ၁၁

ွသည်၊ ဒါပေမယ့်လည်း
အစင်းလေး၏နောက်ဘက်တွင်ထိုင်နေသောကောင်းဖန်
ကိုတွေ့လိုက်သောအခါ
ရုတ်တရက်ရှင်သန်လိုစိတ်ပေါ်လာကြသည်၊

“ညီအကို, ငါတို့ကိုကယ်ပါဦး” ခေါင်းဆောင်လီက
ကောင်းဖန်ကိုကသုတ်ကရုတ်ဖြင့်
ကောင်းဖန်ကိုကူညီရန်အချက်ပြလိုက်သည်၊

***

# *အပိုင်း၁၇၄*

ခေါင်းဆောင်လီ၏အသနားခံမှုကိုကြားသောအခါ , ကောင်းဖန်ကအစိမ်းပွါယ်ပြည့်နေ သည့်အပြုံးကိုပြုံးလိုက်သည်၊

“ငါတို့ကိုကယ်ပါဦး, ညီအကို?” ဆောရီး, ကျနော်ကခင်ဗျားခေါ်နေတဲ့အကိုကြီး မဟုတ်ဘူး၊

ထိုအပြုံးက ခေါင်းဆောင်လီကိုဆိုရှားသောကြိုတင်သတိပေးချက်ဖြစ်နေသည်၊

ဒမ်ဘီက ကောင်းဖန်ဆီသို့တည့်တည့်လျှောက်သွားလိုက်သည်၊

စာစဉ် ၁၁

ခေါင်းဆောင်လီသည် အဖြစ်အပျက်ကိုစိုက်ကြည့်နေရင်းမျက်တောင်တောင် မခတ်နိုင်ပေ၊

ဒမ်ဘီကဒူးထောက်ချလိုက်ပြီး, သေးငယ်သောမြစ်နီလူဝံမလေးကို သခင်၏ရှေ့မြေပြင်ပေါ်တွင်နူးညံ့စွာချထားလိုက်သည်၊ ထို့နောက်,သူ၏ကြီးမားသောလက်ကြီးဖြင့် မြစ်နီလူဝံမလေးကိုညင်သာစွာပွတ်သပ်ပေးလိုက်သည်၊ မြစ်နီလူဝံအမိန့်စကားကိုသုံး၍ သူကပြောလိုက်သည်, “မကြောက်နဲ့နော်, ပါးပါးကမင်းကိုကာကွယ်ပေးမယ်”

မြစ်နီလူဝံမလေး၏မျက်လုံးများကပြူးကျယ်သွားေ ေ့သည်၊ ပါးပါး? အရိုးစုလား? သူမသက်အသက်နှစ်ကြိမ်ပြင်းပြင်းရှူလိုက်ပြီးနောက်, သူမ၏မျက်လုံးများကိုမှိတ်လိုက် သည်၊

စာစဉ် ၁၁

သနားစရာကောင်းတဲ့ကလေးလေး…

ကောင်းဖန်က ထိုမြစ်နီလူဝံလေးသည်ဒီလိုကိစ္စမျိုးတွေကို နားလည်ဖို့အချိန်တစ်ခုလို တယ်ဆိုတာကိုနားလည်သည်၊

ခေါင်းဆောင်လီကထိုဖြစ်ရပ်ကိုမြင်ပြီးနောက် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်၊

သူတို့ကတစ်ဖက်တည်းမှာဘဲ!

လေထဲတွင်,ဖလိမ်မီကသူ၏အတောင်များကိုတဖျတ်ဖျတ်ခတ်ကာ, အုပ်ချုပ်သူအဆင့် အရှိန်အဝါကိုဖုံးကွယ်ထားခြင်းမရှိဘဲ သူတို့၏ခေါင်းပေါ်တွင်ပျံသန်းနေသည်၊ အနီးတွင် ရှိသောသားရဲတွေအားလုံးကိုမောင်းထုတ်လိုက်သည်၊

စာစဉ် ၁၁

သဘော်သားလူကြီးပြောသည့်အတိုင်း အမှန်ပင်ဖြစ်သည်၊ သဲနီမြစ်ကမ်းပါး တစ်လျှောက်တွင်အုပ်ချုပ်သူအဆင့်သားရဲများအလွန်ရှာ းပါးသည်၊

ဒမ်ဘီသည်မြေပြင်ပေါ်ရှိ သံကျောပြင်ဝံပုလွေထံသို့ခြေလှမ်းကြီးများဖြင့်လှမ်းလာ သည်၊ ခေါင်းဆောင်လီ၏သစ်ပင်အောက်တွင်ရှိသောကြောင့်သူ ကခေါင်းဆောင်လီနှင့် နီးကပ်လာသည်၊

ခေါင်းဆောင်လီကသူ့နှာခေါင်းကိုအုပ်လိုက်ပြီး အသက်ကိုဖြေးဖြေးရှူ၍ ဒမ်ဘီကိုပင် မကြည့်ရဲတော့ပေ၊

သနားစရာဘဲ...

သူ့မှာနှလုံးခုန်သံပါမရှိပါမှ ၎င်းကထူးခြားမည်မဟုတ်ပေ၊

စာစဉ် ၁၁

သူ၏သွေးကြောမျှင်နှလုံးဖြင့်
ခုန်နေသောနှလုံးသားနှင့်အသက်ရှိသောသတ္တဝါများသ
ည်ဒမ်ဘီဆီမှမပုန်းအောင်းနိုင် ပါ။

ခေါင်းဆောင်လီ၏အနေအထားကလက်ရှိမြေပြင်မှ
၁၂မီတာအကွာအဝေးလောက်ရှိ သည်၊
ကပ်ဆိုးကြီးပြီးနောက်,
သစ်ပင်များသည်အရင်ကထက်ကြီးမားလာပြီး,
သန်မာလာသည်၊ အခြေစိုက်မြို့၏ပတ်လည်တွင်,
လေးမီတာ,ငါးမီတာရှည်သော
သစ်ပင်များသည်နေရာအနှံ့တွင်ရှိသည်၊

ဒမ်ဘီက
ကြမ်းတမ်းလှသည့်လက်သီးတစ်ချက်ကိုသစ်ပင်
ပင်စည်ကိုထိုးချလိုက်သည်၊

စာစဉ် ၁၁

အရွယ်ရောက်ပြီးသားလူနှစ်ယောက်ဖက်ထားလို့ရသည့်သစ်ပင်သည်ပြင်းပြင်းထန်ထန် လှုပ်ခါသွားသည်၊

သစ်ပင်ထိပ်မှသစ်ရွက်များကကြွေကျလာသည်၊

ခေါင်းဆောင်လီသည်သစ်ပင်ပေါ်တွင်လှုပ်ခါလုနီးပါးဖြစ်သွားပြီး သူ၏အကိုင်းအခက်
ကိုအလိုလိုတင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားလိုက်သည်၊
ကြောက်ရွံ့စွာနှင့်တံတွေးမျိုချ လိုက်ရင်း
ခေါင်းဆောင်လီ၏နဖူးပေါ်တွင်ချွေးများစီးကျလာသည်၊
ဒီအရိုးစုကြီးက
သစ်ပင်ပေါ်ကိုတက်မလာနိုင်ပါစေနဲ့လို့ဘဲဆုတောင်းပါသည်၊

ဒမ်ဘီကခေါင်းကိုမော့လိုက်သည်၊
သူ၏အမြင်အာရုံသည်အရွက်များကိုဖြတ်၍
ခေါင်းဆောင်လီ၏ခန္ဓာကိုယ်ပေါ်သို့ရောက်သွားသည်၊

စာစဉ် ၁၁

ဒေါ်သတကြီးအော်ဟစ်လိုက်၏၊ သစ်ပင်ပေါ်တက်ဖို့လား? သေချာပေါက်တက်နိုင်တာပေါ့၊

ဒါပေမယ့်ငါအဲ့လိုလုပ်စရာမလိုဘူး၊ ငါကမင်းကိုကြောက်အောင်လုပ်ဖို့ဘဲလိုတာ, ပြီးတော့နောင်တရအောင်လို့!

ဒမ်ဘီ၏ဘယ်နှင့်ညာလက်သီးက သစ်ပင်ပင်စည်ကိုမမောနိုင်မပန်းနိုင်တိုက်ခိုက်နေ သည်၊ ဒမ်ဘီ၏လက်သီးထိပ်တွင်ချွန်ထက်သောအရိုးများသည် ပင်ပင်အခေါက်ထဲသို့ ထိုးဖောက်ဝင်ရောက်ကာ သစ်ပင်၏ပင်စည်ကိုကြေမွစေပြီး သစ်စများလွင့်စင်လာသည်၊

သစ်ပင်ကလှုပ်ပြီး ပြိုလဲတော့မည့်ပုံဖြစ်နေသည်၊

စာစဉ် ၁၁

ထိုသို့သောစိတ်ပိုင်းဆိုင်ရာညှင်းဆဲမှုက ခေါင်းဆောင်လီအတွက်ပိုဆိုးစေသည်၊

ငါမင်းကိုခေါးတစ်ချောင်းနဲ့ဘဲအဆုံးသတ်စေချင်တယ်၊

တကျွတ်ကျွတ်မြည်သံကြီးနှင့်အတူသစ်ပင်ကြီးကပြောပြောင်ပေါ်သို့ကျိုးကြေမှုနှင့်အတူ ပြိုလဲသွားတော့သည်၊ အကိုင်းအခက်များသည်တစ်ခုနှင့်တစ်ခု ရောထွေးသွားပြီး ကွဲအက်သံများထွက်ပေါ်လာသည်၊

ခေါင်းဆောင်လီသည်သူ၏ရင်ဘတ်ဖြင့်ပြင်းထန်စွာ ရိုက်ခတ်ခံရမှုကိုခံစားလိုက်ရသည်၊

ရိုက်ခတ်မှုကြောင့် သူ့နှလုံးကကွဲကြေလုနီးပါးဖြစ်သွားသည်၊ပြုတ်ကျသည့်ဒဏ်ရာ

ကြောင့်နံရိုးများတွင်ပြင်းထန်သောနာကျင်မှုကိုခံစားနေရသည်၊

တုံ့ပြန်ဖို့အချိန်မရသေးခင်မှာပင် သူ့လည်ပင်း၌တင်းကြပ်မှုကိုခံစားလိုက်ရသည်၊ အေးစက်သောလက်ကြီးတစ်ခုက သူ့လည်ပင်းကိုဆုပ်ကိုင်ထားပြီး နောက်အခိုက်အတန့်တွင်သူ့ခြေထောက်ကမြေပြင်နှင့်ကင်းကွာသွားသလိုခံစားလိုက်ရပြီးလေထဲသို့မြောက်သွားတော့သည်၊

ခေါင်းဆောင်လီက ဒမ်ဘီ၏မျက်လုံးကိုတည့်တည့်ကြည့်လိုက်သည်၊ ဤမှုန်နီးကပ်စွာ တည်ရှိနေသော ဖုတ်ကောင်အမျိုးအစားသားရဲနှင့်မျက်လုံးချင်းဆံနေသည့်အချိန်မှာ ပထမဆုံးအကြိမ်ဖြစ်သည်၊

စာစဉ် ၁၁

သေခြင်းတရားသည်လူတိုင်းနောက်ဆုံးတွေ့ကြုံရမည့် အဆုံးသတ်ဆိုသောအချက်ကြောင့်သေခြင်းဆီသို့ရောက် မည့်ပကတိအကြောက်တရား သည်အမြဲတမ်းရှိသည်၊

ခေါင်းဆောင်လီကိုကိုင်ဆွဲထားသောဒမ်ဘီသည် အလယ်ပိုင်းနေရာသို့ခေါ်သွားတော့ သည်၊ သေဆုံးနေသောမြစ်နီလူဝံများသည်မြေပြင်ပေါ်တွင်လဲ လျောင်းနေပြီး ၎င်းတို့၏ အလောင်းများသည်အေးစက်နေသောအငွေ့အသက်ကိုေ ေးသည်၊

ဒဏ်ရာရနေသောမြစ်နီလူဝံများသည် ထိတ်လန့်တကြားဖြင့်သစ်ပင်အကိုင်းအခက် များကိုတွယ်ကပ်ကာ ၎င်းတို့၏မျက်လုံးများထဲတွင်ကြောက်ရွံ့မှုများပြည့်နှက်ေ ေသည်၊

စာစဉ် ၁၁

ဝုန်း!

ခေါင်းဆောင်လီသည်
သေဆုံးနေသောအလောင်း၏ဘေးတွင်
ဒမ်ဘီထံမှပြင်းထန်စွာပစ်ချခြင်းခံလိုက်ရသည်၊
ခေါင်းဆောင်လီသည်ဦးခေါင်းနှင့်မြေပြင်ကိုထိကာ
မူးဝေသွားတော့သည်၊ အာရုံပြန်ရလာသောအခါ
မြစ်နီလူဝံတစ်ကောင်နှင့်
မျက်နှာချင်းဆိုင်တွေ့သောအခါ
မမှိတ်မသေသောမျက်လုံးများဖြင့်စိုက်ကြည့်နေမိ သည်၊

ခေါင်းဆောင်လီလိုလူကသေခြင်းတရားများစွာကိုမြ
င်ဖူးသည့်တောင် သူ့ဆံပင်ကို
အဆုံးထိထောင်အောင်လုပ်မပေးနိုင်ပါ၊

စာစဉ် ၁၁

ဘာမှမရှိစွာရှင်းလင်းနေမှုတွင်, နောက်ဆုံးကျန်ခဲ့သည်မှာ ဒမ်ဘီ၏တိတ်ဆိတ်နေသောပုံရိပ်ဖြစ်သည်၊

ထို့နောက်, ဒမ်ဘီသည်ဒီတစ်ကြိမ်တွင်၎င်းတို့အားတိုးမတိုက်ဘဲ သစ်ပင်တိုင်းစေ့ တက်ကာသားရဲအမဲလိုက်အဖွဲ့ရှိ အယောက်တိုင်းကိုအမှိုက်လိုပစ်မချဘဲ တစ်ယောက်ချင်းစီလိုက်ဖမ်းခဲ့သည်၊

အစင်းလေးသည်ဖြည်းညင်းစွာဖြင့်တွားသွားလိုက်ပြီ း ၎င်း၏ပင့်ကူပိုးကိုဖြန့်ချလိုက်ပြီး အကျဉ်းသားအားလုံးကိုနေရာချလိုက်သည်၊

ထိုအချိန်တွင်ခေါင်းဆောင်လီသည် ဒမ်ဘီကကောင်းဖန်၏အကျွမ်းတဝင်ဖြစ်သည်ကို နားမလည်နိုင်ဖြစ်နေသည်၊

စာစဥ် ၁၁

နှပ်ချေးတွေမျက်ရည်တွေပြည့်နေသောမျက်နှာဖြင့် ခေါင်းဆောင်လီက “ငါ့ကိုသနားပါ, ကျေးဇူးပြုပြီးငါ့ကိုသနားပါ၊ အမေက၇၀ရှိပြီ, အဖေက၇၂နှစ်၊ ငါ့ရဲ့အသက်ကြီးတဲ့အကိုနဲ့ ညီငယ်နှစ်ယောက်လုံးကကပ်ဆိုးကြီးမှာ သေသွားပြီ၊ အခုအချိန်မိသားစုထဲမှာငါတစ်ယောက်တည်းရှိတယ်၊ ငါမရှိရင်ငါ့မိဘတွေ နဲ့ငါ့ရဲ့၁၂အရွယ်ကလေးက ငတ်ပြီးသေကြလိမ့်မယ်၊”

“ငါတို့အားလုံးကလူသားတွေပါ, ငါတို့ကိုမသတ်ပါနဲ့၊ ငါတို့မင်းအတွက်ဘာမဆိုလုပ်ပေး မယ်၊ မင်းရဲ့ကျွန်ဖြစ်ဆိုလည်းရတယ်”

“ကျေးဇူးပြုပြီး, သနားပေးပါ၊”

ဖမ်းမိထားသောအဖွဲ့ဝင်များကအားလုံးပူးပေါင်းပြီးေ ောင်းဆိုကြသည်၊

စာစဉ် ၁၁

ကောင်းဖန်ကတိတ်ဆိတ်နေသည်၊

ကောင်းဖန်၏တိတ်ဆိတ်ခြင်းမှတစ်စုံတစ်ရာက ခေါင်းဆောင်လီ၏မျက်လုံးများတွင် မျှော်လင့်ချက်အလင်းများတောက်လာသည်၊ “သတ်တာကဥပဒေနဲ့မညီဘူး ညီအကို, ငါတို့မင်းအတွက်ဘာမဆိုလုပ်ပေးမယ်၊ အခုကစပြီးငါတို့ကမင်းရဲ့ကျွန်ဘဲ၊ မင်းကငါတို့ကိုသတ်လို့ပြောရင်တောင်, ငါတို့မျက်တောင်တစ်ချက်မခတ် တုံ့ဆိုင်းမနေဘဲသတ်ပေးမယ်”

တစ်ချိန်တည်းမှာပင်ခေါင်းဆောင်လီကသူကိုယ်သူခ ါးခါးသီးသီးတီးတိုးကျိန်ဆဲလိုက် သည်, “မင်းရဲ့ဘဝမှာ တစ်သက်လုံးမင်းကပိုင်မနေဘူး၊

စာစဉ် ၁၁

အဆုံးထိပြီးအောင်စောင့်, အခွင့်အရေးရှာပြီးငါ့ကို မင်းရဲ့သေဆုံးခြင်းအတွက်တောင်းပန်ရလိမ့်မယ်”

ဒီလူအုပ်ကသူ့ကိုအန္တရာယ်ပြုဖို့ကြံစည်နေတာကိုမြင်ေ ော့ ကောင်းဖန်ကရုတ်တရက် ပြုံးလိုက်သည်၊

“ခင်ဗျားနာမည်ဘယ်လိုခေါ်လဲ?”

“ငါ့နာမည်လီဖုန်းရှုပါ”

ခေါင်းဆောင်လီကပြုံးပြလိုက်သည်၊

“ခေါင်းဆောင်လီ ခင်ဗျားဘာလို့ဒီမြစ်နီလူဝံတွေကိုသတ်ရတာလဲ?”

ခေါင်းဆောင်လီကအံ့ဩသွားတော့သည်၊

မင်းကဒါတွေအားလုံးကိုမြစ်နီလူဝံတွေ အတွက်လုပ်နေတာပေါ့? မင်းကစိတ်ရောဂါဖြစ်နေတာဘဲဖြစ်ရမယ်! ဒီမျောက်အုပ် အတွက်နဲ့!

စာစဉ် ၁၁

“ဘာကြောင့်လဲဆိုတော့ ကျိုးမိသားစုရဲ့ဒုတိယသမီးမှာရွှေကျားသစ်နက်ရှိတယ်, အဲ့ကောင်ကမြစ်နီလူဝံတွေရဲ့အစိတ်အပိုင်းတွေကိုစားရတာကြိုက်တယ်, အထူးသဖြင့် နှလုံးကိုပေါ့၊ မိသားစုကအဲ့တာကိုဝယ်ဖို့အတွက်စျေးမြှင့်လိုက်တယ်, မဟုတ်ရင် ငါတို့ကဒီကိုအမဲလိုက်ဖို့ဘယ်လာမလဲ၊” ခေါင်းဆောင်လီကနူးညံ့စွာနှင့်ပြောလိုက် သည်၊

ဆိုတော့, ဒါကြောင့်ပေါ့။

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်, အခုတော့သူအကြောင်းပြချက်ကိုနားလည်သွား ပြီ၊ ခေါင်းဆောင်လီကကိစ္စမရှိဘူး, အကယ်၍သူကမူရင်းပြဿနာကိုဂရုမစိုက်ရင် မနက်ဖြန်မှာ ခေါင်းဆောင်ကျိုးတို့,

စာစဉ် ၁၁

ခေါင်းဆောင်ဝမ်တို့ကလူဝံတွေကိုအမဲလိုက်ဖို့ လာကြလိမ့်မယ်။

“ဒမ်ဘီ, မင်းအဆင်ပြေသလို ဂရုစိုက်ပေးလိုက်၊ ငါတို့မင်းကိုမြစ်နားကစောင့်နေမယ်” ကောင်းဖန်ကညွှန်ကြားလိုက်သည်၊ ထို့နောက်သူကအစင်းလေးတို့ကိုထွက်ခွာရန် ပြောလိုက်ပြီး အစင်းလေး၏ခေါင်းကိုပုတ်လိုက်သည်၊

ခေါင်းဆောင်လီ၏မျက်နှာကဖြူဖျော့သွားသည်၊ “မင်းအဲ့လိုလုပ်လို့မရဘူး! ငါမင်းကို အကုန်ပြောပြတယ်လေ! မင်းကစကားမတည်ဘူး!”

ကောင်းဖန်ကသူ့ခေါင်းကိုယမ်းလိုက်သည်၊ “ခေါင်းဆောင်လီ, ခင်ဗျားကလူကြီးဖြစ်နေ ပါပြီ၊ အရွယ်ရောက်ပြီးသူတွေရဲ့ကမ္ဘာမှာမှန်တယ်မှားတယ်မရှိဘူးဆိုတာခင်ဗျား သိထားသင့်တယ်၊

ဒီလိုမှန်တယ်မှားတယ်ငြင်းခုန်နေရမှာက ကလေးတွေပါ၊ ခင်ဗျားဒီလောက်တောင်ကြီးနေပြီ ဘာကိုမရိုးမရွဖြစ်နေတာတုန်း?”

ခေါင်းဆောင်လီ၏မျက်လုံးများကစိတ်ပျက်အားငယ်မှုကိုပြကာ, မုန်းတီးမှုအဖြစ်သို့ ပြောင်းသွားပြီး နောက်ဆုံးတွင်တော့ နာကျည်းရှုံ့ရှာသွားတော့သည်၊

ဒမ်ဘီကတိုက်ရိုက်သူကိုယ်တိုင်မလုပ်ဘဲအနီးအနားရှိသစ်ပင်များမှ လူဝံများအားလုံး ကိုဆင်းရန်စုရုံးသည်။

မြစ်နီလူဝံများသည်အကြာကြီးတုံ့ဆိုင်းနေပြီး တစ်ကောင်နှင့်တစ်ကောင်ကြည့်နေ ကြသည်၊ နောက်ဆုံးတွင်ရဲရင့်သောမြစ်နီလူဝံနှစ်ကောင်က သစ်ပင်ပေါ်မှမြေပြင်သို့ ဆင်းလာကာဒမ်ဘီနားသို့ဂရုတစိုက်ချဉ်းကပ်လာကြသည်၊

စာစဉ် ၁၁

ဒမ်ဘီသည်အမဲလိုက်သူများ၏ရိုင်ဖယ်သေနတ်များကိုစုလိုက်ပြီးချိုးခြေလိုက်သည်၊ ထို့နောက်ပင့်ကူပိုးဖြင့်ချည်နှောင်ထားပြီး အမဲလိုက်သူများကိုလက်ညိုးထိုးကာ အမိန့်အနည်းငယ်ပေးလိုက်သည်၊

ထို့နောက်ဒမ်ဘီကလှည့်မကြည့်ဘဲထွက်သွားတော့သည်၊ သူကဒီမြစ်နီလူဝံများ၏ ဘုရင်မဟုတ်တော့ပေ၊ သူတို့သည်အနာဂါတ်တွင်လုပ်ဆောင်ရန်အတွက် ကိုယ့်အားကိုယ်ကိုးကြရမည်ဖြစ်သည်၊

ဒမ်ဘီသည်အဝေးသို့ရောက်သွားပြီးနောက် မြစ်နီလူဝံများသည်တစ်ကောင်နှင့် တစ်ကောင်ကြည့်လိုက်ကြသည်၊ ခဏတိတ်ဆိတ်သွားပြီးနောက် အမဲလိုက်သူများ လက်ချက်ကြောင့်ဒဏ်ရာရထားသောလူဝံများသည်လ

ည်းတောင့်မထားနိုင်တော့ပေ၊ သူတို့၏အမူအရာများက ဒေါသအဖြစ်သို့ပြောင်းသွားပြီးအစွယ်များကိုထုတ်ပြကာ ခေါင်းဆောင်လီနှင့်သူ့လူတွေအနီးသို့ကပ်သွားတော့သ ည်…

***

စာစဉ် ၁၁

# အပိုင်း၁၇၅ သဲနီငါးကြွင်းသွေးနဂါး

(စာရေးသူအမှာစာ: အဓိကဇာတ်ကောင်က သားရဲတွေကဘက်ရပ်တည်တာမဟုတ် သလို, သူကလူသားတွေကိုဆန့်ကျင်နေတာလည်းမဟုတ်ပါဘူး , သူကရှုပ်ထွေး မနေဘူး၊ အဲ့အချိန်မှာဘဲ, အဓိကဇာတ်ဆောင်က အရမ်းရှုပ်ထွေးအောင်တွေးမနေဘူး၊ သူကဒမ်ဘီဘက်မှာဘဲရပ်တည်ခဲ့တာ။

အကယ်၍ငါကအဓိကကာရိုက်တာက လူတွေကိုသတ်နေတာကနေ ဒမ်ဘီကိုတား လိုက်ရင်, အကုန်လုံးကကြိုက်ကြပါ့မလား? ငါကြောက်မိတယ်, လူတွေကငါ့ကို ဆူပူတာတွေပိုများလာမှာကြောက်တယ်။

စာစဉ် ၁၁

ရန်သူအားလုံးကိုပြတ်ပြတ်သားသားနဲ့ရှင်းလိုက်တဲ့ ဇာတ်ကောင်မျိုးအများအပြားက နှစ်သက်ကြတယ်၊ သူတို့အကြောင်းရေးရတာကိုသဘောကျတယ်၊ ဦးနှောက်စွမ်းအား နည်းနည်းလိုအပ်ပြီး, ရိုးရှင်းပြင်းထန်တယ်၊ ဒါပေမယ့်, ဇာတ်လမ်းကဘယ်လိုပုံစံနဲ့ တိုးတက်နေလည်းဆိုရင် ကောင်းဖန်ကအဲ့လိုကာရိုက်တာမျိုးပြောင်းသွားဖို့ကအကျိုး အကြောင်းမသင့်ဘူး၊ ဒါကရုတ်တရက်ဖြစ်လွန်းတယ်၊ ကိုယ်ရည်ကိုယ်သွေးပြောင်းလဲ တာကလုပ်ငန်းစဉ်တစ်ခုလိုဘဲ အချိန်လိုအပ်တယ်။

အသက်ကြီးလာတာနဲ့အမျှကမ္ဘာပေါ်မှာရှိတဲ့လူတွေက သူတို့ကိုယ်ရည်ကိုယ်သွေးနဲ့ အမြင်တွေပြောင်းလဲလာမှာဖြစ်တယ်။

စာစဉ် ၁၁

ငါဒီသင်ခန်းစာကနေသင်ယူပါ့မယ်၊ အနာဂါတ်မှာ, ဒီလိုမျိုးဇာတ်ကြောင်းတွေကို ရှောင်ပြီးအတတ်နိုင်ဆုံး ကြိုးစားပြီးငါ့ရဲ့သားရဲငယ်လေးတွေအကြောင်းကို ရိုးရိုးလေး ရေးပါ့မယ်)

...

မြစ်ကမ်းနံဘေးတွင်ရပ်နေရင်းသူ့အနောက်ကထွက် လာတဲ့ မရေမရာအော်သံတွေကို ကောင်းဖန်ရဲ့အမူအရာတွေကတည်ငြိမ်သွားပြန်သည်၊ တည်ငြိမ်အောင်ခက်ခဲစွာ ကြိုးစားရုန်းကန်နေရသော်လည်း ထိုအချိန်တွင်ကောင်းဖန်၏နှလုံးခုန်က အလွန်မြန်နေဆဲဖြစ်သည်။

မြစ်ကမ်းဘေးမှာရပ်နေတဲ့ကောင်းဖန်ကရေထဲက ရောင်ပြန်ဟပ်နေမှုကိုကြည့်ရန် ခေါင်းငုံ့ထားလိုက်သည်၊

စာစဉ် ၁၁

နီညိုရောင်ရေတွေကက သူ့မျက်မှာတွင်သွေးကဲ့သို့ ရောင်ပြန်ဟပ်မှုကိုအရောင်တင်စေပြီး နတ်ဆိုးကဲ့သို့သူ့ကိုကြမ်းတမ်းစေသည်။

သူ့လက်တွေကိုဆန့်ထုတ်လိုက်တဲ့အခါ, သူ့လက်ဝါးတွေကသွေးတွေကဲ့သို့နီရဲနေသည်၊ ရေတွေစီးကျပြီးလှိုင်းထတဲ့အခါသူ့လက်တွေက ပုံပျက်သွားတော့သည်။

ကောင်းဖန်ရုတ်တရက်နားလည်သွားတော့သည်၊ အစမှအဆုံးအထိ  ကောင်းတဲ့လူဆိုပြီးတွေးလို့မရပေ၊

အစောပိုင်း သူဒမ်ဘီကိုပြန်သွားရန်တားလို့ရသည်၊ သူကအမိန့်ပေးလျှင်ဒမ်ဘီက နာခံမည်ဆိုတာသူယုံကြည်သည်၊ ဒါပေမယ့်သူဒမ်ဘီကိုမတားခဲ့ပေ၊

စာစဉ် ၁၁

ဘာကြောင့်လဲဆိုတော့သူကတခြားတစ်ဖက်ကအကြောင်းပြချက်တွေထက်တစ်ဖက်ကဂရုစိုက်ပေးတဲ့သူတွေနဲ့အတူနေချင်လို့ဖြစ်သည်၊

သူ့နောက်မှ,ဒမ်ဘီ၏ခြေသံကိုကြားလိုက်ရသည်၊ မြစ်ကမ်းတစ်လျှောက် အပင်တွေက တုန်ခါသွားပြီး ဒမ်ဘီ၏ကြီးမားသောခြေလှမ်းများဖြင့်ချဉ်းကပ်လာစဉ်တွင် ကျူပင်များကဘေးဘက်သို့ဖယ်သွားတော့သည်၊

ဒမ်ဘီတွင် သွေးထွက်နေသည့်လက္ခဏာဘာညာမရှိပေ၊ ထို့နောက်, ဒမ်ဘီက သူ့ခံစားချက်တွေကိုထည့်စဉ်းစားပေးပြီး ထိုလူတွေကိုသူ့လက်နဲ့မသတ်ခဲ့ဘူးဆိုတာ သူသိလိုက်သည်၊

ကောင်းဖန်ကသက်ပြင်းရှည်ကြီးချလိုက်သည်၊

စာစဉ် ၁၁

“အဲ့ဒီကျိုးမိသားစု” ကောင်းဖန်က သူ့မျက်လုံးများကိုအဝေးသို့အကြည့်ပို့ထားသည်၊

ကျိုးမိသားစုကဒီဟာတွေအားလုံးရဲ့ဇစ်မြစ်ဖြစ်သည် , သို့သော်ကျိုးမိသားစုကိုဆန့်ကျင် ဖို့အတွက်ကယခုကဲ့သို့ပြဿနာများကိုဖြေရှင်းသလိုမျိုး ရိုးရိုးရှင်းရှင်းအကြမ်းနည်းသုံးလို့မရပေ၊ကြီးမားသော အနှောက်အယှက်ကိုဖြစ်စေခြင်းသည် ကြီးမားသော အကျိုးဆက်များကိုဖြစ်စေသည်၊

ထို့ပြင်ဒမ်ဘီ၏အဖိုးတန်သမီးကလည်း ထိတ်လန့်တုန်လှုပ်ရုံမျှသာဖြစ်ပြီး ထိခိုက် ဒဏ်ရာမရှိပေ၊ ထို့ကြောင့်လွန်ကဲမှုနည်းသောစဉ်းစားတွေးခေါ်မှုအတွက်က နေရာလွတ်ရှိသေးသည်၊

စာစဉ် ၁၁

ကောင်းဖန်သည်အစင်းလေး၏နောက်ကျောတွင်ရှိေ ော သေးငယ်သည့် လူဝံမလေး၏ခေါင်းကို ဖြေးညင်းစွာပုတ်လိုက်သည်၊

လူဝံမလေးသည်အရမ်းမကြီးပေ, 1.3နှင့်1.4မီတာသာရှည်ကာ ရှည်လျားသွယ်လျသော လက်များနှင့်တောက်ပပြောင်လက်နေသောအမွေးများရှိသည်၊ သူမကသတိလစ်နေဆဲ ဖြစ်သည်၊

ဒမ်ဘီကသူ့သမီးကိုကြည့်လိုက်ပြီးနောက် သူမခံနိုင်တော့ဘဲ အစင်းလေး၏ နောက်ကျောဘက်မှ သူသမီးကိုမချီလိုက်သည်၊ သူ၏လုပ်ငန်းစဉ်တစ်လျှောက်တွင်, သူကအလွန်ဂရုစိုက်ပြီး, ကမ္ဘာကြီး၏ရတနာတစ်ခုကိုသယ်ဆောင်ထားသကဲ့သို့ ဖြစ်နေသည်၊

စာစဉ် ၁၁

တစ်နာရီဝန်းကျင်လောက်စောင့်ပြီးနောက်, သားရဲသင်္ဘောသည်အထက်ဘက်မှ ရွက်လွှင့်လာခဲ့သည်၊

သင်္ဘောသားဟောင်းလူကြီးသည် ၎င်း၏သင်္ဘောကိုမြစ်ကမ်းစပ်တွင်ကျောက်ချပြီး သစ်သားပျဉ်ကိုသင်္ဘောကုန်းပတ်ပေါ်မှတွန်းချပေးသည်၊

ကောင်းဖန်, ဒမ်ဘီနှင့်အခြားသူများသည်သင်္ဘောပေါ်သို့အမြန်တက်ြ ြသည်၊

သင်္ဘောပေါ်တွင်ထိုင်ရင်း ကောင်းဖန်သည်မြစ်၏မျက်နှာပြင်ကိုစိုက်ကြည့်ကာ မြစ်ကို ဖြတ်၍တိုက်ခတ်လာသောလေပြင်းများကသူ့ဆံပင်များကိုရှုပ်ပွစေသည်၊

စာစဉ် ၁၁

လီကျိုးသို့ပြန်လာပြီးနောက်ကောင်းဖန်သည်မြစ်နီ လူဝံများနှင့် ကျိုးမိသားစုအကြောင်းကိုသူ့အဘိုးအားပြောပြလိုက်သည်၊ ကောင်းဖန်ကဒီလိုအခြေအနေမျိုးနှင့်ပတ်သတ်ပြီး ဘယ်လိုကိုင်တွယ်ရမလဲဆိုတာကိုရိုးရှင်းစွာဖြင့် အလေးထားခဲ့သည်၊ သူ့အဘိုးကို ကိုင်တွယ်ခွင့်ပေးပြီး အနာဂါတ်မှာဒီလိုအခြေအနေမျိုးတွေကို ဘယ်လိုကိုင်တွယ်ရမည် ဆိုတာသင်ယူနိုင်မယ်လို့တွေးသည်၊

ဇာတ်ကြောင်းကိုကြားပြီးနောက်, သူ့အဘိုးကချက်ချင်းပင် မြစ်နီလူဝံအုပ်ကိုဖမ်း၍ လှောင်အိမ်တွင်စောင့်ရှောက်ထားရန်အမိန့်ပေးလိုက်သည်၊ ထို့နောက်, ဒမ်ဘီသည် မြစ်နီလူဝံအုပ်စုတစ်စုအတွက်သာ စိတ်ပူခဲ့သည်၊

စာစဉ် ၁၁

ထို့ကြောင့်ဖြစ်နိုင်ချေရှိသော သဘောထားကွဲလွဲမှုများကိုရှောင်နိုင်ပြီး, ဒမ်ဘီ၏အကျိုးအတွက်လည်းကာကွယ် ပေးသည်။

ခေါင်းဆောင်လီနှင့်ဖြစ်ပျက်ခဲ့သည့်ကိစ္စနှင့်ပတ်သတ်၍ အဘိုး၏ထင်မြင်ချက်မှရိုးရှင်း သည်, "မင်းနောင်တရလား?"

ကောင်းဖန်ကသူ့ခေါင်းကိုယမ်းလိုက်ပြီးနောက်, ခေါင်းကိုညိတ်လိုက်သည်၊ "ကျနော်မသိဘူး"

အဘိုးကလုံးဝစိတ်ထဲမထားဘဲတောက်ပစွာရယ်မော လိုက်ပြီး, "ဒါဆိုမေးခွန်းပြောင်း ရအောင်၊ အကယ်၍ ဒီလိုမျိုးထပ်ပြီးလုပ်ရဦးမယ်ဆိုရင်, မင်းရဲ့သားရဲကိုတားမှာလား?"

စာစဉ် ၁၁

ဒီတစ်ကြိမ်တော့, ကောင်းဖန်ကပြတ်သားစွာနှင့်ဖြေလိုက်သည်၊ “ကျနော်မလုပ်ဘူး”

ကောင်းဖန်၏နှလုံးထဲတွင်, ဒမ်ဘီကသူ့သားရဲသာလျှင်မဟုတ်, သူကသူငယ်ချင်း, သူ၏အဖော်ဖြစ်သည်၊

သူ့သူငယ်ချင်း၏အချစ်ဆုံးသူတစ်ယောက်က အန္တရာယ်ဖြစ်နေလျှင်, သူက “ဒီလက်နက်ကိုမင်းလက်ထဲကချလိုက်”လို့ပြောဖို့အတွက်ခက်ခဲသည်၊

“ဒါကမင်းအတွက်အဖြေမှန်လား?” အဘိုးကရယ်လိုက်သည်, “ကောင်လေး, မင်းက လူလိမ်ဘဲ”

စာစဉ် ၁၁

ကောင်းဖန်ကပြောစရာစကားပျောက်ရှသွားတော့သည်၊ ဒါကအဘိုးရဲ့မြေးကိုဒီလို စကားနဲ့ထုတ်ဖော်ပြောလိုက်တာပေါ့?

“ကိုယ့်ယုံကြည်ချက်ကိုစွဲစွဲမြဲမြဲကိုင်ပြီး ကိုယ်လုပ်ချင်တာကိုယ်လုပ်ပါ၊ ပြင်ပကမ္ဘာမှာ ဆိုရင်, အနည်းငယ်ပိုပြီးရက်စက်တဲ့စိတ်နဲ့ဆိုရင် မင်းကလွှမ်းမိုးခံနေရလောက်ပြီ၊ ငါကမင်းရှုံးတာထက်, တခြားသူတွေရှုံးတာပိုကြိုက်တယ်” ကျီဟာန့်ဝူကအလေးအနက်ဖြင့်သူ့မြေးကိုအကြံဉာဏ်ပေးသည်၊

သူ့အဘိုး၏စကားကိုကြားတဲ့အခါ, ကောင်းဖန်ကရုတ်တရက်သူ့ရဲ့ပင်ကိုစရိုက်က ဘယ်ကရတယ်ဆိုတာကိုသဘောပေါက်သွားတော့သည်၊

စာစဉ် ၁၁

ဖုန်းကိုချပြီးနောက်, ကျီဟာန့်ဝူက သူ့ဘေးတွင်ထိုင်နေသောဦးလေးလျိုကိုပြုံးပြလိုက်သည်၊ "ဒီမြေးကလေးရဲ့စိတ်ကတော့ ဟောင်းနေတဲ့သစ်တုံးကြီးထဲက ချပ်ပြားတစ်ချပ် ဘဲ"

ဦးလေးလျိုကမျက်လုံးပြူးသွားသည်၊ "မင်းမျက်နှာပေါ်ကအပြုံးကြီးလည်းကြည့်လိုက်ဦး၊ မင်းကအရမ်းစိတ်သဘောထားကောင်းနေတဲ့ပုံနဲ့ပြောနေပြန်ပြီ"

"မင်းဘာသိလို့လဲ? သူငါ့ကိုသဘောကျတာက ကောင်းတာပေါ့ဟ၊ သူကဘယ်သွားသွား အရှုံးပေးမှာမဟုတ်ဘူး" ကျီဟာန့်ဝူကဝမ်းသာအားရဖြင့်ရယ်မောလိုက်သည်၊

ဒမ်ဘီ၏ကိစ္စများပြေလည်သွားသဖြင့် ကောင်းဖန်သည်ယွိကျိုးသို့ပြန်သွားရန်ပြင်ဆင်ရမည်ဖြစ်

သည်၊ ဒါပေမယ့်သဘော်သားလူကြီးပြောခဲ့သည့် ဂဏန်းဘုရင်ကိုသူစိတ်ဝင် စားနေသည်၊

တိုက်ဆိုင်စွာပင်, ငါးကြင်းနီဘုရင်အတွက်ယစ်ပူဇော်ရန်အတွက် ရက်အနည်းငယ်သာ လိုတော့သည်၊ ထို့ကြောင့်ကောင်းဖန်သည်ဤဒဏ္ဍာရီဆန်သော ငါးကြင်းနီဘုရင်ကို ကြည့်ရန်လီကျိုးတွင်ဆက်လက်နေထိုင်နေခဲ့သည်၊ပြီးေ ော့ animeထဲကသားရဲတွေနဲ့ တူလားဆိုတာကြည့်ရမည်ဖြစ်သည်၊

အခန်းထဲမှာတော့, သေးငယ်တဲ့မြစ်နီလူဝံမလေးက ဖြည်းညင်းစွာနှင့်သတိပြန်လည်လာသည်၊

အားအင်ချည့်နဲ့စွာဖြင့်သူမမျက်လုံးတွေကိုဖွင့်လိုက်ေ ော့, စိမ်းသက်နေသည့်

စာစဉ် ၁၁

ပတ်ဝန်းကျင်တွင်သူမရောက်နေတာကိုတွေ့လိုက်ရသည်၊ သူမ၏ပထမဆုံး တုန့်ပြန်မှုကတော့ထိတ်လန့်တကြားအော်ဟစ်လိုက်ခြင်းဖြစ်သည်၊

ထို့နောက်အသံကြားသဖြင့်ဒမ်ဘီကအခန်းထဲသို့ဝင်လာသည်၊ သူမက ဒမ်ဘီကိုမြင်သည်နှင့်သူမ၏အသံကတဖြည်းဖြည်းပျော့လာတော့သည်၊

ဒမ်ဘီကလူဝံငယ်လေး၏ဘေးတွင်ထိုင်ကာမြစ်နီလူဝံစကားဖြင့်သူ့သမီးအား နှစ်သိမ့်ပေးနေသည်၊ သူမကအစပိုင်းကတော့ထိတ်လန့်သွားပြီးယုံရခက်နေသည်၊ ထို့နောက်မှာတော့သံသယဖြစ်မှုတွေကတဖြည်းဖြည်းပြောင်းလဲလာတော့သည်၊

စာစဉ် ၁၁

နောက်ရက်အနည်းငယ်ကြာတော့လူဝံငယ်လေးသည် ဒမ်ဘီသွားရာနောက်ကို အရိပ်လိုမျိုးလိုက်နေတော့သည်၊
သူဘယ်သွားသွားသူနှင့်အတူရှိသည်၊
သူမ၏လက်တွေက
ဒမ်ဘီ၏လည်ပင်းတွင်ရစ်ပတ်ထားသည်၊

ထိုရက်အနည်းငယ်အတွင်းမှာ
ကျောက်ကျင်းလျှန်သည့်လည်း ကောင်းဖန်ကိုရှာရန်
ရောက်လာသည်၊ သူကကောင်းဖန်အတွက်
မိန်းကလေးများရှာဖွေပေးရန်ဆက်၍ ကြိုးစားခဲ့သည်၊
သို့သော်လည်းဝမ်းနည်းစရာမှာ
ကောင်းဖန်ကထိုအရာတွေကို
စိတ်မဝင်စားဘဲရိုးရိုးရှင်းရှင်းငြင်းဆိုခဲ့သည်၊

စာစဉ် ၁၁

နံနက်ခင်းတွင်အဝတ်အစားလဲပြီးနောက် ကောင်းဖန်သည်အစင်းလေးပေါ်တွင်တက်စီးပြီး ကျန်သောသူ၏သားရဲများကိုခေါ်ကာ သဲနီမြစ်တစ်လျှောက်ရေစုန်အတိုင်းသွား လိုက်သည်၊ သူတို့ရေစုန်အတိုင်းသွားတော့, သဲနီမြစ်သည်ပို၍ကျယ်ပြန့်လာပြီး တဖြည်းဖြည်းချင်းစီးဆင်းသွားသည်၊ သေချာတာပေါ့, ရေကတော့ပိုနက်လာတယ်၊

မြစ်ကမ်းတစ်လျှောက်တွင်ဘတ်စ်ကားကြီးများနှင့် ကားသေးအမြောက်အများရှိသည်၊ အချို့သောသူများသည် ငါးကြင်းနီကိုရိုးရိုးရှင်းရှင်းကြည့်ချင်ကြသောခရီးသွားများဖြစ်ကြသော်လည်း

ယဇ်ပူဇော်ရန်ပြင်ဆင်နေကြသည့်ဧည့်သည်များပိုများသည်၊

ယဇ်ပူဇော်မှုအားလုံးကို အထူးပြုပုဂ္ဂိုလ်များကစီစစ်ပြီးမှတ်တမ်းတင်ခဲ့သည်၊ လှူဒါန်းမှုအဆင့်ကိုဆုံးဖြတ်ရန် ယဇ်ကောင်၏အဆင့်နှင့်အဆင့်ကိုအသုံးပြုထားသည်၊

နောက်ဆုံးတော့, ငါးကြင်းနီဘုရင်ကချီးမြှင့်သောအကြေးခွံအရေအတွက်နှင့် လူတစ်ဦးချင်းစီ၏ပံ့ပိုးကူညီမှုအဆင့်အလိုက်အကြေးခွံများကိုခွဲပေးသည်၊ ထိုအရာသည်ပွဲကိုစီမံခန့်ခွဲရန်အတော်လေးတရားမျှတသည့်နည်းလမ်းတစ်ခုဟု ထင်ရသည်၊ နောက်ဆုံးတွင် ငါးကြင်းနီဘုရင်သည်ပျံကျဈေးသည်လိုမျိုးလုပ်ဆောင်

လို့ မရဘဲ ယဇ်ပူဇော်ခြင်းအတွက်၎င်း၏အကြေးခွံများကို တစ်ခုပြီးတစ်ခုသာလဲလှယ်နိုင် သည်၊

ကေရာဇ်အဆင့်သားရဲအနေဖြင့် ထိုသို့ပြုလုပ်ရန်အတွက်အချိန်မရှိသလို, ပိုပြီး အရေးကြီးသည်က, သူကစိတ်မရှည်ပေ၊

မကြာခင်မှာဘဲ, ယဇ်ပူဇော်ရန်အတွက်အချိန်ကျရောက်လာပြီဖြစ်သည်၊ ကြီးမားသော ရေဝဲကမြစ်၏အလယ်တွင်ပေါ်လာသည်၊ ရေဝဲ၏အလယ်တွင်, ကြီးမားသော အနီရောင်ပုံရိပ်ကဖြေးညင်းစွာပေါ်ထွက်လာသည်၊

၎င်း၏အနီရောင်ကျောပြင်က သေးငယ်သောကုန်းတက်လေးတစ်ခုလိုပင်ဖြစ်နေသည်၊ ၎င်း၏နီညိုရောင်ကျောပြင်ရှိဆူးတောင်က မျက်နှာပြင်ကိုခွဲထွက်လာကာ, တောက်ပ

စာစဉ် ၁၁

သောအနီရောင်အကြေးခွံများက

မှန်များကဲ့သို့ချောမွေ့တောက်ပြောင်နေသည်၊

မြင်ကွင်းတစ်ခုလုံးက

မြစ်လယ်မှာကျွန်းသေးသေးလေးတစ်ခုပေါ်လာသလိုပင်ြ

ြစ် သည်၊

[မကောင်းဆိုးဝါးအမည်]–သဲနီငါးကြင်းသွေးနဂါး

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၄၄ (ကေရာဇ်အဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း]–

ပြီးပြည့်စုံသောအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]–ရေ

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–

ရေထိန်းချုပ်နိုင်ခြင်းအဆင့်၃, မာကြောသောအကြေးခွံ

အဆင့်၂

စာစဥ် ၁၁

သဲနီငါးကြင်းသွေးနဂါး၏မျက်လုံးများက အရမ်းတောက်ပသည်၊ ရေမျက်နှာပြင်ပေါ်တက်လာပြီး ပထမဆုံးလုပ်တာကတော့ မြစ်ကမ်းပါးယံတွေကိုကြည့်ဖို့ဖြစ်သည်၊ ၎င်း၏ ပါးစပ်သည် “ဂူလူး,ဂူလူး”ဖြင့်တပွက်ပွက်မြည်နေသည့်အသံကိုပြုလုပ်နေသည်၊

ကမ်းပါးယံပေါ်မှလူများကလျှင်မြန်စွာဖြင့်ပြင်ဆင်ထားသည့် ယဇ်ကောင်များကို ကမန်းကတန်းပြကြသည်၊

ယဇ်ပူဇော်ကောင်များကိုမြင်လိုက်ရသဖြင့်, သဲနီငါးကြင်းသွေးနဂါး၏မျက်လုံးများသည် မီးမောင်းနှစ်ခုကဲ့သို့ပိုမိုတောက်ပလာသည်၊

၎င်းကသူ၏ပါးစပ်ကိုကျယ်ကျယ်ဖွင့်လိုက်သည်၊ ယဇ်ပူဇော်ပွဲများပတ်လည်တွင် ရေများသည်

စာစဉ် ၁၁

တိုင်နှစ်တိုင်ကိုရစ်ပတ်လာပြီးမြစ်ရေများကမျက်နှာပြင်ေ
ေါ်သို့ပေါက် ထွက်လာသည်၊ ထိုကဲ့သို့ပင်
ယဇ်ပူဇော်မှုများကိုမြစ်ရေထဲသို့ဆွဲငင်သွားတော့သည်၊

ကောင်းဖန်သည်၎င်း၏ကျွမ်းကျင်မှုကိုပြသသည့်ဧ
ကရာဇ်အဆင့်သားရဲမျိုးကို
ပထမဆုံးတွေ့မြင်ဖူးတာဖြစ်သည်၊
ရေအပေါ်ထိန်းချုပ်မှုအဆင့်သည်
ကောင်းဖန်၏အူအတွင်းထဲ ထိတုန်လှုပ်သွားခဲ့သည်၊
ဒဏ္ဍာရီထဲကနတ်ဆိုးတွေလိုပင်၊

ပါးစပ်ကိုကျယ်လောင်စွာဖွင့်လိုက်ပြီး,
(သဲနီငါးကြင်းသွေးနဂါးရဲ့ပါးစပ်က
တကယ်ကိုကျယ်ပါတယ်)
၎င်းကသူ၏ဗိုက်ထဲသို့ယဇ်ကောင်များအားလုံးကိုမြိုချလို
က် သည်၊

စာစဉ် ၁၁

ဒီတစ်ခါပေးဆပ်မှုအတွက်
အရမ်းကျေနပ်နေသလိုမျိုး သဲနီငါးကြင်းသွေးနဂါးက
လူတွေလိုမျိုးခေါင်းညိတ်လိုက်သည်၊

ငင်းသည်ငင်း၏ပါးစပ်မှကြီးမားသောပူဖောင်းကိုမှု
တ်ထုတ်ပြီးနောက်
မြစ်၏နက်သည့်နေရာသို့ဆင်းသွားတော့သည်၊
ပူဖောင်းများကရေမျက်နှာပြင်ပေါ်တွင်ပေါလောပေါ်နေပြ
ြီး နောက်ဆုံးတွင်
ကျယ်လောင်သောလေသံနှင့်အတူမြစ်ကမ်းပါးသို့ဖြည်း
ညင်းစွာ ရောက်လာကြသည်၊
အနီရောင်ဖျော့ဖျော့အကြေးခွံတန်းများကိုမြစ်ကမ်းပါးယံ
ပေါ်တွင် သေသပ်စွာစီတန်းထားသည်၊

သဘော်သားများနှင့်
စီးပွားရေးသမားများ၏မျက်နှာများသည်ပြုံးပျော်နေပြီး,

စာစဥ် ၁၁

ကြည့်ရတာ
ဒီတစ်ခါပြန်ပို့သည်ကအတော်ကောင်းသည်ထင်သည်၊

ဆိုတော့, ဒါကကေရာဇ်အဆင့်သားရဲပေါ့၊

သဲနီငါးကြင်းသွေးနဂါးအပေါ်တွင်ကြောက်ရွံ့မှုနှင့်ေ
ေးစားမှုတို့ကို မြင်တွေ့ရပြီး
ယခုသူတို့ရရှိထားသောကြောင့်ကြည်နူးနေသည့်ပုံစံကို
တွေ့ရသည့်အခါတွင်
ကောင်းဖန်သည်နောက်ဆုံးတွင်ကေရာဇ်အဆင့်သားရဲမျ
ားအကြောင်းကိုပိုမိုနက်ရှိုင်း
စွာနားလည်လာတော့သည်၊

ဒါဆိုအဘိုးရဲ့ကေရာဇ်အဆင့်သားရဲကဘယ်လိုသား
ရဲမျိုးဖြစ်မလဲ? ကောင်းဖန်က
ယွိကျိုးသို့အမြန်ပြန်ချင်နေပြီဖြစ်သည်၊

## စာစဉ် ၁၁

ရှိုင်းသောကေရာဇ်အဆင့်သားရဲကိုအနီးကပ်မတွေ့နိုင်ပေမယ့်, အနည်းဆုံးမိသားစုပိုင်ဖြစ်သည့်သားရဲကိုတော့ထိနိုင်သည်မဟုတ်ပါလား?

***

စာစဉ် ၁၁

# *အပိုင်း၁၇၆ ရေနဂါးဖြူ*

ကောင်းဖန်ကယွိကျိုးသို့ပြန်ရောက်ချိန်တွင် နောက်နေ့တောင်ရောက်နေပြီဖြစ်သည်၊

ကြောက်မက်ဖွယ်ပင့်ကူမသည် လွန်ခဲ့တဲ့တစ်ပတ်က ယွိကျိုးမြို့ကိုလေယာဉ်ဖြင့် ရောက်ပြီးဖြစ်သည်၊ အဘိုးကအလွန်ပျော်ရွှင်နေပုံရပြီး ကောင်းဖန်ကကောင်းမွန်တဲ့ အပေးအယူကိုချီးကျူးခဲ့သည်၊

အဘိုး၏အိမ်တွင်ရေကန်ငယ်တစ်ခုရှိသည်၊ ၎င်းကသိပ်မကြီးသလိုကြည့်ရတာသဘာဝ မဟုတ်ဘဲလူလုပ်ဖြစ်ပုံရသည်၊

စာစဉ် ၁၁

ရေကန်ဘေးသည်ဖွင့်ထားပြီး အတားအဆီးမရှိ,လေကလည်းသန့်ရှင်းပြီးလန်းဆန်းသည်၊ အဆုံးမရှိသောအပြာရောင်ကောင်းကင်အဖြူရောင်တိမ်တိုက်တို့က ရေကန်၏မျက်နှာပြင်ပေါ်တွင်ရောင်ပြန်ဟပ်နေသည်၊ မျက်နှာပြင်ကတည်ငြိမ်နေပြီး လှိုင်းဂရက်တစ်ခုလေးတောင်မရှိဘဲ, ၎င်းကနက်ရှိုင်းစွာအိပ်ငိုက်နေသလိုမျိုးပင်ဖြစ်နေ သည်၊

ရေကန်ဘေးရှိမြက်ခင်းပြင်တစ်လျှောက်တွင်ခုံတန်းလေးတွေရှိသည်၊ ငါးမျှားတံများကို ရေကန်ဘေးတွင်ချထားပြီး, ငါးစာပါသောငါးမျှားချိတ်ကိုရေကန်အောက်ဘက်သို့ ချထားသည်၊

စာစဉ် ၁၁

ဒီမြင်ကွင်းသည် တစ်ချိန်တည်းတွင်အလွန်ကျေနပ်စရာကောင်းပြီး အေးချမ်းလှသည်၊

ထိုမျှလှပသောရေကန်ကသူ့မိသားစုကပိုင်တာဖြစ်ေ ေကြောင့် ကောင်းဖန်ကရေကူး ဘောင်းဘီကိုအိပ်ခန်းထဲထိတောင်ပြန်မလဲနိုင်တော့ပေ၊ အခုလိုပူပြင်းသောနွေရာသီ တွင်ရေချိုးဖို့အတွက်ရေကန်မှာရေစိမ်တာက အရမ်းသက်တောင့်သက်သာဖြစ်မှာ သေချာသည်၊

ကောင်းဖန်သည်ရေကန်ထဲသို့ပျော်ရွှင်စွာခုန်ဆင်းလိုက်ေ ော့ အေးမြတဲ့ရေအိုင်မှ ရေတွေကသူ့ကိုရစ်ပတ်လိုက်သည်၊

စာစဉ် ၁၁

ထို့နောက်, ကောင်းဖန်ကရေမျက်နှာပြင်မှသူ့ကိုယ်သူ မြင့်သထက်မြင့်, မြင့်သထက်မြင့်ဖြစ်လာတာကို တွေ့လိုက်ရသည်၊

ထွက်သွားစမ်း!?

ကောင်းဖန်ကရုတ်တရက်သူ့ဘေးသို့ကြည့်လိုက်သည်, ဒါပေမယ့်သူကမလှုပ်နိုင်တာ ကိုတွေ့လိုက်ရသည်၊ သူအောက်ကိုငုံ့ကြည့်လိုက်ပြီးနောက် ရှင်းလင်းနေသော ရေကန်၏ရေသည်ကြိုးတစ်ချောင်းလိုမျိုးပြောင်းသွားပြီး သူ့ကိုတင်းကြပ်စွာဖြင့် ချည်နှောင်လိုက်သည်၊ ရေအတွင်းမှကြိုးသည် ရေကန်၏မျက်နှာပြင်မှတက်လာပြီး ကောင်းကောင်အထက်သို့ဆွဲခေါ်သွားသည်၊

ပြင်းထန်သောအလေးချိန်ကသူ့ကိုပတ်ရံထားပြီး ကောင်းဖန်ကခဏလောက်အံ့အား သင့်သွားသည်၊

စာစဉ် ၁၁

ရေကန်ကအသက်ဝင်လာတာလား?

ကောင်းဖန်ကကျယ်လောင်စွာအော်လိုက်သည်,

“ဖလိမ်မီ,ဖလိမ်မီ”

သူကရေကန်မှအထက်တွင် ပေ၄၀ ဒါမှမဟုတ်

၅၀လောက်မြင့်နေပြီမှန်း သူတွေ့လိုက် သည်၊

အကယ်၍သူသာဒီလိုအမြင့်ကပြုတ်ကျလို့ကတော့,

ကွန်ကရစ်ပေါ်ပြုတ်ကျတာ

ထက်အများကြီးကွာခြားမှာမဟုတ်ပေ၊

အကယ်၍သွေးစာချုပ်ကြောင့်

အနာတရမဖြစ်ဘဲပေါ်လာရင်တောင်, အဲ့တာကတော့

နာနေဦးမှာဖြစ်သည်!

ဗီလာ၏အတွင်းထဲတွင်တော့,

ဖလိမ်မီကအချက်ပြမှုကိုရရှိပြီး ပျံထွက်လာသည်၊

၎င်းကကြောက်ရွံ့မှုတို့နှင့်

စာစဉ် ၁၁

ရေကန်၏အောက်ဖက်သို့ကြည့်လိုက်ပြီးနောက်,
ကြောက်ရွံ့မှုကိုကျော်လွှားကာ
ကောင်းဖန်ဆီသို့ရဲရင့်စွာဖြင့်ပျံသွားလိုက်သည်၊

"နဂါးဖြူ!" ဗီလာ၏ဒုတိယထပ်တွင်,
ကျီဟန့်ဝူကအိမ်ဝရန်တာမှထွက်၍ရေကန်
ဦးတည်ရာဘက်သို့ကြည့်ကာ သူ့ခေါင်းကိုယမ်းပြသည်၊
"သူကမင်းရဲ့သခင်လေးဘဲ, ညင်ညင်သာသာပဲဆော့။"

ထို့နောက်ကောင်းဖန်သည်သူ၏အထက်သို့တက်နေခြင်း
က ဖြေးဖြေးချင်းနိမ့်သွား တော့သည်၊
သူ၏အောက်တွင်တော့,
ရေတွေကကန်ထဲသို့ပြန်ကျသွားသည်၊ ထိုအချိန်တွင်,
ဖလိမ်မီသည်ကောင်းဖန်ဘက်သို့ပျံသန်းသွားပြီဖြစ်သည်၊
ကောင်းဖန်
သည်ဖလိမ်မီ၏ခြေထောက်ကိုဆုပ်ကိုင်လိုက်ပြီး

စာစဉ် ၁၁

စက်မဲ့လေယာဉ်ဖလိမ်မီကိုစီးကာ

ရေကန်ဘေးသို့ဘေးကင်းစွာနှင့်ရောက်သွားတော့သည်၊

တုန်ယင်စွာဖြင့်ကောင်းဖန်က လှည့်လိုက်ပြီး,

ရေကန်၏နက်ရှိုင်းသောအပိုင်းသို့ ကြည့်လိုက်သည်၊

တည်ငြိမ်နေသောရေကန်ကရုတ်တရက်တပွက်ပွက်မြည်

လာပြီးကြီးမားသော

အနက်ရောင်အရာကြီးကဖြေးညင်းစွာဖြင့်မျက်နှာပြင်ပေ

ါ်သို့ရောက်လာသည်၊

မြွေကြီးလား?!

ဒီလိုမျိုးမြွေကြီးတစ်ကောင်က

သူရေကူးနေတဲ့ရေကန်အောက်မှာပုန်းနေမှန်းသိလိုက်

တာကြောင့်ကောင်းဖန်၏ပါးစပ်ထောင့်စွန်းတွေကတွန့်

လိမ်သွားသည်၊ သူကြည့်ရတာ

မီတာတစ်ထောင်လောက်ရှည်သည့်ပုံရသည်၊

စာစဉ် ၁၁

ဒါပေမယ့်ချက်ချင်းဆိုသလိုဘဲ ကောင်းဖန်ကသူဒီထက်ပိုပြီးမမှားနိုင်ဘူးဆိုတာသိလိုက်သည်၊ ဒါကမြွေကြီးမဟုတ်ဘူး၊

နှင်းဖြူရောင်ခေါင်းက ရေမျက်နှာပြင်ပေါ်မှပေါ်ပေါက်လာပြီး ခန္ဓာကိုယ်၏ အစိတ်အပိုင်းအများစုကရေကန်ထဲတွင်ဝှက်ထားဆဲဖြစ်သည်၊ ရေများကငင်း၏ ခေါင်းဘေးဘက်မှတစက်စက်ကျနေပြီး,ငင်း၏လည်ဆံမွေးများသည် ငင်း၏လည်ပင်း နှစ်ဖက်တွင်ကပ်နေသည်၊ ကြီးမားသောရေစက်များကကျလာသည်၊ ငင်း၏နှာခေါင်းကို ပွလိုက်ကာနှာမှုတ်လိုက်တော့အခိုးအငွေ့များထွက်လာသည်၊ လည်ပင်းမှာကပ်နေ သောလည်ဆံမွေးကရုတ်တရက်ယမ်းလိုက်တော့အမှုန်အမွှားများကလေထဲတွင် ဖြန်းကနဲဖြစ်သွားသည်၊

## စာစဉ် ၁၁

လည်ဆံမွှေးများသည်လေထဲတွင်လွင့်မျောကာချောမွေ့ေ
ော အသွင်အပြင်ကိုပြန်လည်ရရှိလာသည်၊

ရေကန်အောက်တွင် ပုန်းနေသည့်သတ္တဝါမှာ
ရေနဂါးဖြစ်ကြောင်းထင်ရှားသည်၊

ကောင်းဖန်ကမနေ့ကသူပြောခဲ့တဲ့စကားတွေကိုသတိရ
သွားပြီး မေးရိုးတွေအောက်သို့ ပြုတ်ကျသွားတော့သည်၊
အဘိုးမှာတကယ်ကိုနဂါးတစ်ကောင်ရှိနေတာဘဲ၊

၎င်းကရေနေနဂါးဖြစ်နေသော်လည်း,
၎င်းကနဂါးဖြစ်နေဆဲဟုမှတ်ယူနိုင်သည်၊

ကောင်းဖန်ကရုတ်တရက်ဟွားရှား၏ရှည်လျားသောသမို
င်းကြောင်းမှဆင်းသက်လာ
သည့်ဒဏ္ဍာရီမျိုးစုံကိုတွေးမိသွားသည်၊
ယခုသူကရေနဂါးတစ်ကောင်ကိုတွေ့လိုက် ရတော့
သရဲတွေ,

နတ်သမီးတွေ,ဖီးနစ်တွေ,ချီလင်တွေနဲ့တခြားသတ္တဝါတွေက ဒဏ္ဍာရီသာမဟုတ်ဟုဆိုလိုသည်လား?

ထိုသို့သောအယူအဆကြောင့်
ကောင်းဖန်သည်ယခုထိရှုးကြောင်ကြောင်ဖြစ်နေသော
ဖလိမ်မီကိုကြည့်လိုက်သည်၊
ဖလိမ်မီကဘာမှသတိမထားမိဘဲလက်ရှိတွင်
ရေကန်ဘေးခုံတန်းတွင်နေကာ
စားပွဲပေါ်မှသစ်သီးများကိုစားနေသည်၊

ရှေးအရင်ချိန်တွေတုန်းက,
ကြိုးကြာငှက်ကဲ့သို့ငှက်မျိုးရှိပြီး, ခြေထောက်တစ်ဖက်,
အနီရောင်အမှတ်အသားများ,
အစိမ်းရောင်ခန္ဓာကိုယ်,နှင့်အဖြူရောင်နှုတ်သီး၊
၎င်း၏နာမည်ကပိုင်ဖုန်း၊
၎င်း၏နာမည်သည်၎င်း၏နာမည်ဖြင့်တူညီပြီး,
၎င်းပေါ်လာ

သည့်နေရာတွင်ထူးဆန်းသောမီးလောင်မှုများဖြစ်ပွားခဲ့သည်၊

၎င်း၏ပုံစံကကြိုးကြာလို, ၎င်း၏ခြေထောက်တစ်ဖက်,ပြီးတော့သူကမီးမှုတ်နိုင်တယ်၊ ဖလိမ်မီကဒဏ္ဍာရီထဲက ဒဏ္ဍာရီလာငှက်နှင့်ဆင်တူနေပြီးဖြစ်သည်၊

ဒါပေမယ့်... ဒဏ္ဍာရီထဲက, ပိုင်ဖုန်းကဒီလောက်မဝလောက်ဘူးမလား, ဟုတ်တယ်မလား?

ကောင်းဖန်ကဒုတိယတစ်ကြိမ်ဖလိမ်မီကိုကြည့်လိုက်သည်၊

ဖလိမ်မီကသူ့သခင်သူ့ကိုကြည့်နေတာကိုသတိထားမိသွားသည်၊ ကောင်းဖန်က ထူးဆန်းသည့်အကြည့်ကိုပေးနေသောကြောင့်ဖလိမ်မီ

စာစဉ် ၁၁

ကကောင်းဖန်ကိုဒေါသတကြီး

စိုက်ကြည့်ကာကျယ်လောင်စွာအော်လိုက်သည်၊

ဘာကိုကြည့်နေတာလဲ? ငါကဝတုတ်ကောင်ဘဲ!

အဲ့တော့ ဘာဖြစ်လဲ!

မင်းကငါ့ဝတာကိုမကြိုက်ဘူးလား?

ကောင်းဖန်ကဘာမှကိုပြန်မပြောတော့ပေ၊ဖက်တီးကို

အနှောက်အယှက်မပေးဘဲ

အဝေးကိုသာကြည့်လိုက်သည်၊

သူ့ရဲ့သားရဲတွေကနေ့စဉ်နဲ့အမျှပိုပြီးသဘောထားကြီးလ

ာကြသည်၊

ဖလိမ်မီသည် လက်ရှိတွင်ဒဏ္ဍာရီလာငှက်ပိုင်ဖုန်းနှင့်

တော်တော်လေးဝေးနေသေး

သော်လည်းငင်းသည်ထိုလမ်းကြောင်းအတိုင်းပြောင်းလဲ

နေပုံရသည်၊

စာစဉ် ၁၁

သူလှည့်ကြည့်လိုက်တော့ ရေကန်ထဲမှနဂါးကြီးက ရေကန်းစပ်မှတက်လာပြီး သတိမထားမိစွာဖြင့်လှဲလျောင်းနေတာကိုတွေ့လိုက်ရသည်၊ ၎င်း၏ခန္ဓာကိုယ်တစ်ဝက် သည်ရေကန်စပ်တွင်ရှိပြီး နောက်ခန္ဓာကိုယ်တစ်ဝက်ကရေအောက်တွင်ရှိသည်၊ မြေပြင်ပေါ်၌ပျင်းရိစွာဖြင့်လူးလိမ့်နေသည်၊

၎င်း၏ကြီးမားသောခန္ဓာကိုယ်ကြီးနှင့်,ရေမျက်နှာပြင်ပေါ်တွင်ရှိနေသောအစိတ်အပိုင်းများသည် ကြည့်လိုက်လျှင်ကြောက်ဖို့ကောင်းလှသည်၊ ဒါပေမယ့် ၎င်း၏လှုပ်ရှားမှုများ ကကောင်းဖန်အတွက်စိတ်လှုပ်ရှားစရာကောင်းလှသည်၊ ဆန့်ထုတ်ပြီး ပွတ်ပစ်လိုက် ချင်စိတ်ကတားမရအောင်ဖြစ်နေသည်၊

သူအရင်ကရေနဂါးကိုတစ်ခါမှမထိတွေ့ဖူးပေ၊ ရေနဂါးကိုထိဖူးသောကမ္ဘာပေါ်ရှိ

လူအရေအတွက်ကိုလည်းလက်တစ်ဖက်တည်းဖြင့်ရေတွ
က်နိုင်လောက်သည်၊

[မကောင်းဆိုးဝါးအမည်]–ရေနဂါးဖြူ

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၅၀(ကေရာဇ်အဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း]–ပြီးပြည့်စုံခြင်းအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–တိမ်/ရေ

[မကောင်းဆိုးဝါးအခြေအနေ]–
ကျန်းမာ(ချစ်စရာကောင်းအောင်သရုပ်ဆောင်နေခြင်း)

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]–
ရေထိန်းချုပ်ခြင်းအဆင့်၄, တိမ်ထိန်းချုပ်ခြင်း
အဆင့်၄,မာကျောသောအကြေးခွံအဆင့်၃

[ထူးခြားသောစရိုက်လက္ခဏာများ]–
တိမ်လမ်းလျှောက်ခြင်း, မိုးသံချပ်ကာ
(သက်ရောက်မှုဒုတုန်လှုပ်မှုမရှိသောကျွမ်းကျင်မှုများ–

စာစဉ် ၁၁

တိမ်များ,မြူများ သို့မဟုတ်
တိမ်အမျိုးအစားပတ်ဝန်းကျင်တွင်ရေနဂါး၏လျင်မြန်မှုနှင့်အရှိန်သည်ကောင်းမွန်စွာ တိုးတက်သည်၊

သက်ရောက်မှု၂ တုန်လှုပ်မှုမရှိသောကျွမ်းကျင်မှုများ–ရေကန်များ,မြစ်များ, မုန်တိုင်း များ,သို့မဟုတ်ရေအစုအဝေးနှင့်ရေအမျိုးအစားပတ်ဝန်းကျင်များတွင်ရေနဂါး၏
အကြေးခွံများနှင့်လက်သည်းများသည်ပို၍မာကျောလာပြီးပို၍စွမ်းအားပြည့်လာသည်၊)

မှတ်ချက်;အကျိုးသက်ရောက်မှုများကိုထပ်စုစည်းနိုင်သည်၊

[ထူးခြားအဆင့်သို့မြှင့်တင်ရန်လိုအပ်ချက်များ]–၁–စစ်မှန်သောသွေးဆင့်ကဲဖြစ်စဉ်,
၂_ကပ်ဘေးဆင့်ကဲဖြစ်စဉ်, ၃–ရေအမျိုးအစားဆင့်ကဲဖြစ်စဉ်...

စာစဉ် ၁၁

ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းများစွာမရှိခဲ့သော်လည်း
စုစုပေါင်းဆင့်ကဲဖြစ်စဉ်ငါးခုရှိ သည်၊
သားရဲ၏အဆင့်တိုးလာသည်နှင့်အမျှဆင့်ကဲဖြစ်စဉ်အရေ
အတွက်လျော့နည်း
လာမည်ဖြစ်ကြောင်းကောင်းဖန်သဘောပေါက်လိုက်သ
ည်၊

ထိုသို့ဖြစ်သော်ငြားလည်း ဆင့်ကဲဖြစ်စဉ်ငါးမျိုးမှာ
အတော်အတန်ထည့်သွင်းစဉ်းစား နိုင်သေးသည်၊

ကောင်းဖန်ကဒေတာဇယားတွင်ဖော်ပြထားသောလမ်းေ
ြ ကောင်းများမှလွဲ၍
အခြားသောဆင့်ကဲဖြစ်စဉ်လမ်းကြောင်းများရှိနိုင်ခြေကို
လည်းထည့်၍စဉ်းစားခဲ့သည်၊

သို့သော်ထိုအရာများကိုလက်တွေ့ကျကျမစဉ်းစားမီသူသွ
ားရမည့်လမ်းကြောင်းမှာ
အတော်လေးဝေးကွာလွန်းသေးသည်၊

စာစဉ် ၁၁

ကောင်းဖန်သည်ဆင့်ကဲဖြစ်စဉ်ငါးမျိုးစီအတွက်လိုအပ်ေ
ေပစ္စည်းများကိုမှတ်သားရန်
သတိထားလိုက်ပြီးနောက်,
အခွင့်အရေးရသောအခါအချက်အလက်များကို
အဘိုးအား လွှဲပြောင်းပေးရန်ပြင်ဆင်မည်ဖြစ်သည်၊

ရေနဂါးဖြူသည်ကောင်းဖန်တွေ့ဆုံဖူးသောသားရဲများထဲ
တွင် အဆင့်အမြင့်ဆုံးဖြစ်
သည်၊ကောင်းဖန်သည်မဟာမိတ်လုပ်ထားသောလူဖြစ်
တာကြောင့်
ရေနဂါးဖြူသည်၎င်း၏အသွင်အပြင်ကိုအပြည့်အဝထိန်း
ထားသည်၊ ဒီအချိန်မှာတော့ ၎င်းကနူးညံ့ပုံရသည်၊

ဒီသားရဲ၏ထူးခြားသောစရိုက်လက္ခဏာထဲတွင်
အကုန်လုံးကတုန့်လှုပ်မှုမရှိသော
ကျွမ်းကျင်မှုများဖြစ်ပြီး,
တစ်ခုမှာ၎င်း၏အရှိန်နှင့်သွက်လက်မှုကိုတိုးမြှင့်ပေးခြင်း,

စာစဉ် ၁၁

နောက်တစ်ခုကတော့ ၎င်း၏အကြေးခွံများနှင့်လက်သည်းများ၏မာကျောမှုစွမ်းအား ကိုတိုးမြှင့်စေခြင်းတို့ဖြစ်သည်၊

ဆိုလိုသည်မှာ,ရေနဂါးဖြူ၏ရုပ်ပိုင်းဆိုင်ရာစွမ်းရည်များသည်လုံးဝကိုကြောက်စရာ ကောင်းလှသည်၊

ကောင်းဖန်ကဆက်လက်လုပ်ဆောင်ရန်ရည်ရွယ်သည်၊ သူကငင်းသတိမထားမိသည့် အချိန်တွင်နဂါးကိုထိရန်အတွက်ရှေ့သို့လက်မအနည်းငယ်လောက်ရွှေ့လိုက်သည်၊

နှစ်ခုစလုံးတွင်,နဂါးသွေးများပါဝင်တာကြောင့်, ရေနဂါးဖြူသည်သေချာပေါက်ကို သဲနီဂဏန်းသွေးနဂါးကိုအဆင့်နှင့်စွမ်းရည်များနှစ်ခုလုံးပြ ြင့်ဖိနှိပ်နိုင်မည်ဖြစ်သည်၊

စာစဉ် ၁၁

သူနီးကပ်လာသည်နှင့်အမျှ ရေနဂါးဖြူသည်မြက်ခင်းပြင်ပေါ်တွင် ပျင်းရိစွာဖြင့် ဖြဲကားနေရင်းရုတ်တရက်မျက်လုံးဖွင့်ကာလှည့်ကြည့်လိုက်သည်၊ ကြီးမားသော နဂါးမျက်လုံးများသည်ကောင်းဖန်ကိုတိုက်ရိုက်စိုက်ကြည့်နေပြီး သူ၏လျှို့ဝှက်စွာဆန့်တန်းထားသောလက်များကလေထဲတွင်ကို့ရို့ကားရားဖြစ်နေတော့သည်၊

ထိုအခိုက်အတန့်တွင်အကြံဉာဏ်တစ်ခုရလာပြီး ကောင်းဖန်သည်ဆွဲဆန့်သလိုမျိုး သူ၏ညာလက်ကိုဆန့်ထုတ်လိုက်သည်၊

သူကနဂါးဖြူကိုနောင်တများစွာဖြင့်ကြည့်လိုက်သည်၊ ကြည့်ရတာအခုနဂါးကိုပွတ်ဖို့ အခွင့်အရေးမရှိသေးဘူးနဲ့တူတယ်၊

စာစဉ် ၁၁

***

စာစဉ် ၁၁ ပြီး၏။